


သိန်းမင်းစာပေ

လုံးချင်းဝတ္ထုသစ်

# ပုရာလျှန်း60

# မဝေးချင်တော့ဘူး

ပန်းချီ သိန်းရွှေကြည် 2008

စာမူခွင့်ပြုချက်အမှတ်   ၅၀၁၂၈၉၁၀၀၇

မျက်နှာဖုံးခွင့်ပြုချက်   ၅၀၁၄၄၁၁၂၀၇

❐

ပထမအကြိမ်၊ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီ

အုပ်ရေ ၅၀၀

❐

**အဖုံးပန်းချီ**

သိန်းရွှေကြည်၊ Sun

❐

**ထုတ်ဝေသူ**

ဦးကိုကိုမြင့် (သိန်းမင်းစာပေ)

အ[illegible] ၆၃၊ [illegible]ဘာလမ်း၊ ကျောက်မြောင်း

တာမွေ။

❐

**အတွင်းပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)

၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

**အဖုံးပုံနှိပ်သူ**

ဦးကျော်စိန် (ကျောက်စိမ်းအော့ဖ်ဆက်)

၁၇၁၊ ၃၃ လမ်း၊ ကျောက်တံတားမြို့နယ်။

❐

**တန်ဖိုး ၁၀၀ ကျပ်**

❐

**ကွန်ပျူတာ**

**Dream City**

# မဝေးချင်တော့ဘူး

## မိုဇာလျှန်းဝေ

မည်သူ့ကိုမျှ မရည်ရွယ်ပါ။ အမှားအယွင်းနှင့် တိုက်ဆိုင်မှု ရှိလျှင် ခွင့်လွှတ်ပါရန်။

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အခန်း (၁)

ချိုလဲ့ရီက သူ့ရဲ့ပန်းစိုက်ခင်းတွေကို ဆေးဖျန်းပြီး ခဏ အမောဖြေ ထိုင်နေသည်။ ရောင်စုံပွင့်ဖူးနေသော ဂန္ဓမာတွေက သူမအတွက် ဝင်ငွေကောင်းရတော့မှာကို ကြည့်ပြီး ကြည်နူးနေသည်။

ပန်းစိုက်ခင်းမှာ အလုပ်သမား တစ်ယောက်သာ ထားနိုင်၍ သူကိုယ်တိုင်ဝင်ပြီး ဦးစီးလုပ်ကိုင်နေရသည်။ အမောပြေတော့ ပန်းခင်းဘေးမှ ပေါက်နေသော မြက်ပင်၊ ပေါင်းပင်တွေကို နုတ်ပစ်ရှင်းလင်းနေသည်။

ခြံအကူ ဦးရန်က သူနှင့် အလှမ်းဝေးလှသဖြင့် ပန်းခင်းထဲမှာ ပျောက်နေသည်။ တစ်ယောက်တည်း အလုပ်ထဲမှာ စိတ်အာရုံက နစ်မြုပ်နေသည်မို့ သူ့အနားသို့ အရိပ်တစ်ခုထိုးကျလာသည်ကို သတိမပြုမိပါ။

"အဟင်း…"

အနီးကပ်ပြီး လည့်ချောင်းရှင်းသည့် ယောကျ်ားတစ်ဦးရဲ့ အသံကို ကြားပြီး လက်ထဲက မြေဆွနေသော ပေါက်တူးက လွတ်ကျသွားသည်။

အသံရှင်ကို မော့ကြည့်လိုက်သည်။ သူ့ကို ပြုံးလဲ့လဲ့နှင့် စူးရှသော အကြည့်နှင့် ကြည့်နေသည့် ယောကျ်ားချောတစ်ဦး ကို တွေ့လိုက်ရသည်။

"ဟို… ဘာကိစ္စ ရှိလို့ပါလဲ"

"ဟိုဘက်က မိုတယ်ပိုင်ရှင်က ဘယ်သူလဲ သိလား"

မေးလာသော သူစိမ်းယောကျ်ားကို ချိုလဲ့ရီက မျက်ဝန်း တည်တည်နှင့် ပြန်ကြည့်လိုက်သည်။

"ဘာကိစ္စရှိလို့ပါလဲ"

"ကျွန်တော် ပိုင်ရှင်နဲ့ တွေ့ချင်လို့ပါ"

"ဟုတ်ပြီလေ၊ ဘာကိစ္စရှိလို့လဲလို့ ကျွန်မ မေးနေပါတယ်"

ချိုလဲ့ရီက မျက်နှာတည်လေးနှင့်ပင် ပြန်မေးလိုက်သည်။

"ပိုင်ရှင်နဲ့တွေ့မှ ကျွန်တော် ပြောနိုင်မှာမို့လို့ပါ"

အလွန် ကပ်ဖဲ့ရပ်ဖဲ့ နိုင်သည့်သူဆိုသော အကြည့်နှင့် ထိုသူကို ချိုလဲ့ရီက ကြည့်လိုက်သည်။

"ပိုင်ရှင်က ကျွန်မပဲ၊ ဘာပြောချင်လို့လဲ"

"ဟုတ်လား၊ ပိုင်ရှင်က ခင်ဗျားလား ဆောရီးပဲဗျာ၊ ကျွန်တော် မသိလို့"

ထိုသူက တောင်းပန်သည့်အကြည့်နှင့် ပြောလာသည်။ ချယ်ရီက တစ်ခါမှ မမြင်ဖူးသော ထိုသူကို စေ့စေ့ကြည့်လိုက်သည်။

"ကျွန်တော့်နာမည် မိုးဇင်သန့်ပါ၊ ဒါနဲ့ ဒီကနာမည်…"

"ချယ်ရီပါ"

မိုးဇင်သိန်းဆိုသော ခန့်ခန့်ချောချောလူကို ချယ်ရီက စေ့စေ့ကြည့်လိုက်သည်။ သည်လို ရုပ်ရည်မျိုး သူ့အသိ မိတ်ဆွေတွေထဲမှာ မရှိပါ။ ထိုသူစိမ်းသည် ဘယ်သူဘယ်ဝါပါလိမ့်ဟု တွေးနေသည်။

"ရှင် ဘာကိစ္စနဲ့ ကျွန်မကို တွေ့ချင်တာလဲ"

"ဒီ မိုတယ်ကို ကျွန်တော် ဝယ်ချင်လို့ပါ"

"ရှင်… ဘာပြောလိုက်တာလဲ"

"ဟိုလေ… မိုတယ်ကို ဝယ်ချင်လို့ပါ"

"ဒီမိုတယ်ကို ရောင်းမယ်လို့ ကျွန်မ မကြော်ငြာခဲ့ပါဘူး"

"ဟုတ်ပါတယ်၊ ဒီကိုရောက်ပြီး မိုတယ်ကိုတွေ့ပြီး အရမ်းသဘောကျတာနဲ့ ဝယ်ချင်လို့ပါ"

"ရောင်းဖို့အစီအစဉ် လုံးဝ မရှိပါဘူးရှင်"

"စဉ်းစားပါဦး ဗျာ၊ ခင်ဗျားခေါ်တဲ့ ခေါ်ဈေးကို ကျွန်တော် လိုက်လျောနိုင်မှာပါ"

"ခေါ်ဈေးဆိုတာ ဘာကိုပြောတာလဲ"

"မချိုလဲ့ရီ ရောင်းနိုင်တဲ့ ဈေးပေါ့"

"ရောင်းနိုင်တဲ့ဈေးဆိုတာ ရောင်းချင်တဲ့သူတွေမှာသာရှိတဲ့ ဈေးပါ၊ ကျွန်မက မရောင်းနိုင်သလို ဒီ မိုတယ်ကလဲ ကျွန်မ မြတ်နိုးတာမို့ တန်ဖိုးဖြတ်လို့မရပါဘူး"

"ဒုက္ခပါပဲဗျာ၊ ကျွန်တော်ကလဲ အရမ်းကို လိုချင်နေတာ"

"ဝမ်းနည်းပါတယ်ရှင်၊ ကျွန်မ မရောင်းနိုင်ဘူး"

"ခင်ဗျားကလဲဗျာ တောင်းတဲ့ဈေးပေးပါ့မယ်ဆိုတာတောင် ဈေးကိုင်နေသေးတယ်"

"ရှင် တော်တော် ပြောရခက်တဲ့လူပဲ၊ မရောင်းနိုင်ပါဘူး လို့ ပြောပြီးပြီ၊ ကျွန်မ စကားကုန်ပြောတာတောင် ရှင် နား မလည်ဘူးလား"

ချိုလဲ့ရီက တွယ်ကပ်ပြောဆိုနေသော မိုဇင်သိန်းကို ဒေါသ မျက်နှာနှင့် ကြည့်လိုက်သည်။ ဒေါသငွေ့ဖြင့် နီမြန်းနေသော မျက်နှာလေးကိုကြည့်ပြီး အလှမပျက် လှမြဲလှဆဲမို့ မျိုးဇင်သိန်းက စူးစိုက် ကြည့်နေမိသည်။

သည်မိန်းကလေးက သူ့မှာ အလွန်စွဲမက်စရာကောင်း

ဒေါ်သောင်းသောင်းကို နှုတ်ဆက်ပြီး မိုးဇင်သိန်း ပြန်လာသည်။ သူ့အိမ်ကို တိုက်ရိုက်ပြန်လာခဲ့သည်။ ဖခင် ဦးကျော်သိန်းက သူ့ကို ဆီးကြိုသည်။

"ဖေဖေ မအိပ်သေးဘူးလား"

"အစောကြီးရှိသေးတယ်၊ သားလာမယ်ဆိုလို့ ဖေဖေစောင့်နေတာ"

မိုးဇင်သိန်းက ဖခင်ကို ဖက်ပြီး မျက်နှာကို သေသေချာချာကြည့်လိုက်သည်။

"ဖေဖေ့မျက်နှာ နည်းနည်းချောင်နေတယ်၊ နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွာ"

"ဟုတ်ရဲ့လား ဖေဖေ"

"နေကောင်းပါတယ်ဆိုကွာ၊ လူကြီးဆိုတော့ တစ်ခါတလေ မျက်နှာချောင်တာလဲ ဖြစ်မှာပါ"

"ဖေဖေ နေကောင်းရင် ပြီးတာပါပဲ"

"ဟိုမှာ အဆောက်အအုံက တော်တော်ပြီးနေပြီလား"

"အခုမှ ဖောင်ဒေးရှင်းအတွက် ပြင်ဆင်နေတုန်းပါ ဖေဖေ"

"သားခရီးပန်းလာတယ် နားလိုက်၊ မနက်မှ ဖေဖေအေးအေးဆေးဆေး စကားပြောကြတာပေါ့"

နေသည်။ နေပူရှိန်မြင့်လာတော့မှ စိုက်ခင်းထဲမှ ထွက်လာသည်။ အိမ်ပြန်ရန် အလှမ်း အနည်းငယ် ကွာနေသော အိမ်ဆီသို့ လျှောက်လာခဲ့သည်။

❄

မိုးဇင်သိန်းက အိမ်မိုတယ်ဘက်ဆီသို့ လျှောက်လာရင်း ချိုလဲ့ရီတို့ အိမ်ရှေ့အနား ရောက်လာသည်။ မိုတယ် အပြင်ဘက်ကနေ လျှောက်ကြည့်ရင်း ချိုလဲ့ရီရဲ့ ညီမ ချိုသက်ကြည်နှင့် ဆုံသည်။

ချိုလဲ့ရီထက် ခုနစ်နှစ်ငယ်သော ချိုသက်ကြည်က အသက် ဆယ့်ရှစ်နှစ်အရွယ် လှသွေးကြွယ်နေသည်။

ချိုသက်ကြည်ရဲ့ နုပျိုလန်းဆန်း သစ်လွင်သော အလှကို မိုးဇင်သိန်းက သတိပြုမိသည်။ အရပ်မြင့်မြင့်မားမား၊ ယောကျ်ား ပီသသော ကိုယ်ခန္ဓာနှင့်မို့ အလွန်ကြည့်ကောင်းသော မျိုးဇင်သိန်း ကို မြင်ပြီး ချိုသက်ကြည်က စိတ်ဝင်စားသွားသည်။

"မိုတယ်မှာ တည်းမလို့လား ဟင်"

ချိုသက်ကြည်က မိုးဇင်သိန်းကို ဖော်ရွေစွာ နှုတ်ဆက် လိုက်သည်။

"မဟုတ်ဘူး၊ ဒီမိုတယ်ကို သိပ်ဝယ်ချင်တာနဲ့ လာကြည့် တာ"

"ဟုတ်လား၊ ရောင်းမှာတော့ မဟုတ်ဘူး"

"ဟုတ်တယ်၊ ပိုင်ရှင်နဲ့ တွေ့ခဲ့တယ်၊ ညီမက ဘယ်သူလဲ"

ဖော်ရွေသော မိန်းကလေးကို သူက တရင်းတနှီး မေးလိုက်သည်။

"ချိုသက်ကြည်ပါ၊ ဒီက အစ်ကိုက မမချိုလဲ့နဲ့ တွေးခဲ့ပြီ ထင်တယ်"

"ဟုတ်ပါတယ်"

"မမနဲ့ အဆင်ပြေခဲ့ရဲ့လား"

"ကိုယ်က အတင်းဝယ်တာကို မရောင်းဘူးလို့ ပြောလိုက်တယ်"

"မမချိုလဲ့ စိတ်ဆိုးသွားသေးလား"

"ဟုတ်တယ် ဆိုးသွားတယ်"

"ထင်သားပဲ၊ ရောင်းမလာလို့ မေးတာ မမချိုလဲ့ကို ရန်စ တာနဲ့ အတူတူပဲ"

"အေးကွာ၊ အဲ့ဒီလိုသဘောမျိုး ဖြစ်သွားတယ်"

"ကဲပါ အစ်ကိုရယ် အိမ်ထဲဝင်ပါဦးလား..."

"မဝင်တော့ပါဘူး ကွယ်"

ထိုသို့ ပြောနေစဉ်မှာပဲ ကလေးတစ်ယောက် ပြေးလာပြီး သူ့အနောက်က ခွေးလိုက်နေသည်။

"ဟာ…ဘယ်ကခွေးလဲ မသိဘူး၊ ကလေးကို လိုက်ကိုက်နေတယ်"

မိုဇင်သိန်းက သွက်လက်စွာ ကလေးကို ပြေးပြီးကောက်ချီလိုက်သည်။ ခွေးကိုလည်း ခြောက်လှန့်လိုက်သဖြင့် ခွေးက ထွက်ပြေးသွားသည်။

"တော်ပါသေးရဲ့၊ အစ်ကို လက်မြန်လို့ နို့မို့ဆိုရင် ကလေးကို ခွေးက ကိုက်မိပြီ"

ထိုစဉ်မှာပဲ မိုတယ်ထဲက အမျိုးသမီးတစ်ယောက် ထွက်လာသည်။

"ဟယ်…သားကိုပျောက်လို့ လိုက်ရှာတာ ဒီရောက်နေတာကိုး"

"ဩော်…ဒီမှာတည်းတဲ့ ကလေးကို၊ မမရေ ဒီကအစ်ကို ကယ်လို့ မမသားလေး ခွေးမကိုက်တာ သိလား"

ချိုသက်ကြည်က သွက်လက်စွာ ရှင်းပြလိုက်သည်။ ကလေးရဲ့ မိခင်က မိုးဇင်သိန်းကို ကျေးဇူး အခါခါ တင်လိုက်သည်။

ကလေးနှင့် သူ့မိခင် မိုတယ်အတွင်းသို့ ပြန်ဝင်သွားသည်။ ချိုသက်ကြည်က မိုးဇင်သိန်းကို ကျေးဇူးတင်လိုက်သည်။

"ချိုသက်တို့ရဲ့ ဧည့်သည်ကို ကူညီပေးတဲ့အတွက် ကျေးဇူး

တင်ပါတယ်"

"ကျေးဇူးတင်ရင် ရေလေးတစ်ခွက်လောက် တိုက်ပါလား ဗျာ"

"ရပါတယ် အစ်ကိုရယ်၊ ရေမဟုတ်ဘူး အအေးနဲ့ မုန့်ပါ ကျွေးလိုက်ဦးမှာ"

ချိုသက်ကြည်က ရယ်မော ပြောဆိုပြီး မျိုးဇင်သိန်းကို အိမ်ထဲသို့ ဖိတ်ခေါ်လိုက်သည်။ ဧည့်ခန်းတွင်း အအေးနှင့် မုန့်ကို ဧည့်ခံကျွေးမွေးသည်။

"သုံးဆောင်လိုက်ပါဦး အစ်ကို"

မိုးဇင်သိန်းက အအေးသောက်နေစဉ် ချိုသက်ကြည်က မေးသည်။

"စကားသာ ပြောနေတာ အစ်ကို့ရဲ့ နာမည်လဲ မသိရ သေးဘူး"

"ဟုတ်ပါ့ကွာ၊ ပြောဖို့မေ့နေတာ၊ ကိုယ့်နာမည်က မိုးဇင် သိန်းပါ"

"ဟုတ်ကဲ့ သိရတာ ဝမ်းသာပါတယ် အစ်ကို"

"ဒါနဲ့ ဒီအိမ်မှာ ချိုသက်ကြည်တို့ မိသားစု အားလုံး နေကြတာပေါ့နော်"

"မိသားစုအားလုံး ပြေးကြည့်မှ သုံးယောက်တည်းလေ"

"ဟုတ်လား၊ ချိုသက်ကြည်တို့ ညီအစ်မနဲ့ နောက် ဘယ်သူလဲ"

"ချိုသက်တို့ရဲ့ဒေါ်လေး သင်းသင်းနဲ့ နေတာ၊ ဒေါ်လေးက စပြီး အားလုံး အပျိုတွေချည်းပဲ"

"ဟုတ်လား၊ ချိုသက်က အပျိုတွေချည်း နေတဲ့အိမ်မှာ အစ်ကို့ကို ကြာကြာမနေစေချင်လို့ ပညာသားပါပါနဲ့ နှင်နေပြီ ထင်တယ်"

"မဟုတ်ပါဘူး အစ်ကိုရယ်"

နှစ်ယောက်သား ရယ်မောလိုက်ကြသည်။ ခဏအတွင်းမှာပင် သူတို့ ခင်မင်သွားကြသည်။

ဒေါ်လေးက အသက် လေးဆယ်ကျော်ပြီဆိုတော့ အပျိုကြီးစာရင်း ဝင်နေပြီလေ၊ ဒီတစ်သက် စွံတော့မယ် မထင်ဘူး။

"ဒါဆို ညီအစ်မနှစ်ယောက်က အပျိုကြီး မဖြစ်နိုင်ဘူးပေါ့"

"မမချိုလဲ့က မပြောတတ်ဘူး၊ ယောကျာ်းတွေကို စိတ်နာနေတာဆိုတော့ အပျိုကြီးလုပ်ချင်လုပ်မှာ၊ ချိုသက်ကတော့ မလုပ်ပါဘူး"

ကလေးဆန်စွာ ပြောဆိုနေသော ချိုသက်ကြည်ကိုကြည့်ပြီး မိုးဇင်သိန်းက ပိုပြီး ခင်မင်သွားသည်။

"ချိုသက်မမက ဘာလို့ ယောကျ်ားတွေကို စိတ်နာတာလဲဟင်"

"သူ့ကို ယောကျ်ားတစ်ယောက်က ချစ်ကြိုက်ပြီးမှ ပစ်သွားလို့လေ"

ချိုလဲ့ရီက အိမ်ရှေ့ဘက်ကို ပတ်လျှောက်လာရင်း ပြတင်းပေါက် အောက်နားအရောက် ထိုစကားကို ကြားလိုက်ရသဖြင့် ခြေလှမ်းတွေ တွန့်သွားသည်။

"ချိုသက် ဘယ်သူနဲ့ စကားပြောနေတာလဲ..."

"ဒီအသံမျိုး ငါ မရင်းနှီးပါဘူး..."

"ပြီးတော့ ငါ့အကြောင်းကို ဘာလို့ပြောနေတာလဲ"

ချိုလဲ့ရီက အသံမပြုဘဲ ချိုသက်ကြည်တို့ ဘာပြောနေသည်ကို ဆက်လက်ပြီး နားထောင်နေသည်။

"ဟုတ်လား၊ ဘယ်တုန်းကလဲ"

"လွန်ခဲ့တဲ့ ရှစ်နှစ်လောက်ကတဲ့"

"အဲ့ဒါတွေကို ချိုသက်က ဘယ်လိုသိလဲ၊ အဲဒီလူကိုရော သိလား"

"ဟင့်အင်း မသိပါဘူး၊ အဲဒီအကြောင်းကိုတောင် သူများပြောပြလို့ သိတာ"

"အဲဒီလူအတွက် ချိုသက်ရဲ့ အစ်မက အခုထိ ခံစားနေရ

တုန်းလား"

"သူက သိပ် သိုသိပ်တာ၊ သူ ဘာဖြစ်နေလဲဆိုတာ မသိရဘူး၊ ချိုသက်ထင်တာတော့ အဲဒီလူအတွက် မမချိုလှဲ့ ခံစားနေရလို့ တခြားယောကျ်ားတွေကို စိတ်မဝင်စားတာ နေမှာပေါ့"

"အဲဒီလူက ဘာလို့ ပစ်သွားတာလဲ"

"နောက်တစ်ယောက် အသစ်တွေ့လို့ နေမှာပေါ့"

သူ့အကြောင်းကို မြိန်ရေယှက်ရေနှင့် ဝေဖန်နေကြသည်ကို သည်းမခံနိုင်၍ ချိုလှဲ့ရီက သူတို့ရှိရာသို့ ဝင်သွားလိုက်သည်။

ရုတ်တရက် ချိုလှဲ့ရီကိုမြင်ပြီး နှစ်ယောက်စုံး ကြောင်အမ်းအမ်း ဖြစ်သွားသည်။ အမူအရာ ပျက်နေသော သူတို့နှစ်ယောက်ကို ချိုလှဲ့ရီက ကြည့်လိုက်သည်။

"ဟင်... မမချိုလှဲ့"

"ဩော်... ရှင်က ဒီရောက်နေတာကိုး"

မိုးဇင်သိန်းကို မျက်နှာတည်နှင့်ကြည့်ပြီး ချိုလှဲ့ရီက မေးလိုက်သည်။

"ဟင် မမချိုလှဲ့နဲ့ အစ်ကိုနဲ့ သိနေကြတယ် ဟုတ်လား"

"စောစောကမှ တွေ့ဖူးတာပါ၊ နေပါဦး ချိုသက်က သူ့ကို ဘယ်တုန်းက သိနေတာလဲ"

ချိုသက်ကြည်က တရင်းတနှီး အစ်ကိုဟု ခေါ်လိုက်သဖြင့်

ချိုလဲ့ရီက မေးလိုက်သည်။

"ခုနကမှ သိတာ မမချိုလဲ့ရဲ့၊ အစ်ကိုက မိုတယ်မှာ တည်းတဲ့ကလေး ခွေးလိုက်ကိုက်တာကို ကယ်လိုက်တာလေ"

"အဲဒါနဲ့ ရင်းနှီးသွားရောလား"

ချိုလဲ့ရီရဲ့ ဖြောင်ကျသော စကားကြောင့် ချိုသက်ကြည်က မိုးဇင်သိန်းကို အားနာသွားသည်။

"မမချိုလဲ့ကလဲ ချိုသက်တို့ကို ကူညီတာ ကျေးဇူးတင် စကား ပြောလိုက်ဦးလေ"

"အခုလို ကူညီရာ ကျေးဇူးတင်ပါတယ်"

"ရပါတယ်တယ် ကြုံကြိုက်သွားလို့ပါ"

"အစ်ကိုက ဘယ်ကလာတာလဲဟင်"

ခုမှ ချိုသက်ကြည်က မိုးဇင်သိန်းကို မေးလိုက်သည်။

"ကိုယ်က ရန်ကုန်ကပါ၊ ဒီမှာ အလုပ်ကိစ္စရှိလို့လာတာပါ"

"ဘယ်မှာ တည်းလဲဟင်"

စပ်စုနေသော ချိုသက်ကြည်ကို ချိုလဲ့ရီက မကြည်လင်သော အကြည့်နှင့် ကြည့်နေသည်။ မိုးဇင်သိန်းက သူ တည်းခိုနေသော နေရာကို ပြောလိုက်သည်။

"အစ်ကိုကလဲ ချိုသက်တို့ဆီမှာ လာတည်းရင်ပြီးရော"

"ဟိုမှာ အဖော်တွေနဲ့ တည်းနေလို့ပါ"

ထိုစဉ်မှာ ညှော်ခန်းဆီသို့ ဒေါ်သင်းသင်းက ရောက်လာသည်။

ချိုသက်ကြည်ကပဲ သွက်လက်စွာ မိတ်ဆက်ပေးလိုက်သည်။

"ဒါ ချိုသက်တို့ရဲ့ ဒေါ်လေးသင်းသင်းပါ၊ ဒေါ်လေး ဒီအစ်ကို မိုးဇင်သိန်းက ချိုသက်တို့ရဲ့ ညှော်သည်ကလေးကို ခွေးရန်က ကယ်လိုက်တယ်လေ"

ချိုသက်ကြည်က ဒေါ်သင်းသင်းအား အစအဆုံး ရှင်းလင်းပြောပြလိုက်ပြန်သည်။

"ဟုတ်လား ကျေးဇူးတင်လိုက်တာကွယ်"

"ချိုလွဲ့ ထမင်းဆာပြီ"

ချိုလွဲ့ရီက ပြောပြောဆိုဆိုနှင့် သူတို့အနားမှ ထွက်သွားသည်။ ချိုလွဲ့ရီက ညှော်သည်ကို ညှော်ဝတ်မကျေတာ၊ သည်တစ်ခါ ပထမဆုံး အကြိမ်မို့ ဒေါ်သင်းသင်းက အံ့သြနေသည်။

"မောင်မိုးဇင်သိန်းရော ထမင်းဝင်စားပါကွယ်၊ ဒေါ်လေးဖိတ်ခေါ်ပါတယ်"

"ဟုတ်သားပဲ အစ်ကို၊ ထမင်းစားချိန် ရောက်နေပြီပဲ စားသွားပါ"

"မစားတော့ပါဘူး ဒေါ်လေး၊ ဟိုမှာ ကျွန်တော့်ရဲ့

သူငယ်ချင်း စောင့်နေမှာမို့လို့ပါ”

“ဒါဆို နောက်တစ်ခါ ဒေါ်လေးဖိတ်ရင် ဆက်ဆက် လာစားနော်”

“ဟုတ်ကဲ့ပါ ခင်ဗျာ”

မိုးဇင်သိန်းက နှုတ်ဆက်ပြီး ပြန်သွားသည်။ ချိုသက်ကြည်က အိမ်ပြင်အထိ လိုက်ပို့ရင်း မှာလိုက်ပါသေးသည်။

“အစ်ကို လာလည်ဦးနော်”

“အေးပါကွာ”

ချိုလဲ့ရီက ချိုသက်ကြည်ကို မစောင့်ဘဲ ထမင်းကိုစားနှင့်သည်။ ထမင်းပန်းကန် တစ်ဝက်ကျိုးသည်အထိ ချိုသက်ကြည် ရောက်မလာသေး၍ စိတ်တိုနေသည်။

❀

# အခန်း (၂)

ချိုသက်ကြည် ရောက်လာတော့ မျက်နှာထားနှင့် ချိုသက်ကြည်ကို ပြောလိုက်သည်။

"ထမင်းစာပါမယ်ပြောနေတာ၊ ဘာလို့ ပေရှည်နေတာလဲ"

"မမချိုကလဲ ဘယ်လိုဖြစ်နေတာလဲ၊ ကူညီထားတဲ့လူကို ဒီလောက်ရောင် ဆက်ဆံရေးကျဲရသလား"

"အဲဒီလူကို ကြည့်မရဘူး"

သည်တစ်ခါ ဒေါ်သင်းသင်းကပါ ချိုလဲ့ရီအား နား မလည်၍ ဝင်ပြောသည်။

"ချိုလဲ့ရယ် ဘာဖြစ်လို့ မောင်မိုးဇင်သိန်းကို အမြင်မကြည် လင်နေရတာလဲ"

"သူက တွေ့တွေ့ချင်း ရန်စထားလို့"

"ဟင် ရန်စတယ် ဟုတ်လား၊ ဘယ်လိုရန်စတာလဲ ပြောပါဦး"

"ဒီမိုတယ်နဲ့ ခြံကို ရောင်းမလားမေးလို့"

"အဲဒါများ ချိုလှဲ့ရယ် မရောင်းနိုင်ရင် မရောင်းနိုင်ဘူး ပြောလိုက်ပေါ့"

"ပြောပါတယ် ဒေါ်လေးရယ်၊ သူက ဇွတ်အတင်းဝယ်မယ် ပြောလို့ စိတ်ဆိုးတာ"

"သူလဲ သိပ်လိုချင်လို့ နေမှာပေါ့ကွယ်"

"ချိုလှဲ့က မိဘအမွေအနှစ်ကို ဘယ်လောက်မြတ်နိုးလဲ ဆိုတာ၊ ဒေါ်လေး သိသားနဲ့၊ မရောင်းနိုင်ဘူးဆိုတာကို ဘာလို့ ဇွတ်ဝယ်နေရတာပဲ"

"ကဲပါ ချိုလှဲ့ရယ်၊ ဒေါ်လေးတို့ရဲ့ဧည့်သည်ကို ကူညီ ထားတဲ့သူဆို ခွင့်လွှတ်လိုက်ပါတော့"

"ဟုတ်ပါတယ် မမချိုလှဲ့ရယ် အစ်ကိုက ခင်စရာကောင်း ပါတယ်"

"နင်ကလဲ ဣန္ဒြေကို မရှိဘူး၊ မြင်တာနဲ့ ပစ်ခတ်ရော လိုက်တာမဲ"

"သူက လူကြီးလူကောင်းတစ်ယောက်ပဲ၊ ခင်တာ အန္တရာယ်မရှိပါဘူး"

"အခုမှ တွေ့တဲ့လူကို လူကြီးလူကောင်းလို့ နင်က ဘယ်လိုသိလဲ"

"ဒီလောက်တော့ လူကဲခတ်တတ်ပါသေးတယ် မမချိုလဲ့ရယ်"

"နင်က ဘယ်လောက် လူ့အရိပ်အကဲကို ခတ်တတ်လို့လဲ"

"ချိုလဲ့ရယ် ဒေါ်လေးလဲ လူကြည့်ရင် အကဲခတ်တတ်ပါတယ်၊ မောင်မိုးဇင်သိန်းက ပညာတတ် လူရည်သန့်လေးပါ"

ဒေါ်လေးသင်းသင်းကပါ မိုးဇင်သိန်းဘက်က ဖြစ်နေပြီး အချိန်တိုတိုလေးအတွင့်မှာ ဒေါ်သင်းသင်းရဲ့ အထင်ကြီးမှုကို ခံယူနိုင်သော မိုးဇင်သိန်းရဲ့ ဆက်ဆံမှုကို ချီးကျူးရတော့မလို ဖြစ်နေသည်။

"သူ့ကိုကြည့်ရတာ ခေတ်ပညာတတ်၊ စီးပွားရေးသမား တစ်ယောက်နဲ့ တူတယ်၊ နောက်တစ်ခေါက် အိမ်လာမှ သေသေချာချာ မေးကြည့်ရဦးမယ်"

"နောက်တစ်ခါ သူက အိမ်ကို ဘာလို့လာမှာလဲ"

"ဒေါ်လေးက သူ့ကို ထမင်းစား ဖိတ်ထားတာလေ"

"ဒေါ်လေးကလဲနော် အလုပ်မရှိ အလုပ်ရှာနေပြန်ပြီ"

"ချိုလဲ့ရယ် ဘယ်လိုဖြစ်နေတာလဲ၊ ဒီကောင်လေးကျမှ နင် ဘာဖြစ်လို့ ရန်လိုနေရတာလဲ"

ချိုလဲ့ရီက ထပ်ပြောလျှင် သူ့အလွန်ဟု ဒေါ်လေးသင်းသင်းက ထပ်ပြီး အပြစ်တင်မှာ သိ၍ မကျေနပ်သော်လည်း ပါးစပ်ပိတ်ထားလိုက်သည်။

ထမင်းစား ခဏနားပြီး ခြံထဲကို ပြန်ဆင်းလိုက်သည်။ ဆယ်တန်းအောင်ပြီး တက္ကသိုလ် မတက်သေးသော ချိုသက်ကြည်က အိမ်မှာ သိပ်ကို ကူဖော်လောင်ဖက် မရပါ။

မိဘတွေ ငယ်စဉ်တည်းက ဆုံးပါးသွား၍ သူ့ထက် ခုနစ်နှစ်ငယ်သော ချိုသက်ကြည်ကို ချိုလဲ့ရီက အလိုလိုက်ထားသည်။ ဒေါ်သင်းသင်းကလည်း အလိုလိုက်ထား၍ ချိုသက်ကြည်က အခွင့်အရေးသမား ဖြစ်နေပြီး အလုပ်တွေ ပိနေရှာသော အစ်မကို သိပ်ပြီး မကူညီတတ်သလို သိတတ်နားလည်မှုလည်း နည်းပါးသည်။

ချိုသက်ကြည်တွင် တစ်ကိုယ်ကောင်းဆန်သော စိတ်ဓာတ်ရှိသည်ကို ဒေါ်သင်းသင်းရော ချိုလဲ့ရီကပါ ခွင့်လွှတ်နားလည်ထားကြသည်။

သူတို့အမေနှင့် ဒေါ်သင်းသင်းတို့ရဲ့ အစ်မကြီးကလည်း ရန်ကုန်မှာ အိမ်ထောင်နှင့် သားသမီးတွေနှင့်ဖြစ်ပြီး ချိုသက်ကြည်ကို သိပ်ပြီး အခွင့်အရေးပေးသည်။

အားလုံးဝိုင်းပြီး အလိုလိုက်ထားသဖြင့် ချိုသက်ကြည်က

အခွင့်အရေးသမား အတ္တဆန်သည်မှာ မဆန်းပါ။

ချိုလဲ့ရီက ခြံထဲပြန်ဆင်းသည်။ နေပူနေ၍ အောက်မှာ နေပြီး ဦးရန် ချိုးခူးပေးသော ဂန္ဓမာပန်းတွေကို အစည်းလေးတွေ ခွဲစည်းလိုက်သည်။

ညနေ မစောင်းမီ စည်းနှောင်ပြီးသော ပန်းတွေကို သူ့ရဲ့ ဟိုင်းလပ်ပစ်ကပ်ကား နောက်ခန်းမှာ တင်ပြီး ဈေးကို အချိန်မီ သွားသွင်းသည်။

ဝါသနာပါ၍လုပ်သော ပန်းစိုက်ခင်းကနေ ဝင်ငွေကောင်း ကောင်းရသဖြင့် ချိုလဲ့ရီက ပျော်နေသည်။

အိမ်ကိုပြန်ရောက်တော့ ညနေစောင်းနေပါပြီ။ ရေချိုးပြီး ဒေါ်သင်းသင်းတို့နှင့် ထိုင်စကားပြောနေသည်။

"ဒေါ်လေးရဲ့ ပန်းခင်းက အောင်မြင်တော့ ဝင်ငွေတစ်မျိုး တိုးတာ၊ ချိုလဲ့ ပျော်လိုက်တာ"

"ဒါဆို တူမကြီး သက်သာအောင် ဦးရန်အပြင် နောက်ထပ်အလုပ်သမား ထပ်ငှားပါလား"

"ချိုလဲ့ အလုပ်နိုင်နေတာပဲ ဒေါ်လေးရယ်၊ ငွေအပို ထပ်ပြီး မကုန်ချင်ပါဘူး"

"မမချိုလဲ့ ပန်းခင်းက ပိုက်ဆံတွေ အများကြီး ရခဲ့ တာပေါ့နော်"

"အေးပေါ့ ချိုသက်ရဲ့"

"ဒါဆို ချိုသက်ကို အဝတ်အစား ကောင်းကောင်းချုပ်ပေးဦး"

"ဟင် ဟိုလကပဲ အဝတ်အစားနှစ်စုံ ချုပ်ပေးထားရယ်လေ"

"ဟာ..." ချိုလဲ့ကလဲ အဝတ်အထည်ဆိုတာ အမြဲတမ်း အသစ်အဆန်းပေါ်နေတာ ပြီးခဲ့တဲ့လက ဒီဇိုင်းက အောက်သွားပြီပေါ့"

"ချိုသက်ရယ် အသစ်အဆန်းပေါ်တိုင်း ဝတ်ရအောင် နင်က ဘယ်လောက်ချမ်းသာနေလို့လဲ"

"အဝတ်တစ်စုံ ဝယ်ဖို့အတွက် ကျိကျိတက် ချမ်းသာစရာ မလိုပါဘူး၊ ချိုသက်ကို ဝယ်ပေးနော်"

"ကဲပါ ချိုလဲ့ရယ် အသစ်တစ်စုံ ဝယ်ပေးလိုက်ပါ၊ နို့မို့ဆိုရင် ဒီည ထမင်းကို ဖြောင့်ဖြောင့်ကို စားရမှာ မဟုတ်ဘူး"

ဒေါ်သင်းသင်းကပါ ချိုသက်ဘက်က လိုက်ပြောနေသဖြင့် ချိုလဲ့ရီက အရှုံးပေးလိုက်ရသည်။

"ကဲပါ ချိုသက်ရယ်၊ မမအရှုံးပေးလိုက်ပါပြီ၊ မနက်ကျရင် ပေးမယ်"

"ဟေး ဒါကြောင့် မမချိုလဲ့ကို ချိုသက်က ချစ်တာ"

ချိုသက်ကြည်က သူလိုချင်တာ ရသည်မို့ ကျေနပ်သွားသည်။ သူပျော်ရွှင်တာမြင်တော့ ချိုလှဲ့ရီလည်း ပျော်ရပါသည်။

ထမင်းစားသောက်ပြီး ချိုလှဲ့ရီက ခဏစကားပြောပြီး တစ်နေ့လုံး ပင်ပန်းထားသူမို့ သူ့အခန်းသူ ပြန်နားသည်။

ထိုစဉ်မှာပဲ မှန်တင်ခုံပေါ်သို့ အကြည့်ရောက်သွားသည်။ ရေချိုးခါနီး အင်္ကျီအိတ်ထဲက ငွေဒင်္ဂါးပြားလေးကို မှန်တင်ခုံပေါ် တင်ထားသည်ကို သတိရသည်။

"ဟုတ်ပါရဲ့၊ ဟိုလူ့ပိုက်ဆံ ပြန်မပေးဖြစ်ဘူး"

ထိုသူရဲ့ ချောမွေ့တည်ကြည် ခန့်ညားသော ပုံသွင်ကို ပြန်မြင်ယောင်ပြီး ရင်ထဲမှာ လှိုက်ခနဲ ခုန်သွားသည်။

"ငါက ဘာလို့ရင်ခုန်ရတာလဲ၊ ဒီလို ခံစားမှုမျိုး ငါ မခံစားဖူးသေးဘူး…"

"အသက်ဆယ့်ရှစ်နှစ်တုန်းက ငါ ရင်ခုန်ခဲ့ဖူးတဲ့ ခံစားမှုမျိုးနဲ့လဲ မတူပါလား…"

"အိပ်ပျော်နေတဲ့ ငါ့နှလုံးသားက ပြန်ပြီး လန့်နိုးလာပြီလား…"

"ဟာ မဟုတ်ဘူး၊ လုံးဝမဟုတ်ဘူး၊ ဘယ်ယောကျ်ားကိုမှ ငါ စိတ်မဝင်စားတော့ဘူးလို့ ဆုံးဖြတ်ပြီးသား…"

"အဲလိုပဲ စိတ်မဝင်စားဘဲ ရှစ်နှစ်တောင် ကြာခဲ့ပြီပဲ"

သူ့မျက်ဝန်းထဲသို့ တိုးဝင်လာသော မိုဇင်သိန်းရဲ့ ပုံရိပ်ကို မျက်ဝန်းထဲက မောင်းထုတ်လိုက်သည်။ အမှတ်မထင် မှန်တင်ခုံ အန်ဆွဲထဲက ရတနာဘူးလေးကို ဖွင့်လိုက်သည်။

ရတနာ ဘူးသေးထဲတွင် ရတနာဆိုလို့ စိန်လက်စွပ်လေး တစ်ကွင်းသာ ရှိနေသည်။ ထိုဘူးထဲကို ငွေဒင်္ဂါးပြားလေးထည့်ပြီး ဘူးကို ပြန်ပိတ်လိုက်သည်။

မိခင်ရဲ့ တစ်ခုတည်းသော ကျန်ရစ်ခဲ့သည့် အမွေအနှစ်က သည်လက်စွပ်လေးတစ်ကွင်းတည်းပါ။ ကျန် ပစ္စည်းများ တဖြုတ်ဖြုတ်ကုန်ခဲ့သော်လည်း သည်လက်စွပ်လေးကို မရမက ခြစ်ကုပ်ကပ်ပြီး သိမ်းဆည်းခဲ့သည်။

"ချိုသက်လေး မင်္ဂလာဆောင်ရင် ဒီလက်စွပ်ကို ချိုသက်ကို လက်ဖွဲ့မယ်"

အလွန်ချစ်သော ညီမလေးအတွက် လက်စွပ်ကို တရိုတသေ ထားလိုက်သည်။ ဘာကြောင့်မှန်း မသိ။ တရိုတသေထားသော ရတနာဘူးထဲမှာ ထိုဒင်္ဂါးပြားကို ထည့်လိုက်သည်။

အိပ်ရာပေါ်လှဲရင်း မနက်က သူ့လက်ကို ပိုင်စိုးပိုင်နင်း ကိုင်လိုက်သော ထိုသူရဲ့ အပြုအမူကို ပြန်စဉ်းစားပြီး ရင်ခုန်သလို ဒေါသလည်း ဖြစ်မိသည်။

"ဘယ်လိုလူလဲ မသိဘူး၊ သိပ်ရဲတင်းတယ်"

"ချိုသက်နဲ့လဲ ချက်ချင်း ရင်းနှီးနေလိုက်တာ"

"ဒီလူက ဘာအကြံနဲ့ ငါတို့ဆီ ရောက်လာတာလဲ"

"မိုတယ်ကို တကယ်ဝယ်ချင်တာရော ဟုတ်ရဲ့လား"

အတွေးတွေ ပလူပျံ့ရင်း အတိတ်ဆီသို့ သူ့အတွေးရိပ်က ပြေးသွားပါတော့သည်။

❋

# အခန်း (၃)

ချိုလဲ့ရီက အသက်ဆယ့်ရှစ်နှစ်အရွယ်မှာ လှသွေးကြွယ်ပြီး ကျောင်းမှာရော ရပ်ကွက်မှာပါ ယောကျ်ားလေးတွေရဲ့ ပါးစပ်ဖျားမှာ ရေပန်းစားခဲ့သည်။

ချိုလဲ့ရီရဲ့ မိဘတွေက သူတို့ရဲ့ ကျယ်ဝန်းသော ခြံထဲမှာ မိုတယ်ဆိုသော တည်းခိုရိပ်သာ တစ်ခုကို တည်ဆောက်ပြီး အပိုဝင်ငွေ စီးပွားရှာခဲ့ကြသည်။

တစ်နေ့မှာ မိုတယ်လေးဆီသို့ လူပျိုလူရွယ်နှစ်ယောက် လာတည်းသည်။ နှစ်ယောက်လုံးက ချိုလဲ့ရီကို မြင်တွေ့ပြီး စိတ်ဝင်စားနေသည်။ ညီဟန်ထွန်းနှင့် မိုးဇင်သိန်းဆိုသော သူငယ်ချင်းနှစ်ယောက်က ညီအစ်ကိုရင်းတမျှ တစ်ယောက်နှင့်တစ်ယောက် ချစ်ခင်ကြသည်။

"မိုးဇင် ဟိုဘက်ခြံမှာ သစ်ပင်ရေလောင်းနေတဲ့ ကောင်မလေးကို ကြည့်လိုက်စမ်း"

"အင်း ဘာဖြစ်လို့လဲ"

ညီဟန်ထွန်းပြလိုက်သော ချိုလှဲ့ရီကို ကြည့်ပြီး မိုးဇင်သိန်း မေးလိုက်သည်။ ညီဟန်ထွန်း မပြခင်ကတည်းက ဒီမိုတယ်ကို စတွေ့ကာ ရောက်ကတည်းက ချိုလှဲ့ရီကို သူ တွေ့ပြီးပါပြီ။

ချိုလှဲ့ရီ ရေလောင်းနေသည်ကို မြင်ပြီး ကြည့်နေမိရာက သူ့အကြည့်တွေကို မခွာနိုင်ခဲ့ပါ။ အလွန်လှသောသူ၊ သေးသေး သွယ်သွယ် မိန်းမလှလေးကို မြင်စဉ်ခိုက်မှာပဲ သူ့ နှလုံးသားကို အင်အားကြီးမားစွာ ချုပ်နှောင်လိုက်သည်ကို သူ ခံစားရပါသည်။

ဟုတ်ပါသည်။ အသက် နှစ်ဆယ့်ငါးနှစ် ရှိပြီဖြစ်သော လူပျို မိုးဇင်သိန်းရဲ့ နှလုံးသာက အချစ်ဆိုသော အရာရဲ့ နမ်း ရှိုက်ခြင်းကို ခံလိုက်ရပါသည်။

အမည်မသိသော ထိုမိန်းကလေးကို မြင်မြင်ချင်း သူ ချစ်မိပါသည်။ ထိုအဖြစ်ကို သူငယ်ချင်းဖြစ်သူ ညီဟန်ထွန်း လှောင်ရယ်မှာ စိုးရိမ်၍ ရေငုံနှုတ်ပိတ် နေလိုက်ခြင်းပါ။

"မနေ့က တွေ့ပေမယ့် အမှတ်တမဲ့ပဲ၊ ဒီနေ့ကျမှ သေသေ ချာချာ ကြည့်မိတယ် တကယ်ချောတယ်ကွာ နဖတ်နေအောင် လှတာ၊ ငါတော့ ခိုက်သွားပြီ"

"ဟေ့ကောင် အပျော်ခရီးထွက်လာတာနော်၊ ဘာမှန်း မသိဘဲ လိုင်းသွားမပူးနဲ့၊ ခွေးပြေးဝက်ပြေး ပြေးနေရဦးမယ်"

"အေးပါကွာ ငါက အခြေအနေကို နားလည်ပါတယ်"

ညီဟန်ထွန်းတို့နှစ်ယောက် ပြင်ဦးလွင်ကနေ ရန်ကုန်သို့ ပြန်လာခဲ့ကြပေမယ့် ချိုလှဲ့ရီနှင့်တော့ သိခွင့် မရခဲ့ကြပါ။

ညီဟန်ထွန်းက ရန်ကုန်ပြန်ရောက်ပြီး ချိုလှဲ့ရီရဲ့ ပုံရိပ်က သူ့အတွေးမှာ ထင်ဟပ်နေသည်။ သည်အကြောင်းကို သူက ပွင့်လင်းပေမယ့် မိုးဇင်သိန်းက မပွင့်လင်းရှာပါ။

ချိုလှဲ့ရီကို နှစ်ယောက်စလုံး စိတ်ဝင်စားနေကြပြီး ညီဟန်ထွန်းက အလျင် ပွင့်လင်းစွာ ပြောသည့်အတွက် သူက ပြောခွင့်မသာပါ။

မြင်မြင်ချင်း ချိုလှဲ့ရီကို ချစ်ခင်စုံမက်မိသော စိတ်ကို ရင်ထဲမှာပဲ လုံခြုံစွာ သိမ်းဆည်းထားလိုက်ပါတော့သည်။

ညီဟန်ထွန်းက အလုပ်အားသည့်အခါ နောက်တစ်ကြိမ် ပြင်ဦးလွင်သို့ သွားသည်ကို သူ လိုက်မသွားတော့ပါ။ ညီဟန်ထွန်းက ချိုလှဲ့ရီတို့ မိတယ်မှာ ဒုတိယအကြိမ် ပြန်လာတည်းသည်။

ထိုအချိန်မှာ ချိုလှဲ့ရီတို့တွင် ဖခင်ကွယ်လွန်သွားပြီ ဖြစ်သော်လည်း မိခင်က ရှိနေသေးသည်။ သမီးကြီးဖြစ်သောချိုလှဲ့ရီက အိမ်ရဲ့ စီးပွားရေးကို ဦးဆောင်လုပ်ကိုင်နေရသူ ဖြစ်သည်။ အသက် ဆယ့်ရှစ်နှစ်တွင် ချိုက မိဘကို မှီခိုပြီး အေးအေးဆေးဆေး

ပညာသင်နေရသည်။ ဆယ်တန်းအောင်ပြီး အဝေးသင်တက္ကသိုလ်ကိုသာ တက်ခဲ့ရသည်။

ခြံထဲမှာ ပန်းခင်းတွေစိုက်ပြီး တည်းခိုခန်းရဲ့ ဝင်ငွေအပြင် အပိုဝင်ငွေရအောင် ကြိုးစားနေရသည်။

အဒေါ်အပျိုကြီးက အနည်းငယ် ကူဖော်လောင်ဖက်ရ၍ တော်နေသေးသည်။ ညီဟန်ထွန်းက တည်းခိုခန်းမှာတည်းရင်း ချိုလှဲ့ရီနှင့် ရင်းနှီးအောင် ကြိုးစားသည်။

ချိုလှဲ့ရီနှင့် နှစ်ယောက်တည်း တွေ့နိုင်အောင် ကြိုးစားသည်။ ချိုလှဲ့ရီ ပန်းခင်းထဲမှာ ရှိစဉ် တွေ့ရအောင် ကြံစည်သည်။

နံနက်စောစော ပန်းခင်းထဲမှာ ချိုလှဲ့ရီ တစ်ယောက်တည်းမို့ တွေ့ဖို့ အခွင့်အရေးက ကောင်းနေသည်။ ပန်းပင်တွေကို အာရုံစိုက်ပြီး လုပ်ကိုင်နေစဉ် အနားသို့ ညီဟန်ထွန်းရောက်သည်ကို တွေ့ယိုက်သည်။ သူတို့ တည်းခိုခန်းတွင် တည်းသူမို့ ချိုလှဲ့ရီက ပြုံးပြီး နှုတ်ဆက်လိုက်သည်။

"ဘာအလိုရှိပါသလဲရှင်"

"ဒီပန်းခင်းက လှလို့ စိတ်ဝင်စားပြီး လာကြည့်တာပါ"

"ဪ ဟုတ်ကဲ့"

"ညီမနာမည်က ချိုလှဲ့ရီနော်"

"ဟုတ်ပါတယ်"

"ညီမတို့ရဲ့ တည်းခိုခန်းမှာ ကိုယ် လာတည်းတာ ဒါပါ နဲ့ဆိုရင် နှစ်ခါရှိပြီ"

"ဟုတ်ကဲ့ ကျွန်မ မှတ်မိပါတယ်"

"ဒီနေရာလေးက ကျွန်တော့်ကို ဆွဲဆောင်မှုရှိပြီး သိပ်ကို ဖမ်းစားနေပြီ"

"အဲလိုပြောတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒီနေရာလေး ကို ကျွန်မက မြတ်နိုးပြီး တန်ဖိုးထားတာမို့လို့ပါ"

"ဟုတ်မှာပေါ့ ကိုယ်တို့လို မသက်ဆိုင်တဲ့ လူကတောင် ဒီနေရာကို မြတ်နိုးရင် ပိုင်ရှင်က ပိုပြီး မြတ်နိုးတွယ်တာမှာပေါ့"

ချိုလဲ့ရီနှင့် ညီဟန်ထွန်းတို့ နှစ်ယောက် စကားပြောရင်း ကနေ ခင်မင်သွားသည်။ တစ်နေ့ထက်တစ်နေ့ ပိုတွေ့မိကြပြီး သံယောဇဉ်တွေလည်း ပိုခဲ့ရသည်။

ငယ်ရွယ်နုနယ် လှသွေးကြွယ်သော အပျိုလေး နုနုထွတ် ချိုလဲ့ရီက ညီဟန်ထွန်းရဲ့ စိတ်လှုပ်ရှားစရာ စကားတွေကိုကြား ပြီး ကြည်နူးပီတိ ဖြာရပါသည်။

ပိုးသားလို နူးညံ့ပျော့ပျောင်းသော ညီဟန်ထွန်းရဲ့ အပြော မှာ ချိုလဲ့ရီ သာယာမိပြန်သည်။

အချိန်တိုတိုအတွင်းမှာပဲ ညီဟန်ထွန်းက ချိုလဲ့ရီကို ချစ် ခွင့်ပန်ပြီး ချိုလဲ့ရီကလည်း ချက်ချင်း တုံ့ပြန်လိုက်သဖြင့်

ချစ်သူတွေ ဖြစ်သွားသည်။

ညီဟန်ထွန်းက ရန်ကုန်မှာ အလုပ်ရှိနေသည်မို့ ရန်ကုန် ပြန်သွားသည်။ ချိုလဲ့ရီအား ရန်ကုန်မှ ဖုန်းဆက်ပြီး ဆက်သွယ်သည်။

ချစ်သူတွေ ဖြစ်သွားပြီးနောက် ချိုလဲ့ရီထံ တစ်ခေါက်သာ ရောက်လာသည်။

"မိုးဇင်ရေ ရှေ့အပတ်ထဲ မင်းနဲ့ငါ စင်ကာပူသွားရတော့မယ်"

"အေးလေ အဲဒါ ဘာဖြစ်လဲ"

"ချိုလဲ့ရီဆီ တစ်ခေါက်လောက် သွားချင်သေးတယ်"

"သွားချင် သွားပေါ့ကွာ"

"အလုပ်က များနေတော့ စိတ်သာရှိတယ် သွားဖို့ သိပ်မလွယ်ဘူး"

"ဟိုမှာ ဘယ်လောက် ကြာမယ်မှန်း မသိဘူးဆိုတော့ မသွားခင် မင်း သွားတွေ့သင့်တယ်"

"အဲ့ဒါတော့ ဟုတ်တယ်"

ရည်းစားတွေ တစ်ယောက်ပြီးတစ်ယောက် ထားတတ်သော ညီဟန်ထွန်းရဲ့အကြောင်းကို အတွင်းကျကျ သိနေသောမိုးဇင်သိန်းက ညီဟန်ထွန်းကို ပွင့်ပွင့်လင်းလင်း မေးလိုက်သည်။

"ညီဟန် မင်း ချိုလွဲရီကို အပျော်သဘောမျိုးလို့ လက်တည့်စမ်းပြီး ချစ်ရေးဆိုလိုက်တာလား"

"ငါ့အကြောင်း သိသားနဲ့ကွာ၊ ရည်းစားတစ်ယောက်ကို ခြောက်လထက် ပိုမထားတတ်ဘူး ဆိုတာ"

"အေး မင်းအကြောင်း သိပါတယ်၊ ဒါပေမဲ့ ချိုလွဲရီကို တော့ မင်း တကယ်စွဲစွဲလမ်းလမ်း ချစ်တယ်ထင်လို့"

"အခုလောလောဆယ်မှာတော့ စွဲလမ်းနေတာပဲ၊ နောက် တော့ ဘယ်လိုဖြစ်မယ် မသိဘူး"

တစ်ခါမှ စိတ်မဆိုးဖူးသော အလွန်ချစ်ခင်ခဲ့သည့် သူငယ်ချင်းရဲ့ မျက်ခွက်ကို ဆွဲထိုးပစ်ချင်စိတ် ပေါက်လာသဖြင့် မိုးဇင်သိန်းက သူ့ကိုယ်သူ မနည်းကြီး စိတ်ထိန်းလိုက်ရသည်။

"သူ့ကိုကြည့်ရတာ ရိုးရိုးသားသားလေးပါကွာ၊ မင်းရဲ့ အရင်က ရည်းစားတွေနဲ့ မတူဘူး၊ သူ့ကို မင်း အပျော်သဘော မျိုးထားတာ သိပ်လွန်တယ်"

မိုးဇင်သိန်းက သူရင်နှင့်တမျှ မြတ်နိုးတွယ်တာမိသော မိန်းကလေးကို ညီဟန်ထွန်းက ပေါ့ပေါ့ပျက်ပျက် သဘောထား လိုက်သဖြင့် အလွန် ခံရခက်နေသည်။

စိတ်ထဲရှိသမျှ သွန်ချလိုက်ရလျှင် အလွန်ချစ်ခင်သော သူငယ်ချင်းနှစ်ယောက် အိုးစားကွဲရတော့မည်။ တစ်စီးပွားတည်း.

လုပ်ကိုင်နေကြပြီး မိန်းမတစ်ယောက်ကြောင့် စိတ်ဝမ်းကွဲရသည့် အဖြစ်မျိုး မဖြစ်ချင်ပါ။

ရိုးရိုးသားသားနှင့် ဘဝကို ရုန်းကန်ကြိုးစားနေသော ချိုလဲ့ရီကိုသာ သနားမဆုံးပါ။ ချိုလဲ့ရီ စိတ်မချမ်းသာမှာကို ဘယ်လိုမှ မကာကွယ်ပေးနိုင်သဖြင့် အလွန် စိတ်ထိခိုက်ရပါသည်။

ယဉ်ကျေး၍ လိမ္မာရေးခြားရှိပြီး ရိုးသားသော ချိုလဲ့ရီက ညီဟန်ထွန်းရဲ့ မေတ္တာကို တကယ်လိုယုံစားပြီးမှ အပစ်ပယ်ခံရလျှင် နှလုံးကြေရမည့် အဖြစ်ကို မိုဇင်သိန်းရဲ့ ရင်ထဲမှာ တဆစ်ဆစ် နာကျင်နေသည်။

ညီဟန်ထွန်းက ချိုလဲ့ရီထံ တယ်လီဖုန်း ဆက်လိုက်သည်။ တစ်ခေါက် သွားတွေ့ချင်သော်လည်း အချိန်မရပါ။

"ချိုလဲ့၊ ကိုယ်ပါ"

"ဟုတ်ကဲ့ ကိုညီဟန် ပြောပါ"

"ကိုယ် စင်ကာပူသွားရတော့မယ်"

"ဟုတ်လား ဘယ်တော့လဲ ဟင်"

"မနက်ဖြန်"

"ဟင် ချက်ချင်းကြီး သွားရတာလား"

"ချက်ချင်းကြီး မဟုတ်ပါဘူး၊ သွားဖို့စီစဉ်ပြီးသား"

"သြော် ဟုတ်လား"

"ချိုလဲ့ဆီ ကိုယ်တိုင်လာပြီး နှုတ်ဆက်ချင်ပေမယ့် အချိန် မရလို့ ဖုန်းနဲ့ပဲ နှုတ်ဆက်တာ"

"မသွားခင် တွေ့ချင်လိုက်တာ အစ်ကိုရယ်"

"အေးကွာ ကိုလဲ တွေ့ချင်ပါတယ်၊ မတတ်သာလွန်းလို့ ပါ"

"ဟိုကနေ ချိုလဲ့ဆီ ဖုန်းဆက်ဦးနော်"

"အေးပါကွာ"

ညီဟန်ထွန်းက တယ်လီဖုန်းထဲကနေ ချိုလဲ့ရီ အရည် ပျော်မတတ် ချစ်စကားတွေ တွတ်ထိုးလိုက်သည်။ သည်အပြော တွေကိုကျပြီး ချိုလဲ့ရည်က ကျေနပ်လိုက်ရပါပြီ။

"ဒါပဲနော် ဟိုရောက်ပြီး ချိုလဲကို မေ့မသွားနဲ့ဦး"

"ဒီလောက်ချစ်ရတဲ့ မိန်းကလေးကို မေ့မလားကွာ..."

ကိုယ့်ရဲ့ အသည်းနှလုံးကို ချိုလဲ့က အပိုင်စားရပြီးသား ပါကွာ"

တယ်လီဖုန်းထဲကနေ အချိန်ကြာကြာ စကားပြောပြီး ညီဟန်ထွန်းက ဖုန်းချလိုက်သည်။ ချိုလဲ့ရီမှာ ချစ်သူကိုလွမ်းမော စိတ်ဖြင့် မျက်ရည်များပင် စို့လာသည်။

❊

# အခန်း (၄)

ညီဟန်ထွန်းနှင့် မိုးဇင်သိန်းတို့ နှစ်ယောက် စီးပွားရေးကိစ္စဖြင့် စင်ကာပူနိုင်ငံသို့ သွားကြသည်။

စင်ကာပူရောက်ပြီး အလုပ်တွေများနေကြသဖြင့် ညီဟန်ထွန်းက ချိုလဲ့ရီထံသို့ ဖုန်းမဆက်ဖြစ်ပါ။ တစ်နေ့သော ညနေ အလုပ်အား၍ နှစ်ယောက်သား ညစာစားရင်း မိုးဇင်သိန်းက ညီဟန်ထွန်းကို မေးသည်။

"မင်း ချိုလဲ့ရီဆီ ဖုန်းဆက်ပြီးပြီလား"

"မဆက်ရသေးဘူး"

"ဆက်လိုက်လေ၊ မင်းဆီက ဖုန်းလာဖို့ သူ မျှော်နေမှာပေါ့"

"အေးကွာ ညကျရင် ဆက်လိုက်ဦးမယ်"

ညီဟာန်ထွန်းက ချိုလှဲ့ရီကို သိပ်ပြီး လေးလေးနက်နက် သဘောမထားသည်ကို တွေ့ရပြီး မိုးဇင်သိန်းက စိတ်မကောင်းပါ။

ဟိုတယ်သို့ပြန်ရောက်ပြီး ညီဟာန်ထွန်းက ချိုလှဲ့ရီထံသို့ ဖုန်းဆက်လိုက်သည်။

"အစ်ကိုရယ် ချိုလှဲ့ အစ်ကိုရဲ့ ဖုန်းကို မျှော်နေတာ"

"အစ်ကိုလဲ ချိုလှဲ့ကို သိပ်လွမ်းတာပဲကွာ၊ အလုပ်မအားပေမယ့် အချိန်မလပ် သတိရနေတယ်"

"ချိုလှဲ့လဲ အစ်ကို့ကို လွမ်းပါတယ်"

"ချိုလှဲ့အလွမ်းက အစ်ကို့ကို မီမယ်မထင်ပါဘူးကွာ"

ဦးဟာန်ထွန်းက ချိုလှဲ့ရီ အလွမ်းတွေသယ်ပြီး ချိုလှဲ့ရီ ကြွေကျမတတ် အပိုတွေ စွက်လိုက်ပါသည်။

"အစ်ကို အားတာနဲ့ ချိုလှဲ့ကို ဖုန်းဆက်မယ်နော်"

"ဟုတ်ကဲ့ အစ်ကိုက ဘယ်တော့ ပြန်လာမှာလဲ"

"မပြောတတ်သေးဘူး ချိုလှဲ့ရယ်၊ ကြာလိမ့်မယ်"

"ဒါဆို လွမ်းနေရဦးမှာပေါ့နော်"

"အစ်ကိုလဲ လွမ်းနေရမှာပါ ချိုလှဲ့ရယ်"

ညီဟာန်ထွန်းက လျှာအရိုးမရှိတိုင်း ပိုပိုကဲကဲ အပိုတွေ ပြောလိုက်သည်။ ချိုမြိန်အောင် ဖန်တီးထားသော သူ့စကားကို

ချိုလှဲ့ရီက အဟုတ်ကြီးထင်ကာ ပီတိဖြာနေပါတော့သည်။

အပျံသင်စအရွယ် ငှက်ကလေးလို အချစ်ကို လက်တည့်စမ်းမိသော ချိုလှဲ့ရီက ထိုအချစ်ရဲ့ သာယာမှုကို မိန်းမောနေမိသည်။

❀

ညီဟန်ထွန်းနှင့် မိုးဇင်ဦးတို့ စင်ကာပူမှာ စီးပွားလုပ်ရင်း သွားရင်းလာရင်းနှင့် စင်ကာပူတွင် စီးပွားရှာနေသော သူဌေးတစ်ဦးနှင့် ဆုံသည်။

လုပ်ငန်းအကြောင်း ပြောဆိုရင်းကနေ ရင်းနှီးပြီး သူဌေးသမီး ရှယ်လီနှင့် ဆုံတွေ့ကြပြန်သည်။ ရှယ်လီသည် စင်ကာပူမှာ ကျောင်းတက်ပြီး ဘွဲ့ရကာ ဖခင်ရဲ့ စီးပွားရေးမှာ ဝင်လုပ်နေသည်။

ရှယ်လီရဲ့ နေထိုင်ပုံက မြန်မာဟန် မြန်မာအမူအရာပျောက်ဆုံးနေသည်။ အနောက်တိုင်းဆန်စွာ နေထိုင်ဝတ်စားထားသော ရှယ်လီကိုတွေ့ပြီး ညီဟန်ထွန်းက စိတ်ဝင်စားသွားပြန်သည်။

ရှယ်လီနှင့် တွေ့ဆုံဖန် များပြီး ရှယ်လီ့အပေါ်မှာ ချစ်စိတ်တွေ ဝင်လာသည်။ ထားခဲ့ဖူးသော ရည်းစားများထဲက တစ်ယောက်ဖြစ်သော ချိုလှဲ့ရီကို မေ့သွားပါသည်။

ရှယ်လီကို ချစ်ခွင့်ပန်ပြီး ရှယ်လီကလည်း ချက်ချင်းလက်ခံလိုက်သဖြင့် ချစ်သူတွေ ဖြစ်သွားကြသည်။ မိုးဇင်သိန်းက သူတို့ ချစ်သူတွေ ဖြစ်သွားပြီးမှ သိလိုက်ရသည်။

"ညီဟာန် မင်းက ဘယ်လိုလဲကွာ"

"ဘာကိုပြောတာလဲ မိုးဇင်"

"မင်းမှာ ချိုလှဲ့ရီ ရှိရက်သားနဲ့ ရှယ်လီနဲ့ ချစ်သူတွေ ဖြစ်ကြပြန်ပြီလား"

"ချိုလှဲ့ရီက ငါ့ရဲ့ အပျော်ရည်းစားပါကွာ"

"ဘာကွ"

မိုးဇင်သိန်းက ညီဟာန်ထွန်းကို ဆွဲထိုးချင်လောက် အောင် ဒေါသဖြစ်သွားသည်။

"မင်း ဘာဖြစ်လို့ ဒေါသဖြစ်ရတာလဲ"

မိုးဇင်သိန်းမှာ မျက်နှာကြီး နီရဲပြီး ဒေါသဖြစ်နေသည်ကို ကြည့်ပြီး ညီဟာန်ထွန်းက မေးသည်။

"ချိုလှဲ့ရီအပေါ် မင်း သိပ်ရက်စက်လွန်းတယ်"

"အေးကွာ အဲ့လိုဖြစ်သွားရင်လဲ မတတ်နိုင်တော့ဘူး၊ အစက ငါလဲ သူ့ကို ထားခဲ့သမျှ ရည်းစားတွေထဲမှာ စွဲစွဲလမ်းလမ်းရှိလို့ အတည်ကြံမလို့ပါပဲ၊ ဒါပေမဲ့ ရှယ်လီနဲ့တွေ့မှ တကယ့်အချစ်ဆိုတာကို ငါ နားလည်လိုက်ပြီ၊ ရှယ်လီ့ကို ငါ

တကယ်ချစ်တယ်၊ တကယ်လက်ထပ်မှာ"

"ချိုလဲ့ရီအပေါ် မင်း သိပ်ရက်စက်လွန်းတယ်"

"ဟုတ်ပါတယ်ကွာ၊ အဲဒီအတွက် ငါ စိတ်မကောင်းပါဘူး၊ သူက ငယ်ရွယ်တဲ့မိန်းကလေးပဲ ဒီစိတ်ဆင်းရဲစရာကို ကျော်လွှားနိုင်မှာပါ"

"ပြောတော့ လွယ်လိုက်တာကွာ၊ ချိုလဲ့ရီက တခြား မင်း ထားခဲ့တဲ့ ရည်းစားတွေနဲ့ မတူဘူး သိပ်ရိုးသားတာ၊ မင်း အတွက် သိပ်ခံစားသွားရရင် ဘယ်လိုလုပ်မလဲ"

"အဲလိုဆိုရင် စိတ်မကောင်းရုံအပြင် မတတ်နိုင်ဘူးပေါ့ ကွာ၊ ရွယ်လီ့ကို ငါ တကယ်ချစ်မိနေပြီ"

ညီဟန်ထွန်းကို ညီအစ်ကို အရင်းလို ချစ်ခင်သော်လည်း ချိုလဲ့ရီပေါ် ထိုကဲ့သို့ ဆက်ဆံသဖြင့် မိုးဇင်သိန်းက ခွင့်မလွှတ် နိုင်အောင် ဖြစ်သွားသည်။

ညီဟန်ထွန်းကို အကြောင်းမသိဘဲ အညှာလွယ်သည့် ချိုလဲ့ရီကိုပင် ဒေါသဖြစ်ရမလိုလို ပါပဲ။

ချိုလဲ့ရီမှာ စွဲလမ်းစွာ ချစ်မိသူပီပီ ချိုလဲ့ရီ ခံစားရမှာကို တွေးပြီး စိတ်မကောင်းပါ။ ညီဟန်ထွန်းနှင့် ရွယ်လီတို့နှစ် ယောက်က စင်ကာပူမှာတင် လူသိရှင်ကြား စေ့စပ်သည်။ စေ့စပ်ပွဲကို ဖိတ်စာနှင့် ရင်းနှီးသော စီးပွားဖက်များကို ဖိတ်ကြား

သည်။

ညီဟန်ထွန်းထံမှ တယ်လီဖုန်း အဆက်အသွယ်မရ၍ ချိုလှဲ့ရီက တမျှော်မျှော်နှင့်ပါ။ တယ်လီဖုန်းသံ ကြားလျှင် ညီဟန်တွန်းထံမှ တယ်လီဖုန်းဆိုပြီး ပြေးကိုင်ရသည်မှာလည်း အမောပါပဲ။

ရက်တွေ တစ်ရက်ပြီးတစ်ရက်သာ ကုန်ဆုံးသွားသည် ညီဟန်ထွန်းထံမှ အဆက်အသွယ်မရပါ။ ထိုသို့ ချိုလှဲ့ရီ စောင့်စားနေမည်ကို မိုးဇင်သိန်းက သိ၍ ချိုလှဲ့ရီအပေါ် ညီဟန်ထွန်း သစ္စာဖောက်လိုက်သည်ကို သိစေချင်သည်။

လွမ်းဆွတ်တမ်းတစိတ်ကို နာကြည်းစိတ်နှင့် အဆုံးသတ်စေချင်သည်။ ဒါကြောင့် ညီဟန်ထွန်းနှင့် ရှယ်လီတို့ စေ့စပ်သော ဖိတ်စာကတ်ပြားကို စာတိုက်ကနေ မှတ်ပုံတင်ပြီး ချိုလှဲ့ရီထံသို့ ပို့လိုက်သည်။ စာပို့သမားက လက်မှတ်ထိုးပြီး လက်ခံခိုင်းသဖြင့် ချိုလှဲ့ရီက လက်ခံလိုက်သည်။

သူ့အမည်တပ်ထားသော စာအိတ်ကို ဖွင့်ပြီး ဖတ်လိုက်သည်။ ညီဟန်ထွန်းနှင့် ရှယ်လီတို့ရဲ့ စေ့စပ်ကြောင်းလမ်းဖိတ်စာကို တွေ့လိုက်ရသည်။

"ဟင် အစ်ကို စေ့စပ်လိုက်ပြီပဲ"

ရုတ်တရက် ပြင်းထန်သော ရိုက်ချက်တစ်ခု နှလုံးသား

ထဲမှာ ရိုက်ခတ်သွားသလို ခံစားလိုက်ရသည်။ တစ်ကိုယ်လုံး အေးစက် တောင့်တင်းသွားသည်။

အရှိုက်ကို ပြင်းထန်စွာ အထိုးခံလိုက်ရသလို အသက်ပင် မရှူနိုင်အောင် ဖြစ်သွားသည်။ တဖြည်းဖြည်း ရင်ထဲက နာကြည်းပေါက်ကွဲမှုက မျက်ရည်တွေအသွင်ဖြင့် ပါးပြင်ပေါ်သို့ လိမ့်ဆင်းလာသည်။

"ရက်စက်လိုက်တာ"

တုန်ယင်နေသော နှုတ်ခမ်းလွှာကြားက ထိုစကားတွေ တိုးညှင်းစွာ ပေါ်ထွက်လာသည်။ သစ်စိမ်းချိုး ချိုးခံလိုက်ရသလို သူ့ရဲ့ မေတ္တာကို ပြက်ရယ်ပြုသော ညီဟာန်ထွန်းကို တစ်ချိန်တည်းမှာ အလွန် နာကြည်းသွားသည်။

တိတ်တဆိတ် ချစ်သူထားပြီး တိတ်တဆိတ် အသည်းကွဲရသည့် အဖြစ်ကို အမေရော၊ အဒေါ်ပါ မသိအောင် ဖုံးဖိထားလိုက်ပါသည်။ ညီဟာန်ထွန်းရဲ့ ဖိတ်စာကို အစိတ်စိတ်အမြွာမြွာ စုပ်ဖြဲပြီး လွှင့်ပစ်လိုက်သည်။

ညီဟာန်ထွန်းကြောင့် နှလုံးသားမှာ ဒဏ်ရာရခဲ့ပြီး ဘယ်ယောကျ်ားကိုမှ စိတ်မဝင်စားနိုင်အောင် ဖြစ်သွားသည်။

မိခင်ကြီး ကွယ်လွန်ပြီး ညီအစ်မနှစ်ယောက် အဒေါ်နှင့် နေကြရသည်။ မိန်းမသားနှစ်ယောက်ကို ဦးစီးလုပ်ကိုင် ရှာဖွေ

ကျွေးနေရသော ချိုလဲ့ရီက ဆန့်ကျင်ဘက် ယောကျ်ားတွေကို စိတ်မဝင်စားတော့သလို ခေါင်းထဲလည်း မထည့်တော့ပါ။

အထင်ကြီးစရာမကောင်းသော ယောကျ်ားတွေကို သူ့ရဲ့ နှလုံးသားထဲကို အဝင်မခံတော့ပါ။ ရှစ်နှစ်လုံးလုံး စီးပွားရေး ထဲမှာ သူ့စိတ်အာရုံကို နှစ်မြုပ်ထားခဲ့ရာမှ သည်နေ့ မိုးဇင်သိန်း နှင့် တွေ့ပြီး ရင်ခုန်ခြင်းဆိုသော ခံစားချက်ကို ခံစားလိုက်ရသည်။

ညီဟန်ထွန်းကို နှစ်တွေ ကြာလာသည်နှင့်အမျှ နာကြည်း မုန်းတီးစိတ်တွေ ပြောပျောက်သွားသည်။ သူ့ရင်ထဲမှာ ညီးဟန် ထွန်းနှင့် ပတ်သက်ပြီး ခံစားမှု လုံးဝမရှိတော့ပါ။

ညီဟန်ထွန်းကို သူ တကယ်ရော ချစ်ခဲ့သလားဆိုတာကို ပင် မသေချာတော့ပါ။ ဆယ်ကျော်သက်အရွယ်နဲ့ စိတ်ကစား ခြင်းကြောင့် ဖြစ်ပေါ်လာသော နှလုံးသားရဲ့ လှုပ်ရှားမှုလို့ပင် ထင်ထားခဲ့သည်၊

မိုးဇင်သိန်းကို တွေ့လိုက်စဉ်မှာ သူ့ရဲ့ နှလုံးသားက တစ်ခါမျှ မခံစားဖူးသော လှုပ်ရှားမှုကို ခံစားလိုက်ရသည်။

"ငါ့ရင်ထဲကို အချစ်ဆိုတဲ့ ခံစားမှုကြီး သံသရာလည်ပြီး တစ်ပတ်ပြန်ကျော့လာပြန်ပြီလား"

ချိုလဲ့ရီက ထိုသို့တွေးမိပြီး အလွန်ထိတ်လန့်သွားသည်။

"မဖြစ်ဘူး ဒီလူနဲ့ကင်းကင်းနေမှ၊ ဘယ်ယောကျ်ားအတွက်

မှ ချစ်တာရော၊ မုန်းတာရော ငါ မခံစားနိုင်ဘူး”

ချိုလဲ့ရီက သူ့အသည်းတံခါးကို လုံအောင်ပိတ်ထားတော့မည်ဟု စိတ်ကူးလိုက်သည်။ မိုးဇင်သိန်းနှင့်လည်း အတတ်နိုင်ဆုံး မတွေ့အောင် ရှောင်ရှားမည်ဟု ဆုံးဖြတ်ထားသည်။

ဒေါ်လေးသင်းသင်းနှင့် ချိုသက်ကြည်က မိုးဇင်သိန်းကို ကျေးဇူးတင်ပြီး ခင်မင်နေသည့်ပုံစံပါ။

“ဒေါ်လေးကလဲ လူကြီးဖြစ်ပြီး တွေ့တဲ့သူစိမ်းကို ခင်လိုက်တာပဲ”

“ချိုသက်ကလဲ အပျိုလေးဖြစ်ပြီး သူစိမ်းယောကျ်ားကို ဒီလို ချက်ချင်းကြီး မခင်သင့်ဘူး”

သူ့စိတ်ကို သူ မနိုင်မှာ စိုးရိမ်ပြီး ဒေါ်သင်းသင်းနှင့် ချိုသက်ကြည်ကို အပြစ်တင်လိုက်သည်။

❋

# အခန်း (၅)

နောက်တစ်နေ့ နံနက်စောစော နံနက်စာ ထမင်းကြော် နှင့် ကော်ဖီသောက်နေစဉ်မှာ ဒေါ်သင်းသင်းက ချိုလှဲ့ရီကို မေးသည်။

"ချိုလှဲ့ မိုးဇင် ဘယ်မှာတည်းလဲ သိလား"

"ဟင့်အင်း ဘာလုပ်မလို့လဲ"

"ထမင်းစား ဖိတ်ခိုင်းမလို့"

"ချိုသက်သိတယ် ဒေါ်လေး၊ ဘယ်တော့ဖိတ်မှာလဲ၊ ချိုသက် သွားပြောပေးမယ်"

ချိုသက်ကြည်က သွက်လက်စွာ ဝင်ပြောသည်။ ချိုလှဲ့ရီ က ခပ်တည်တည် မျက်နှာထားနှင့် ချိုသက်ကြည်ကို ကြည့်လိုက် သည်။

"ဟုတ်လား ဒါဆို ချိုသက်ပဲ ဒီမနက် သွားဖိတ်လိုက် လေ၊ ညစာ ဒေါ်လေးတို့ဆီမှာ လာစားပါလို့"

"ဟုတ်ကဲ့ စားပြီး ချိုသက် စက်ဘီးနဲ့ သွားလိုက်မယ်"

"ဒေါ်လေးရယ် ချိုသက်က အပျိုအရွယ်လေး၊ ဒီလို သူစိမ်းတစ်ယောက်ကို သွားဖိတ်လို့ သင့်တော်ပါ့မလား"

"ဟာ မမချိုလဲ့ကလဲ ဘာတွေ အတွေးခေါင်နေတာလဲ၊ သူက ချိုသက်တို့ကို ကူညီထားလို့ ကျေးဇူးတင်တဲ့အနေနဲ့ ဖိတ်မှာပဲ"

"ဟုတ်သားပဲ ချိုလဲ့ရယ်၊ ညည်းကလဲ တစ်ခါတစ်ခါ သိပ်အတွေးခေါင်တယ်၊ ခေတ်သမီးပျို မဟုတ်တာ ကျနေတာပဲ"

"မမချိုလဲ့က ချစ်သူပစ်တာခံရပြီး ယောကျ်ားတွေကို အခုထိ စိတ်နာနေတုန်းလား"

ချိုသက်ကြည်က လွှတ်ခနဲ မေးလိုက်ပြီးမှ သူ့စကား လွန်သွားသည်ကို သိလိုက်သည်။

"ဟင်...ချိုလဲ့က ဘယ်တုန်းက ရည်းစားထားခဲ့တာလဲ"

"ချိုသက် ဘာတွေလျှောက်ပြောနေတာလဲ၊ မမ ဘယ်တုန်း က ရည်းစားထားခဲ့လို့လဲ"

ချိုလဲ့ရီက ဖြောင်ငြင်းလိုက်သည်။ ချိုသက်ကြည်က သူ များပြောသော စကားကို တကယ်မှ ဟုတ်ရဲ့လားဟု သံသယ

ဖြစ်သွားသည်။

"မသိဘူးလေ အဲလို ဖြစ်ခဲ့တယ်လို့ ကြားသလားလို့"

"သူများပြောတဲ့ အတင်းအဖျင်းကို ယုံပြီး လျှောက်ပြော မနေနဲ့"

"မမချိုလဲ့ တကယ်ပဲ ရည်းစားမရှိခဲ့ဖူးလား"

"မမမှာ ရည်းစားထားဖို့ အချိန်တောင် မရှိဘူး"

ချိုလဲ့ရီ ဒေါသဖြစ်ပြီး မျက်နှာ နီမြန်းနေသည်ကို ဒေါ်သင်းသင်းက တွေ့သည်။ ချိုလဲ့ရီကို သူတစ်ပါးတွေက မလို၍ လျှောက်ပြောသည်ဟု စွပ်စွဲလိုက်သည်။

"ငါ့တူမလေးမှာ အရွယ်နဲ့မလိုက်အောင် စီးပွားရှာနေရတာ၊ ဘယ်လို ပါးစပ်တွေကများ အားအားယားယား သားပုပ်လေလွင့် လျှောက်ပြောကြတာလဲ"

ချိုသက်ကြည်က လွန်သွားသော စကားအတွက် ဇက်ကလေး ပုနေသည်။

"ချိုသက် သူများပြောတာတွေ နားထောင်ပြီး မမကို လျှောက်မပြောနဲ့"

"ဟုတ်ကဲ့ ဒေါ်လေး"

"ချိုလဲ့ ဈေးကို ပန်းသွားပို့ရင်းနဲ့ မိုးဇင်သိန်းကိုဝင်ပြီး ဖိတ်လိုက်မယ်"

"ကောင်းသားပဲ ချိုသက်သွားစရာ မလိုတော့ဘူးပေါ့"

ဒေါ်သင်းသင်းက ဆုံးဖြတ်ပေးလိုက်သည်မို့ ချိုသက်ကြည် စိတ်ညစ်သွားပါသည်။ အလွန် သွားချင်သော မိုးဇင်သိန်းထံသို့ သွားရမည့် အခွင့်အရေး ဆုံးရှုံးသွားပါတော့သည်။

"ကိုမိုးဇင်သိန်း ဘယ်မှာတည်းတာလဲ ပြောပါဦး"

ချိုသက်ကြည်ထံမှ မေးမြန်းပြီး ချိုလွဲ့ရီက ထမင်းစားခန်းမှ ထွက်လာသည်။ ရေချိုး ပြင်ဆင်ပြီး မနေ့ညနေက စည်းထားသော ပန်းစည်းတွေကို ပစ်ကပ်ကားနောက်ကို တင်ခိုင်းပြီး သွင်းနေကျ ပန်းဒိုင်များဆီ သွားပြီးပို့သည်။

အပြန်မှာ မိုးဇင်သိန်း တည်းခိုသောဟိုတယ်ဆီသို့ ကားကို မောင်းလာခဲ့သည်။ မိုဇင်သိန်းကို ဟိုတယ်မှာ တွေ့လိုက်သည်။

ချိုလွဲ့ရီကိုမြင်ပြီး မိုးဇင်သိန်းက အံ့ဩသွားသည်။ သူ့ကို လိုလိုလားလား မဆက်ဆံသော ချိုလွဲ့ရီ သူ့ထံသို့ ရောက်လာသည်ကို အံ့ဩစရာပါ။

"ကိုမိုးဇင်သိန်းကို ဒီည အိမ်ကို ဒေါ်လေး ထမင်းစားကြွဖို့ ဖိတ်လိုက်ပါတယ်"

"ဟုတ်လား၊ တကူးတက လာပြောရတယ်လို့များ၊ တယ်လီဖုန်း ဆက်လိုက်ရောပေါ့"

"ဒေါ်လေးက ကိုယ်တိုင် ဖိတ်ခိုင်းလို့ပါ"

"ချိုလဲ့ရီကကော မဖိတ်ဘူးလား"

ချိုလဲ့ရီ မျက်နှာလေးကို ပြုံးလဲ့လဲ့နှင့် ကြည့်ပြီး မေးလိုက်သည်။ ထိုအကြည့်ကြောင့် ချိုလဲ့ရီ ရင်ခုန်သွားသည်။ ဒါကြောင့်သို့ မျက်နှာကနေ အကြည့်ကို မြန်မြန် လွှဲလိုက်သည်။

"ဒေါ်လေးက ဖိတ်နေပြီပဲ၊ အတူတူပဲပေါ့"

"ကောင်းပါပြီ ညနေကျရင် လာခဲ့ပါ့မယ်"

"ဒါဆို သွားလိုက်ပါဦးမယ်"

ချိုလဲ့ရီက စကားကို မြန်မြန်ဖြတ်ပြီး နှုတ်ဆက်ပြန်လာခဲ့သည်။ ချိုသက်ကြည်ကို မလွှတ်ချင်၍ သူ လာခဲ့မိသည်က မှားလေပြီလားဟု တွေးသည်။

မိုးဇင်သိန်းနှင့် ဆုံပြီး ထပ်၍ ရင်ခုန်ခြင်းဆိုတာကို ပြန်ခံစားရပြီး ဘဝင်မကျအောင် ဖြစ်နေရသည်။ မိုးဇင်သိန်းက သူ့ကို ကားနားအထိ ပြန်လိုက်ပို့ပေးပြီး သူမောင်းထွက်သွားသည်ကို ရပ်ပြီး ကြည့်ကျန်ရစ်ခဲ့သည်။

နောက်ကြည့်မှန်မှာ ထင်အပ်ပါလာသော မိုးဇင်သိန်း ရပ်ပုံကို ချိုလဲ့ရီက မကြည့်ဘဲ နေပစ်လိုက်သည်။

ဒေါ်သင်းသင်းက မိုးဇင်သိန်းကို ထမင်းစားဖိတ်ထားသဖြင့် အိမ်ဖော် မပုနှင့်အတူ မီးဖိုထဲမှာ ဖွယ်ဖွယ်လျာလျာ ချက်ပြုတ် ပြင်ဆင်နေသည်။

ချိုသက်ကြည်က သူ့ထုံးစံအတိုင်း ဘာကိုမျှ သေသေ ချာချာမလုပ်ဘဲ ဟိုစပ်စပ် သည်စပ်စပ် ပါဝင်လုပ်ကိုင်သည်။

ချိုလဲ့ရီက မိုးဇင်သိန်းထံမှ ပြန်လာပြီး ခြံထဲတွင် အလုပ် ရှုပ်နေ၍ မီးဖိုကိစ္စကို ဝင်မကူနိုင်ပါ။

နံနက်စာ ထမင်းစားချိန် အိမ်ပြန်လာတော့ မီးဖိုထဲမှာ ဒေါ်သင်းသင်းရော၊ မပုရော အလုပ်ရှုပ်နေဆဲပါ။

"ဒေါ်လေးတို့ ချက်လို့ပြုတ်လို့ မပြီးသေးဘူးလား"

"မပြီးသေးဘူးကွယ်"

"ဟာ ဆယ့်နှစ်နာရီ ထိုးပြီးနေပြီ၊ ချိုလဲ့ ဗိုက်ဆာနေပြီ"

"မနက်စာက ကျက်ပါပြီ တူမကြီးရဲ့"

"တော်သေးတာပေါ့"

"ကဲ မပုရေ ခူးခပ်ကြရအောင်၊ ဒေါ်လေးတို့ပါ စားကြ မယ်"

"ချိုသက်ရော"

"ဧည့်ခန်း သန့်ရှင်းရေး လုပ်နေတယ် ပြောတာပဲ"

ချိုလဲ့ရီက ဧည့်ခန်းဆီကို သွားကြည့်တော့ ချိုသက်ကြည် ရှိမနေပါ။

ဧည့်ခန်းထဲမှာ မတွေ့၍ အိပ်ခန်းဆီသို့ အသံမပြုဘဲ သွားကြည့်သည်။ စာအုပ်တစ်အုပ်နှင့် ခုတင်ပေါ်မှာ ဖိမ်ကျနေသည်

ကို တွေ့ရသည်။

"ဩော် ချိုသက်က ညှော်ခန်းသန့်ရှင်းရေး လုပ်နေတာကိုး"

ချိုလှဲ့ရီရဲ့ အသံကိုကြားပြီး လက်ထဲကစာအုပ် လွတ်ကျသွားပြီး ချိုလှဲ့ရီအား စပ်ဖြီးဖြီးမျက်နှာနှင့် ကြည့်လိုက်သည်။

"မမချိုလှဲ့ကလဲ ရှင်းပြီးလို့ မောသွားပြီး အမောဖြေနေတာ"

"ဩော် တော်တော်မောသွားရှာတာကိုး၊ ကဲ လာ ထမင်းစားမယ်"

"ဟုတ်ပါ့ မမချိုလှဲ့ကိုမြင်မှ ထမင်းစားဖို့ သတိရတယ်"

ချိုလှဲ့ရီက ပြောပြီး ထမင်းစားခန်းဆီသို့ ထွက်လာသည်။ လက်ဆေးပြီး မပု ပြင်ပေးထားသော ထမင်းဝိုင်းမှာ ဝင်လိုက်သည်။

ထမင်းစားပြီး ခဏ အိမ်မှာနားလိုက်ပြီး အိမ်မှ ပြန်ထွက်လာသည်။

"နေကပြင်းကပြင်းနဲ့ ဒီနေ့ အိမ်မှာပဲ နားလိုက်ပါလား ချိုလှဲ့ရယ်"

"နားလို့ မဖြစ်သေးဘူး ဒေါ်လေးရဲ့၊ ပန်းမျိုးစေ့ကောင်းတွေ ရမယ်ဆိုလို့ သွားဝယ်ရဦးမယ်"

"ညနေ စောစော ပြန်လာဦးနော်"

"ဘာဖြစ်လို့လဲ"

"မောင်မိုးဇင်သိန်းကို ထမင်းစား ဖိတ်ထားတယ်လေ"

"ဒေါ်လေးနဲ့ ချိုသက်ရှိရင် ပြီးတာပဲ"

"ချိုလဲ့ရယ် ခွမတိုက်စမ်းပါနဲ့၊ အချိန်မီ ပြန်လာဦး"

"ဟုတ်ကဲ့ပါ"

မိုးဇင်သိန်းနှင့် နောက်ထပ် မျက်နှာချင်း မဆိုင်ချင်၍ ပြန်မလာလိုသော်လည်း ဒေါ်သင်းသင်းကျေနပ်စေရန် ပြန်လာရမည်ဖြစ်သည်။

သူ့ရဲ့ ပစ်ကပ်ကားကို မောင်းပြီး ခြံထဲမှ ထွက်လာခဲ့သည်။ ညနေစောင်း ချိုလဲ့ရီက အိမ်ပြန်ရောက်သည်။ သူရောက်သည့်အချိန်မှာ မိုးဇင်သိန်း မရောက်သေးပါ။

"ချိုလဲ့ရယ် စောစောပြန်ပါ ပြောရက်သားနဲ့"

"စောစောပဲ ပြန်လာတာလေ၊ ဒေါ်လေးဧည့်သည်ကရော ရောက်သေးလို့လား"

"ခြောက်နာရီ ဖိတ်ထားတာ ရောက်မှာပေါ့"

"ရောက်ရင် ဒေါ်လေးတို့ ဧည့်ခံထားလိုက်ပေါ့၊ ချိုလဲ့ ရေချိုးဦးမယ်"

"အေးပါ မြန်မြန်လုပ်ဦး"

ချိုလဲ့ရီက ဘာမှမပြောဘဲ သူ့အခန်းဆီသို့ လျှောက်ဝင်

သွားသည်။ ကိုယ်ပေါ်က အဝတ်အစားတွေ ချွတ်ပြီး ရေချိုးခန်း ဝင်သည်။

ရေချိုးပြီး ရိုးရိုးရှင်းရှင်းလေး ပြင်ဆင်လိုက်ပေမယ့် အလွန်ကြည့်ကောင်းနေပါသည်။ ဧည့်ခန်းဆီသို့ ထွက်လာတော့ အကျအန ပြင်ဆင်ထားသော ချိုသက်ကြည်ကို တွေ့ရသည်။

"ပြင်ထားလိုက်တာ ပွဲနေပွဲထိုင် သွားမှာ ကျနေတာပဲ"

"မမချိုကလဲ ဧည့်သည်လာမှာ ဒီလောက်တော့ ပြင်ဆင်ရမှာပေါ့"

မိုးဇင်သိန်းကို အလွန် စိတ်ဝင်စားနေသော ဟန်အမူအရာများကို ချိုသက်ကြည်ထံမှာ တွေ့လိုက်ရသည်။ မိုးဇင်သိန်းကို ညီအစ်မနှစ်ယောက်စလုံး စိတ်ဝင်စားနေတယ်ဆိုသော အဖြစ်မျိုးကို ချိုလဲ့ရီက မဖြစ်ချင်ပါ။

မိုးဇင်သိန်းကြောင့် သူလည်း ရင်ခုန်ရသည်မို့ မိုးဇင်သိန်းကို ထပ်တွေ့လျှင် ရင်မခုန်မိအောင် ထိန်းရတော့မည်။

ချိုသက်ကြည်က ဧည့်ခန်းတံခါးမကနေ အပြင်ဘက်ကို တမျှော်မျှော်လုပ်နေသည်ကို မကြည့်ချင်၍ ထမင်းစားခန်းကို ဝင်လိုက်သည်။

"မပုရေ ဘာကူလုပ်ပေးရမလဲ"

"အားလုံး အသင့်ပါပဲ၊ မမချိုလဲ့ ဧည့်ခန်းမှာပဲ သွားဧည့်

ခံနေလိုက်နော်"

"ရပါတယ် ပန်းကန်တွေပါ ချပေးမယ်"

မပုတားသည့်ကြားက အတင်းပင် ဝင်ကူလုပ်ပေးလိုက်သည်။

❁

# အခန်း (၆)

မိုးဇင်သိန်း ရောက်လာတော့ ချိုသက်ကြည်က ပျူငှာစွာ ကြိုဆိုသည်။ ဒေါ်သင်းသင်းကပါ ညော့ခံစကားပြောပြီး ထမင်းစား ခန်းဆီသို့ ဝင်လာသည်။

"ချိုလဲ့ အိမ်ရှေ့မှာမောင် မိုးဇင်သိန်း ရောက်လာပြီ၊ သွား ညော့ခံဦးလေ"

"ဒေါ်လေးတို့ ညော့ခံနေတယ် မဟုတ်လား"

"ညည်းလဲ သွားညော့ခံဦးမှာပေါ့"

"တော်ကြာ ထမင်းစားရင် တွေ့ရမှာပဲ၊ ဒီမှာပဲမပုကို ကူလုပ်ပေးလိုက်မယ်"

"ဘယ်လိုမှန်းမသိဘူး ပေကတ်ပကတ်နဲ့"

မကျေမနပ်နှင့်ပြောပြီး ညော့ခန်းဆီသို့ ပြန်ထွက်သွားသည်။

ချိုလွဲ့ရီက ထမင်းပွဲ အသင့်ဖြစ်သည်နှင့် မပုကို သွားခေါ်ခိုင်းသည်။

"မပုရေ၊ ဒေါ်လေးတို့ကို သွားခေါ်လိုက်ပါ"

"ဟုတ်ကဲ့ မမချိုလွဲ့"

ခဏအကြာမှာ ထမင်းစားခန်းဆီသို့ မိုဇင်သိန်းကို ဒေါ်သင်းသင်းနှင့် ချိုသက်ကြည်က ခြံရံပြီး ခေါ်လာသည်။

"မချိုလွဲ့ရီက ဒီမှာ ပြင်ဆင်နေတာကိုး"

ချိုလွဲ့ရီကိုကြည့်ပြီး မိုးဇင်သိန်းက ပြုံးရယ်နှုတ်ဆက်ပြီး မေးပြောလိုက်သည်။

"ဟုတ်ပါတယ်"

"ဒီလိုပဲ မောင်မိုးဇင်သိန်ရေ၊ ချိုလွဲ့က အလုပ်နဲ့ မပြတ်မှ နေတတ်တာ"

"ချိုလွဲ့ရီက အရမ်း အလုပ်လုပ်တာကိုး"

"ဟုတ်တယ် မမချိုလွဲ့က အနားကို မနေဘူး"

"ဒါဆို ချိုသက်ကရော..."

မိုးဇင်သိန်းက ချိုသက်ကြည်ကို မေးတော့ ချိုသက်ကြည်က မျက်နှာ မချိုမချဉ်နှင့်ပါ။

"ချိုသက်လဲ အလုပ်လုပ်ပါတယ်၊ ဒါပေမဲ့ မမချိုလွဲ့လောက် မလုပ်ဘူး"

မပုက ခူးခပ်ပေးသည်။ မိုးဇင်သိန်းနှင့် ကပ်လျက် ကုလားထိုင်မှာ ချိုသက်ကြည်က ထိုင်သည်။ ချိုလဲ့ရီက မလွဲမရှောင်သာ၍ မျက်နှာချင်းဆိုင်ခုံမှာ ထိုင်လိုက်ရသည်။

ချိုသက်ကြည်က မိုးဇင်သိန်းကို လိုအပ်သည်ထက် ပိုပြီး ဧည့်ခံနေသည်လို့ ချိုလဲ့ရီက ထင်သည်။

"မောင်မိုးဇင်သိန်းက လာလည်တာဆိုတော့ ဒီမှာ ဘယ်လောက်ကြာကြာ နေမှာလဲကွယ့်"

"ကျွန်တော် လာလည်တာ မဟုတ်ပါဘူး ဒေါ်လေး"

"ဩော်... ဒါဆို ဘယ်လိုကိစ္စနဲ့ လာတာလဲ၊ မင်း ဒေါ်လေး မေးတာ စိတ်မဆိုးနဲ့နော်"

"မဆိုးပါဘူး ဒေါ်လေးရယ်၊ ကျွန်တော် ဒီကို အလုပ်ကိစ္စနဲ့ လာတာပါ"

"အလုပ်ကိစ္စ ဟုတ်လား"

"ဟုတ်ပါတယ် ဒေါ်လေး၊ ကျွန်တော်တို့ ကုမ္ပဏီက ဒီမြို့ပြင်နားလောက်မှာ စက်ရုံဆောက်ပါတယ်"

"ဟုတ်လား၊ ဘာစက်ရုံလဲဟင်"

"ဆေးဝါးနဲ့ ပတ်သက်တဲ့ စက်ရုံပါ၊ ကျွန်တော်က ဒီစက်ရုံဆောက်လုပ်ရေးရဲ့ ကြီးကြပ်ရေးအဖွဲ့ဝင် တစ်ဦးပါ"

"ဟုတ်လား... စက်ရုံက ဘယ်တော့ ဆောက်မှာလဲ"

"စဆောက်နေပါပြီ"

"ဟုတ်လား...ဒါဆို လောလောဆယ် မောင်မိုးဇင်သိန်းက ဟိုတယ်မှာ နေနေရတာပေါ့"

"ဟုတ်ပါတယ်၊ မကြာခင်မှာ လုံးချင်းအိမ်တစ်အိမ်ငှားထားပြီမို့ အဲဒီမှာ ပြောင်းနေကြမှာပါ"

"ဟုတ်လား...အပြင်မှာပဲ အမြဲစားရတော့ ဘယ်အဆင်ပြေမလဲနော်"

"ဒီလိုပဲ ဖြစ်ပါတယ် ဒေါ်လေးရယ်"

"စားရသောက်ရ အဆင်မပြေရင် ဒေါ်လေးတို့ဆီ လာစားနိုင်ပါတယ်"

"ကျေးဇူးတင်ပါတယ် ခင်ဗျာ၊ အဖွဲ့နဲ့ဆိုတော့ အမြဲတမ်းသီးခြားခွဲထွက်ပြီး စားဖို့ အဆင်မပြေလို့ပါ"

"ဟင်းတွေ ထည့်စားပါကွယ်"

"ဟုတ်ကဲ့ စားပါတယ်"

"စားလို့ကောင်းရဲ့လား"

"ကောင်းပါတယ်၊ ချိုသက်ရဲ့ လက်ရာလားဟင်"

"ဟုတ်တယ် ချိုသက်က ဟင်းအိုးတွေအားလုံး လျှောက်ကိုင်ထားတော့ ချိုသက်ရဲ့ လက်ရာချည်းပေါ့"

ချိုသက်ကြည်က စပ်ဖြီးဖြီး မျက်နှာနှင့် ပြောလိုက်သည်။

ချိုလွဲ့ရီက တိတ်ဆိတ်စွာပင် ထမင်းကို စားနေသည်။

"ချိုလွဲ့ရီက တော်တော် စကားပြောတာပဲနော်၊ နားကို ငြီးနေတာပဲ"

"မမချိုလွဲ့က အဲ့လိုပဲ၊ ထမင်းစားရင်းနဲ့လဲ စီးပွားရေး အကြောင်းကို စဉ်းစားနေတာပဲ"

"ရှိတာမှ သုံးယောက်တည်းကို ချိုလွဲ့ရီက ဒီလောက်တောင် စီးပွားကို ကြိုးစားရှာနေရလားဗျာ"

"မိုးရွာတုန်း ရေခံရတယ်ဆိုတာကို ကိုမိုးဇင်သိန်းလဲ သိမှာပေါ့"

"ဟုတ်တော့ ဟုတ်ပါတယ်၊ သိပ်ပင်ပန်းရင် ကျန်းမာရေးလဲ ထိခိုက်တတ်တယ်လေ"

"မကျန်းမာတဲ့အထိ ဖြစ်အောင်တော့ ကျွန်မ မလုပ်ပါဘူး"

"ပန်းခင်းတွေက အလုပ်သမားတွေနဲ့ချည်း ထားလို့မဖြစ်ဘူးလား"

"အလုပ်သမားနဲ့ချည်း ပစ်ထားလို့ မဖြစ်ပါဘူး၊ ကိုယ်တိုင် ဝင်ပြီး ကြပ်မတ်မှ အရည်အသွေးလဲကောင်း၊ ဈေးကွက်ကောင်းလဲ ရမှာမို့လို့ပါ"

"အရင်က ဒေါ်လေးက ကူပါတယ်ကွယ်၊ အခုတော့

အသက်လေးလဲ ရလာ၊ နည်းနည်း ချူချာလာတာနဲ့ မလုပ်နိုင်တော့တာပါ"

"ဟုတ်တာပေါ့ ဒေါ်လေးရယ်"

"မင်းတို့ ဒီမှာ စက်ရုံဆောက်ပြီးတဲ့အထိ နေမှာပေါ့နော်"

"မကြာခင် ရန်ကုန်ကို ပြန်ရဦးမှာပါ"

"ဟုတ်လား…ကိုမိုးဇင်သိန်း ဘယ်တော့ ရန်ကုန်ပြန်မှာလဲဟင်"

"ရှေ့တစ်ပတ်ထဲ ပြန်ဖြစ်လိမ့်မယ်"

"ရန်ကုန်ကို ဘာနဲ့သွားမှာလဲ"

"ကိုယ့်ကားနဲ့ပါ၊ ဘာဖြစ်လို့လဲ ချိုသက်"

"ဒါဆို အတော်ပဲ လမ်းစရိတ်လဲမကုန်၊ သက်သောင့်သက်တာ သွားနိုင်အောင် ကိုမိုးဇင်သိန်းကားနဲ့ ချိုသက်လိုက်သွားချင်တယ်"

"ချိုသက်က ရန်ကုန် သွားချင်လို့လား"

"ဟုတ်တယ် ဟိုမှာ ဒေါ်လေးရဲ့အစ်မကြီး ကြီးကြီးသောင်းရှိတယ်လေ"

"ဟုတ်တယ် မောင်မိုးဇင်သိန်းရဲ့၊ ရန်ကုန်မှာ ဒေါ်လေးရဲ့အစ်မကြီး ဒေါ်သောင်းသောင်း ရှိတယ်၊ သူ့ခင်ပွန်းက ရန်ကုန်

ဓာတ်ပီလေ၊ သူက ဟိုမှာပဲ အခြေချနေတယ်"

"ကြီးကြီးသောင်းဆီကို ချိုသက် သွားမလည်ရတာ တော်တော်ကြာနေပြီ"

"ဟိုတစ်ခေါက် သွားခဲ့ပြီးတာ ဘာကြာသေးလို့လဲ ချိုသက်ရယ်"

"ငါးလတောင် ရှိပြီ၊ အဲ့ဒါ အကြာကြီးပေါ့ ဒေါ်လေးရဲ့"

"ချိုလဲ့ကိုလဲ အားနာပါဦးဟယ်၊ ချိုလဲ့ ရန်ကုန်မရောက်တာ ဘယ်လောက် ကြာပြီလဲ"

ဒေါ်သင်းသင်းက ချိုလဲ့အတွက် ငဲ့ပြီး ပြောလိုက်သည်။

"ချိုလဲ့က သွားစရာကိစ္စ မရှိပါဘူး ဒေါ်လေးရယ်၊ ပြီးတော့ ဒီမှာ အလုပ်တွေက ထားခဲ့လို့မှ မဖြစ်တာ"

"အဲဒါသာ ကြည့်တော့ မောင်မိုးဇင်သိန်းရေ၊ ချိုလဲ့ ခေါင်းထဲမှာ အလုပ်တွေချည်းပဲ ရှိတယ်"

"ခုခေတ် မိန်းကလေးတွေထဲမှာ ချိုလဲ့ရိုလို မိန်းကလေးတွေ ရှားတယ်နော်"

"ဟုတ်ပါတယ်ကွယ်၊ ချိုသက်နဲ့တော့ အကွာကြီး ကွာတာပဲ"

"ကြည့် ဒေါ်လေးက ချိုသက်ရဲ့ အတင်းကို ပြောတော့မယ်"

"ရှေ့တင်ပြောမှာဆိုတော့ အတင်း မဟုတ်ပါဘူး"

"ဒေါ်လေးတို့က/ လုပ်ပြီ၊ ညည့်ကောင်းဆောင်ကောင်း ရှေ့ကျရင် ချိုသက်ကို အပုပ်ချတော့တာပဲ"

"အပုပ်ချတာ မဟုတ်ပါဘူး၊ ပျင်းတာကို ပြောမလို့"

"အဲဒါ အပုတ်ချတာပေါ့"

ဒေါ်သင်းသည်းက တူမအငယ်ကို ချစ်စနိုးနှင့် နောက်ပြောင် ကျီစယ်နေသည်။ သူကလွဲ၍ မိုးဇင်သိန်းကို ဒေါ်သင်းသင်းရော ချိုသက်ကြည်က ခင်မင်ရင်းနှီးနေသည်ကို ချိုလှဲ့ရီ တွေ့ရှိနေသည်။

ထမင်းစားသောက်ပြီး ဧည့်ခန်းထဲမှာ အချိုတည်းရင်း စကားပြောကြပြန်သည်။ ချိုလှဲ့ရီက မကောင်းတတ်၍ ဧည့်ခံပြီး ထိုင်နေသော်လည်း စကားဝင်ရောက်ပြောဆိုခြင်း နည်းသည်။

"ချိုလှဲ့ရီတို့ တည်းခိုခန်းမှာ ဧည့်သည် များလား"

"အခန်းက နှစ်ဆယ်ပဲ ရှိတာပါ၊ အဲဒီမှာ နှစ်ယောက်ခန်းက သုံးခန်း ပါပါတယ်၊ အခန်းပြည့် ဧည့်သည်တည်းမှ နှစ်ဆယ်ကျော်လောက် ရှိတာပါ"

"တည်းခိုခန်းအပြင် အစားအသောက်ပါ စီစဉ်ပေးနိုင်ရင် သိပ်ကောင်းမှာနော်"

"ဟုတ်ကဲ့ အစတုန်းက ဘရိတ်ဖတ်(စ်)ကို စီစဉ်ပေးနိုင်

ပေမယ့် ခုတော့ မလုပ်ပေးနိုင်တော့ပါဘူး"

"အနီးအနားမှာ စားသောက်ဆိုင်တွေရှိတော့ နည်းနည်း အဆင်ပြေပါတယ် အစ်ကိုရဲ့"

ချိုသက်ကြည်က ဝင်ပြောလိုက်သည်။ မိုးဇင်သိန်းက ချိုလဲ့ရီနှင့် စကားပြောရအောင် ကြံဖန်စကားရှာသော်လည်း ချိုလဲ့ရီက တိုတိုတုတ်တုတ်သာ ပြောသည်။

ချိုလဲ့ရီသည် ပင်ကို စကားပြောနည်းလေသလား၊ ဒါမှ မဟုတ် သူ့ကိုမှ စကားပြောနည်းသည်လားဆိုတာ တွေးနေမိ သည်။

"မိုးချုပ်နေပြီ ဒေါ်လေးတို့လဲ နားချင်ရောပေါ့၊ ကျွန်တော့် ကို ပြန်ခွင့်ပြုပါဦး"

"ရပါတယ်ကွယ် ဒေါ်လေးတို့က မိုးချုပ်မှ အိပ်ကြတာပါ"

"နောက်များမှ လာပါဦးမယ်၊ ခွင့်ပြုပါခင်ဗျာ"

"အစ်ကိုကလဲ အစောကြီးပြန်တယ်၊ နေပါဦးလား"

"အဖွဲ့တွေနဲ့ စကားပြောစရာ ရှိလို့ပါ၊ နောက်မှ လာလည် ပါ့မယ်"

"ဒါဆို ခြံဝထိ ချိုသက်လိုက်ပို့ပေးမယ်"

မိုဇင်သိန်းကို ချိုသက်ကြည်က လိုက်ပို့ပေးရင်း ခြံဝမှာ ရပ်ပြီး စကားတွေ ပြောနေကြပြန်သည်။

ချိုလဲ့ရီက သူ့အခန်း မပြန်သေးဘဲ ချိုသက်ကြည်ကို မသိမသာ စောင့်ကြည့်နေသည်။ တော်တော်နှင့် မလာသဖြင့် ဒေါသဖြစ်နေသည်။ သီချင်းလေး တအေးအေးနှင့် ဝင်လာသော ချိုသက်ကြည်ကို ဆီး၍ မာန်လိုက်သည်။

"ဘာလို့ ကြာနေတာလဲ"

"ခြံဝမှာ စကားပြောရင်း မပြတ်တာနဲ့ ကြာသွားတယ်"

"နင်ကလေ အတော် ပြောရခက်တယ်၊ အခုမှ သိတဲ့ သူစိမ်းယောက်ျားကို ဒီလောက် မရင်းနှီးသင့်သေးဘူး"

"ဟာ... အစ်ကိုက လူကြီးလူကောင်းပါ၊ မမချိုကလဲ ခင်တာ ဘာမှ မဖြစ်ပါဘူး"

"ဟုတ်ပါတယ်ကွယ်၊ မောင်မိုးဇင်သိန်းက လုပ်ငန်းကြီး လုပ်နေတဲ့ သူပဲ"

"လိုက်ပါတယ် ဒေါ်လေးတို့ တူအရီးက သူ့ကို ပစ်ခတ် ယုံနေကြတာပဲ"

ချိုလဲ့ရီက မကျေနပ်စွာ ပြောပြီး ချာခနဲ လှည့်ထွက်လာသည်။ ချိုလဲ့ရီ သူ့အခန်းထဲကို ဝင်သွားပြီးမှ ချိုသက်ကြည်က ပြောသည်။

"မမချိုလဲ့ ဘာဖြစ်လို့လဲ မသိဘူးနော်၊ အစ်ကို့ကို ကြည့်မရအောင် ဖြစ်နေတယ်"

"ဟုတ်ပါ့ကွယ်"

"မမချိုလဲ့က ယောကျ်ားမုန်းတီးရေး ဝါဒကို ကျင့်သုံးနေတာလားဟင်"

"မသိပါဘူးကွယ်"

"အရင်တုန်းက ရည်းစားရှိပြီး အဲဒီရည်းစားက ထားခဲ့လို့ဆိတာ ဟုတ်လား"

"ဒေါ်လေးတို့ မသိပါဘူးကွယ်၊ ချစ်သူထားခဲ့တာလဲ မတွေ့ပါဘူး"

"ဒါဆို သူများတွေက ဘာလို့ပြောတာလဲ"

"သူများတွေစကားကို ယုံပြီး လျှောက်မပြောနဲ့၊ ညည်း အစ်မအကြောင်း သိသားနဲ့၊ ဒေါသဖြစ်ရင် မလွယ်ဘူးနော်"

"မမချိုလဲ့က အသက် နှစ်ဆယ့်သုံးနှစ်တောင် ရှိနေပြီ၊ ဒီအချိန်မှာ ရည်းစားမရှိသေးဘူးဆိုတော့ သူ့အတွက် ရင်လေးတယ်"

"ဟင်... ဘာလို့ ရင်လေးရတာလဲ"

"တော်ကြာ ဒေါ်လေးလို မစုံတဲ့ အပျိုကြီး ဖြစ်သွားမှာစိုးလို့ပေါ့"

"တယ် ဒီကောင်မလေး"

ဒေါ်သင်းသင်းက လှမ်းပြီး ခေါင်းခေါက်လိုက်သည်ကို

ချိုသက်ကြည်က ရှောင်ရှားရင်း ရယ်ပြောလိုက်သည်။

"ချိုသက်က အပျိုကြီး မလုပ်ဘူးနော်၊ အခုကတည်းက ပြောထားပြီးသား"

ပြောင်စပ်စပ်မျက်နှာနှင့် ပြောပြီး ဒေါ်သင်းသင်းအပါး ကနေ ချိုသက်ကြည်က ထွက်ပြေးသွားပါလေသည်။

❋

# အခန်း (၇)

နောက်တစ်နေ့ နံနက် ချိုလှဲ့ရီက ဈေးက အပြန်လမ်းတွင် မိုးဇင်သိန်းရဲ့ကားနှင့် ဆုံသည်။ မိုးဇင်သိန်းက လက်လှမ်းပြ ရင်း ကားကို တားလိုက်သဖြင့် ချိုလှဲ့ရီက ရပ်လိုက်သည်။

ချိုလှဲ့ရီ ကားပေါ်က မဆင်းဘဲ ထိုင်နေသည်။ မိုးဇင်သိန်းက သူ့ထံသို့ လျှောက်လာသည်။

"ဘယ်က ပြန်လာတာလဲ"

"ဈေးကပါ"

"ကျွန်တော်တို့ရဲ့ ဆိုက်ထဲကို ဝင်ကြည့်ပါဦးလား"

"နောက်မှပဲ လာခဲ့ပါ့မယ်"

"ချိုလှဲ့ရီ နောက်မှလို့ပြောရင် မသေချာဘူး၊ ကြုံတုန်း ဝင်ကြည့်ပါဗျာ"

မိုးဇင်သိန်းရဲ့ အနီးတွင် အခြားတစ်ယောက် ရှိနေသဖြင့် ချိုလဲ့ရီက အားနာသမှုနှင့် ကားပေါ်မှ ဆင်းလိုက်သည်။

မိုးဇင်သိန်းက ချိုလဲ့ရီကို ထိုသူနှင့် မိတ်ဆက်ပေးလေသည်။

"ကျွန်တော်က အစိမ်းသက်သက် ဒီမှာလာပြီး အလုပ်လုပ်တာ၊ မြို့ခံလူရှိတော့ အားရှိလိုက်တာဗျာ"

"ဟုတ်ကဲ့ လိုအပ်တဲ့ အကူအညီရှိရင် ပြောပါ"

"ဟုတ်ကဲ့ပါ ခင်ဗျာ၊ ကျေးဇူးတင်ပါတယ် ခင်ဗျာ"

"ကဲ ချိုလဲ့ရီ ဆိုဒ်ထဲဝင်ကြည့်ပါဦး"

အဆောက်အအုံ ဆောက်နေပြီဖြစ်သော ဆောက်လုပ်ကွင်းကို ချိုလဲ့ရီက ဝင်ကြည့်သည်။ မိတ်ဆက်ပေးထားသော သူက နေခဲ့၍ မိုးဇင်သိန်း ချိုလဲ့ရီကို လိုက်ပြသည်။

"အဆောက်အအုံက တော်တော်ကြီးတာပဲနော်"

"ဟုတ်ပါတယ်၊ အစုရှယ်ယာတွေကလဲ များပါတယ်"

"လုပ်ငန်းကြီးပဲ၊ ပြီးတော့ အောင်မြင်မယ့် လုပ်ငန်းဆိုတော့ အားရစရာကြီးပါ"

"ကျွန်တော်တို့ရဲ့ မန်နေဂျင်း ဒါရိုက်တာက စင်ကာပူမှာပါ၊ နှစ်ပတ်လောက်နေရင် ဒီကို ရောက်ပါလိမ့်မယ်"

စင်ကာပူဆိုသော အသံကြားပြီး ချိုလဲ့ရီ နာကျင်မှုမရှိတော့သော အတိတ်က သူ တစ်ယောက်ကို သတိရလိုက်သည်။

"ဪ... မန်နေဂျင်းက စင်ကာပူမှာ နေတာလား"

"ဟိုမှာ အနေများပါတယ်"

ချိုလဲ့ရီ လျှောက်ကြည့်ပြီး မိုးဇင်သိန်းက ချိုလဲ့ရီကို သူတို့ ရုံးခန်းကို ခေါ်သွားသည်။

"ထိုင်ပါဦး ချိုလဲ့ရီ၊ ဒါ ကျွန်တော်တို့ ရုံးခန်းပါ"

"အလုပ်တွေ ရှိနေလို့ မထိုင်တော့ဘူး"

"ခဏတဖြုတ်ပဲဗျာ ထိုင်ပါ၊ အမောပြေ တစ်ခုခုသောက်ပြီးမှ ပြန်ပါ"

"နေပါစေတော့ရှင် ကျွန်မ မသောက်တော့ပါဘူး"

"ချိုလဲ့ရီတို့အိမ်မှာ ကျွန်တော်က ထမင်းတောင် စားပြီးပြီ ကျွန်တော့်ဆီမှာ ကော်ဖီလေးတစ်ခွက်မှ မသောက်ဘူးဆိုရင် စိတ်မကောင်း ဖြစ်ရမှာပဲ"

မိုးဇင်သိန်းက ထိုသို့ပြောလိုက်တော့ ချိုလဲ့ရီက အားနာသွားသည်။ မိုးဇင်သိန်းနှင့်တွေ့လေတိုင်း ရင်ခုန်ရသည်မို့ ရှောင်ရှားချင်ပါသော်လည်း လက်ခံလိုက်သည်။

"ကောင်းပါပြီရှင် ကျွန်မ သောက်ပါ့မယ်"

သူ့ရဲ့ ရုံးခန်းက အလုပ်သမားတွေက အငွေ့တထောင်းထောင်း ထနေသော ကော်ဖီနှစ်ခွက်နှင့်အတူ မုန့်ကိုပါ ချပေးသည်။

"သုံးဆောင်လိုက်ပါဦး"

ချိုလဲ့ရီက ကော်ဖီခွက်ကို လှမ်းယူလိုက်သည်။

"မုန့်ပါ သုံးဆောင်ပါဦး"

"ကော်ဖီပဲ သောက်ပါရစေ၊ ဗိုက်ပြည့်နေလို့ပါ"

"ချိုသက်ရော ဘာလုပ်နေလဲ"

"ကျွန်မထွက်လာတုန်းက ဘရိတ်ဖတ်စ် စားနေပါတယ်"

"ချိုလဲ့ရီက တာဝန်တွေ အကုန်လုံးကို ယူတားပြီး ညီမကို မခိုင်းရက်ဘူး ထင်တယ်"

"မိဘတွေနဲ့ သိပ်မနေလိုက်ရတဲ့ သူ့ကို အားလုံးက ဝိုင်းပြီး အလိုလိုက်ထားကြတော့ သူက ကလေးလို ဖြစ်နေတယ်"

"အားလုံးကို ဗိုလ်ကျနေတယ် ဆိုပါတော့"

"ဟုတ်ပါတယ်"

"ကျောင်းလဲ မပြီးသေးဘူးနော်"

"ဟုတ်ကဲ့ အခုမှ ဒုတိယနှစ် ဖြေပြီးတာပါ"

"ကျောင်းပြန်ဖွင့်ရင် တက်ရမှာပေါ့"

"အဝေးသင်ကို ပြောင်းမယ်လို့ ပြောနေတယ်"

"ဟုတ်လား... ချိုလဲ့ရီက ကျောင်းပြီးပြီပေါ့နော်"

"ဟုတ်ကဲ့"

မိုးဇင်သိန်းနှင့် စကားပြောရင်း ကော်ဖီသောက်လိုက်

သည်။ မိုးဇင်သိန်းရှေ့တွင် ကြာကြာမနေရဲ၍ ကော်ဖီသောက်ပြီး နှုတ်ဆက်ကာ ပြန်လာသည်။ သူက ရှောင်သော်လည်း မိုးဇင်သိန်းက အတင်းလိုက်ရောနေတော့ ချိုလှဲ့ဦးက ရှောင်ရ ခက်နေသည်။

ရင်ထဲမှာ ဖြစ်လာသော ချစ်စိတ်ကို ပို၍ ကြီးထွားရှင်သန်လာမှာ စိုးရိမ်ပြီး မိုးဇင်သိန်းကို ရှောင်ချင်နေပါသည်။

ကားမောင်းပြန်လာရင်း မိုးဇင်သိန်းအကြောင်းကို စဉ်းစားလာသည်။ အိမ်ကိုရောက်တော့ ဈေးက ဝယ်လာသည့် ပစ္စည်းတွေကို ကားပေါ်က ချလိုက်သည်။

"ချိုလှဲ့ ဒီနေ့ နောက်ကျနေပါလား"

"ဟုတ်တယ် ဒေါ်လေးရေ၊ လမ်းမှာ ကိုမိုးဇင်သိန်းနဲ့ တွေ့လို့ သူတို့ ဆောက်လုပ်ကွင်းကို ဝင်ကြည့်ပါဆိုတာနဲ့ ဝင်ကြည့်နေတာ"

"ဟုတ်လား...သူတို့ ဘယ်နေရာနားမှာ ဆောက်နေတာလဲ ဟင်"

ချိုသက်ကြည်က ခပ်သွက်သွက် ဝင်မေးလိုက်သည်။ ချိုလှဲ့ရီက နေရာကို ပြောလိုက်သည်။

"ဟုတ်လား...ဒါဆို စက်ဘီးနဲ့ သွားလို့ရတာပဲ"

"ချိုသက်က သွားမလို့လား"

"ဟုတ်တယ်"

"ဘယ်တော့သွားမှာလဲ"

ချိုသက်ကြည်ကို မေးလိုက်တော့ ချိုသက်ကြည်က ရယ်မောပြီးပြန်ဖြေသည်။

"အခုပဲ သွားမလို့"

"ချိုသက်ရယ် နေပူပါတယ်၊ နောက်မှသွားလေ"

ဒေါ်သင်းသင်းက တားလိုက်၍ ချိုသက်ကြည်က မသွားဖြစ်ပါ။ နောက်တစ်နေ့ နံနက်စောစော ထသွားရန် စိတ်ကူးလိုက်သည်။

"အစ်ကိုက အိမ်လာဦးမယ်လို့ ပြောလိုက်သေးလား"

"မပြောလိုက်ဘူး"

ချိုသက်ကြည်က သူတို့အပါးမှ ထွက်သွားသည်။ ချိုလဲ့ရီက မပုနှင့်အတူ ကားပေါ်က ချထားသော ဈေးခြင်းတောင်း နှစ်လုံးကို မီးဖိုထဲသို့ သယ်လိုက်သည်။

"ဒေါ်လေးရေ ဒီနေ့ တည်ခိုခန်းက ညွှန့်သည်နှစ်ဦး ပြန်မယ်ပြောတာ ပြန်သွားပြီလား"

"မပြောတတ်ဘူးကွယ်"

ချိုလဲ့ရီက တည်းခိုခန်းဆီသို့ ကူးလာခဲ့သည်။ အစောင့်လေးအား မေးကြည့်သည်။

"ညနေမှ ပြန်မှာတဲ့"

"ဪ...အေးအေး၊ ဒါဆို သူတို့ပြန်မယ်ဆိုရင် မမကိုလာခေါ်လေ၊ အခန်းခတွေ ရှင်းတာ လက်ခံရဦးမှာ"

"ဟုတ်ကဲ့ မမချိုလဲ့"

"မောင်တုတ် ဒီနေ့ ဘာဖြစ်လို့ ကော်ဖီလာမသောက်တာလဲ"

"မနက်က ဒေ့ဒ်သည်တွေက အပြင်ထွက်ရင်း ကျွန်တော့်ကို ကော်ဖီနဲ့ မုန့် ဝယ်လာပေးလို့ စားလိုက်တယ်"

"အခုလာတည်းတဲ့ ဧည့်သည်နဲ့ အဖွဲ့ကျနေတာကိုး"

"ဟုတ်တယ်၊ သူတို့ လာတည်းတဲ့ သုံးလေးရက်အတွင်းမှာ ခင်သွားတယ်၊ သူတို့ပြန်မှာကို စိတ်တောင် မကောင်းဘူး"

ရိုးသားသော မောင်တုတ်ကိုကြည့်ပြီး ချိုလဲ့ရီက ရယ်လိုက်သည်။

"မမချိုလဲ့"

"ဘာလဲ မောင်တုတ်"

"ကျွန်တော် ရွာကို သုံးလေးရက်လောက် ပြန်ချင်တယ် ဖြစ်မလားဟင်"

"ဘယ်တော့ ပြန်ချင်တာလဲ"

"သန်ဘက်ခါလောက်ပါ"

"ဖြစ်ပါတယ်"

မိဘတွေနှင့် ခွဲခွာပြီး တည်းခိုခန်းမှာ အစောင့်လာလုပ်ပေးနေသော မောင်တုတ်ကို တစ်ခါတစ်ရံ သူ့မိဘများဆီကို ချိုလှဲ့ရီက ပေးပြန်သည်။

"ပြီးတော့ ဟို... ဟို"

မောင်တုတ် စကားထစ်နေ၍ ချိုလှဲ့ရီက မေးလိုက်သည်။

"ဘာလဲ လခ ကြိုထုတ်ပေးပါလို့ ပြောဦးမလို့လား"

"ဟုတ်ပါတယ် မမချိုလှဲ့၊ တစ်လခစာ ကြိုထုတ်ပေးပါနော်၊ အမေမှာထားတာလေးတွေ ဝယ်သွားချင်လို့"

"အေးပါကွယ်၊ ပေးပါ့မယ် ဒီနေ့လိုချင်လား"

"မနက်ဖြန်မှ ယူပါမယ်"

"ကောင်းပြီလေ"

ချိုလှဲ့ရီက တည်းခိုခန်းက ပန်းခင်းများဆီသို့ လျှောက်သွားသည်။ ပန်းခင်းနှစ်ခင်းက ပန်းတွေက နှစ်ရက်သုံးရက်နေလျှင် ခူးရတော့မည် ဖြစ်သည်။ ဦးရန်ကို ရှာလိုက်သည်။ ပန်းခင်းထဲမှာ ဦးရန် အလုပ်လုပ်နေသည်။

"ဦးရန်"

"ဟုတ်ကဲ့ မမလေး"

"ဟိုနှစ်ခင်းက ခူးရတော့မယ်နော်"

"ဟုတ်ပါတယ်"

"ဒီဘက်အခင်းတွေကို ရေ ကောင်းကောင်း လောင်းဦး နော်"

"ဟုတ်ကဲ့ မနက်က လောင်းပြီပါပြီ"

"ပန်းတွေနုတ်မယ်ဆို နေကျရင် အကူတစ်ယောက်လောက် ခေါ်ပေးဦးနော်"

"ဟုတ်ကဲ့ မမလေး"

ဦးရန်ကို မှာကြားပြီး ပန်းတွေ မနုတ်ရသေးသဖြင့် အိမ် ကို ပြန်လာခဲ့သည်။ ထမင်းစားချိန် ရောက်နေပြီမို့ မပုက ထမင်းပွဲ ပြင်ဆင်နေသည်။

ချိုလဲ့ရီက အဝတ်အစားလဲပြီး ထမင်းစားပွဲမှာ ဝင်ထိုင် လိုက်သည်။

"ချိုသက်ရော ဒေါ်လေး"

"အခန်းထဲမှာ နေမှာပေါ့"

"မပု ထမင်းစားဖို့ သွားခေါ်လိုက်လေ"

"မချောက ဗိုက်ဆာလို့ဆိုပြီး သူ့ဘာသာ အရင်စားနှင့် ပြီးပြီ"

ဒေါ်သင်းသင်းက ဖြေလိုက်သည်။ လက်ဆေးပြီး ချိုလဲ့ရီက ထမင်းစားပွဲမှာ ထိုင်လိုက်သည်။

"မောင်တုတ်က ရှာပြန်ချင်လို့တဲ့ ဒေါ်လေးရယ်"

"ဒီကလေးက ညှော့ကျတဲ့အချိန်မှာ လုပ်ပြီ"

"သုံးလေးရက်ပဲ သွားမှာဆိုတော့ ပေးသွားလိုက်ပါတယ်"

"ဒါဆို တည်းခိုခန်းအလုပ်တွေ ဘယ်သူလုပ်မှာလဲ"

"ချိုပဲ လုပ်ရမှာပေါ့"

"ချိုလဲ့ ညည်းအားလုံးလုပ်နေတာ နိုင်ပါ့မလား"

"ရပါတယ် ဒေါ်လေးရယ်၊ သုံးလေးရက်ပါ ဟာ"

"ငါ့တူမကြီးကို သနားတယ်၊ တူမကြီးရဲ့ တာဝန်တွေကို ပခုံးပြောင်းပြီး ယူနိုင်မယ့် အိမ်ထောင်ဖက်ရှိရင် ကောင်းမယ်"

"တော်ပါတော့ ဒေါ်လေးရယ်၊ ပေါ့စေလိုလို့ ကြောင်ရုပ်ထိုး၊ ဆေးအတွက် လေးရတဲ့ အဖြစ်မျိုး မဖြစ်ချင်ပါဘူး"

"အရွယ်ရှိတုန်း အိမ်ထောင်ရေးကို စဉ်းစားသင့်တယ်"

"ဒေါ်လေးတုန်းကဖြင့် မစဉ်းစားခဲ့ဘဲနဲ့"

"အေး ဟုတ်တယ်၊ အဲလို မစဉ်းစားခဲ့တာကို နောင်တရလို့ ပြောနေတာပေါ့ ဟယ်"

"အိမ်ထောင်မပြုမိတာကို နောင်တရတာလား ဟင်"

"ဟုတ်တယ် တူမကြီးတို့ရှိလို့သာပေါ့ နို့မို့ဆိုရင် ဒေါ်လေးမှာ ဘယ်သူ့ကို အားကိုးရမှန်း သိမှာမဟုတ်ဘူး"

"ချိုလဲလဲ ဒေါ်လေးလိုပဲ တူတွေ၊ တူမတွေကို အားကိုးတော့မယ်"

"အင်း... ချိုသက်က အားကိုးရမှကိုး၊ ဒေါ်လေးတော့ သိပ် မထင်ပါဘူး"

သူတစ်ပါးအတွက် သိပ်မစဉ်းစားပေးတတ်သော ချိုသက်ကြည်ရဲ့အကြောင်းကို သိ၍ ဒေါ်သင်းသင်းက ပြောသည်။

"ကဲပါ ဒေါ်လေးရယ် ချိုလှဲ့အတွက် စိတ်မပူပါနဲ့၊ ရှေ့ကို ဘာတွေ ဖြစ်လာမယ်ဆိုတာ ဘယ်သူမှ မပြောနိုင်ဘူးလေ"

"တူမကြီးကို အားကိုးအားထားရမယ့် အိမ်ထောင်ဖက်မျိုးနဲ့ ဆုံစည်းစေချင်တယ်"

ဒေါ်သင်းသင်းရဲ့ စကားကြောင့် ချိုလှဲ့ရီရဲ့ အတွေးပုံရိပ်ထဲမှာ ဖျတ်ခနဲ မိုဇင်သိန်းက ဝင်လာသည်။

မလုံမလဲ ရှက်ဝဲဝဲဖြစ်သွားရသော သူ့အဖြစ်ကို ဒေါ်သင်းသင်းမသိလိုက်ရှာပါ။ ချိုလှဲ့ရီက ထမင်းလက်စသတ်ပြီး ထမင်းစားပွဲမှ ထလိုက်သည်။

"ဩော်... မလာပါနဲ့လို့ တားနေတာတောင် ကျွန်မရဲ့ ရင်ထဲကို ဇွတ်တိုးဝင်နေပါလား"

❁

# အခန်း (၈)

ချိုသက်ကြည်က နောက်တစ်နေ့ နံနက်စာ ကော်ဖီတစ်ခွက်နှင့် မုန့်စားပြီးသည်နှင့် အိမ်မှ ထွက်သွားသည်။ ဒေါ်သင်းသင်းကို သူငယ်ချင်းအိမ် သွားမည်ဟု အကြောင်းပြပြီး ထွက်သွားသည်။

ချိုသက်ကြည် ဦးတည်လိုက်သည်က မိုဇင်သိန်းရဲ့ဆောက်လုပ်ကွင်းကိုပါ။ လုပ်ငန်းခွင်ကိုဝင်တော့မည့် မိုးဇင်သိန်းက ချိုသက်ကြည်ရောက်လာသည်ကို အံ့ဩသွားသည်။

"ဟင် ချိုသက်ပါလား ဘယ်လိုလာတာလဲ"

"အစ်ကိုကလဲ ချိုသက် အစ်ကို့ဆီကို လာတာပေါ့"

"ကဲ စောစောစီးစီး ဘာကိစ္စလဲ ပြော"

"ကိစ္စရှိမှ လာရမှာလား၊ အစ်ကိုကလဲ"

"ဟုတ်ဘူးလေ စောစောစီးစီး ရောက်လာလို့ မေးတာပါ"

"ဘယ်ကစောရမှာလဲ ရှစ်နာရီတောင် ကျော်နေပြီ"

"ဒီကိုလာတာ ဒေါ်လေးတို့ သိလား"

"ဟင့်အင်း"

"ပြောမလာဘူးလား"

"သူငယ်ချင်းဆီသွားမယ်လို့ ပြောပြီး ထွက်လာတာ"

"ဒါဆို ကိုယ့်ဆီလာတာကို သူတို့ကို ညာခဲ့တယ်ပေါ့"

"အင်း"

"ဘာဖြစ်လို့လဲ၊ ကိုယ့်ဆီလာတာ ဒေါ်လေးက မကြိုက်လို့လား"

"ဒေါ်လေးထက် မမချိုလဲ့က စည်းကမ်းကြီးလို့ တမင်မပြောဘဲ လာတာ"

"ချိုလဲ့ရီက ချိုသက်ကို စည်းကမ်းနဲ့ထားတာ ကောင်းတာပေါ့"

"ကြည့် အစ်ကိုကပါ မမချိုလဲ့ကို ထောက်ခံနေတယ်၊ သူက အပျိုကြီးဒီဇိုင်းနဲ့ ချိုသက်ကိုတားတာ၊ တစ်ခါတစ်ခါ သိပ် မွန်းကျပ်တာပဲ"

"ချိုသက်က ကလေးပဲ အစ်မဆိုဆုံးမတာကို နာခံရမှာပေါ့"

"ချိုသက်က လိမ္မာပြီးသားကို မမက အစိုးရိမ်လွန်ပြီး ချုပ်ချယ်နေတာ အစ်ကိုရဲ့"

"တကယ်လိမ္မာလို့လား"

"ဘာလဲ အစ်ကိုက မယုံဘူးလား"

"လက်တွေ့မှ ယုံမှာနော်"

"ဒါဆို စောင့်ကြည့်ပေါ့"

"ကဲ အခု ကိုယ့်ဆီ ဘာလာလုပ်တာလဲ"

"လာလည်တာလေ"

"ဒါ အလုပ်ချိန် မိန်းကလေးရဲ့ ကိုယ်မအားဘူး"

"အိမ်ကို လာလည်ဦးလေ"

"လာခဲ့ပါ့မယ် ချိုသက်ရယ်"

"ဒါဆို ညနေလာခဲ့ပါလား၊ အိမ်မှာ ထမင်းစားလေ"

"ညနေလာခဲ့မယ်၊ ဒါပေမဲ့ ထမင်းတော့ မစားဘူး"

"ဘာဖြစ်လို့လဲ"

"ဒီမှာ အဖွဲ့တွေနဲ့ အတူစားကြမှာမို့ပါ"

"ကောင်းပါပြီ၊ ဒါဆို ချိုသက်သွားမယ်နော်"

"ကောင်းပါပြီဗျာ"

လှပပြီး ချစ်စရာကောင်းသော ချိုသက်ကြည်က နှုတ်ဆက်သွားသည်။ ချိုသက်ကြည်သည် အပျံသင်စ ငှက်ကလေးလိုပါ

ပဲ။ အတတ်စမ်းပြီး ပျံချင်နေသည့် ဟန်ပါ။

သည်မိန်းမပျိုလေးသည် သူ့ကို လိုအပ်သည်ထက် ပို၍ ရင်းနှီးနေသည်ကို မိုးဇင်သိန်းက သိပါသည်။ ဒါပေမဲ့ သူ့ ရင်ထဲမှာတော့ တစ်ပင်မှ တစ်ပင်တည်းဆိုသော ချိုလှဲ့ရီပါပဲ။

လွန်ခဲ့သော ရှစ်နှစ်လောက်က ချိုလှဲ့ရီသည် ယခု ချို သက်ကြည်အရွယ်ပါ။ အလွန် ချစ်စရာကောင်းပြီး လှသွေးကြွယ် နေသော မိန်းမပျိုလေးကို ရူးရူးမူးမူး တမ်းတခဲ့သည်ပဲ။

အချိန်ကာလ ရှစ်နှစ်ဆိုသည်ကို ဖြတ်သန်းခဲ့ပြီ ဖြစ်သော် လည်း သူ့ရင်ထဲက အချစ်တွေက အိုမင်းလျော့ပါးသွားခြင်း မရှိပါ။ ချိုလှဲ့ရီကို ချစ်ခင်မြတ်နိုးဆဲပါ။ မျိုသိပ်ခဲ့ရသော အချစ် တွေ ရင်မှာ အပြည့်ဖြစ်ပေမယ့် ထုတ်ဖော်ရ ခက်ခဲနေပြန်သည်။

ချိုလှဲ့ရီကို ပွင့်ပွင့်လင်းလင်း ချစ်ရေးဆိုဖို့ အဟန့်အတား က ပြန်၍ ဖြစ်ပေါ်လာပြန်သည်။ ချိုလှဲ့ရီနှင့် ပတ်သက်ပြီး ခြေ တစ်လှမ်း နောက်ကျန်ခဲ့ရသော သူ့အဖြစ်ကို တွေးမိပြန်သည်။

မနေ့ညက ညီထွန်းဟန်ထံမှ တယ်လီဖုန်းလာပြီး ချိုလှဲ့ရီ အကြောင်းကို ပြောမိကြသည်။

"ဟော့ကောင် မိုးဇင် မင်း ပြင်ဦးလွင်ရောက်နေတော့ ချိုလှဲ့ရီကို အဲ့ဒီမှာ ရှိသေးလား စုံစမ်းကြည့်ပါလား"

"ရှိပါသေးတယ်၊ ဘာဖြစ်လို့လဲ"

“ရှယ်လီနဲ့ငါ [illegible]ခဲ့ပြီဆိုတော့ ချိုလဲ့ရီလေးနဲ့ ပြန်တွေ့ရင် ရင်ခုန်မလား [illegible]”

“ဘ[illegible] ချို[illegible] အရုပ်လေးလို သဘောထားပြီး မလိုချင်[illegible] ပ[illegible]လို့ [illegible]ချင်ရင် ပြန်ယူကစားလိုက် လုပ်ချင်လို့လား”

သိမ်းထားသည့်ကြားက ဒေါသက လွတ်ခနဲ တွက်သွားသည်။

“ဒီတစ်ခါတော့ တန်ဖိုးထားပြီး ငါ သိမ်းပိုက်မှာပါ”

“မင်းကို သူ စိတ်နာနေရင်ကော”

“ကျေနပ်အောင် တောင်းပန်ရင် ပါမယ် ထင်တယ်၊ ချိုလဲ့ ငါ့ကို ဘယ်လောက်ချစ်တယ်ဆိုတာ ငါသိတာပေါ့ကွာ”

ညီဟန်ထွန်းသာ အနားမှာရှိရင် သူ့မျက်ခွက်ကို စုတ်ပြတ်သတ်သွားအောင်ကို ထိုးလိုက်မိမှာပဲ။

“မင်း သိပ်တရားလွန်တယ်၊ ချိုလဲ့ရီလို ဣန္ဒြေသိက္ခာရှိတဲ့ မိန်းကလေးနဲ့ မင်း မတန်ပါဘူး”

“ဒါဖြင့် ဘယ်သူနဲ့ တန်လဲ”

“ဘယ်သိမလဲ၊ သူ့အကြောင်း ထပ်မပြောနဲ့ ငါ မကြားချင်ဘူး”

“ဟ နေပါဦး မိုးဇင်ရ၊ ချိုလဲ့နဲ့ ပတ်သက်ပြီး ဆက်ဆက်

ထိမခံ ဖြစ်နေပါလား”

“အေး ဟုတ်တယ်၊ အဲ့ဒါ ဘာကြောင့်လဲ သိလား၊ မင်းမှာမရှိတဲ့ နှမချင်း စာနာတဲ့စိတ် ငါ့မှာ ရှိနေလို့ပဲ”

“အေးကွာ အပြစ်တင်လဲ ခံရမှာပဲ၊ ရှယ်လီကို ငါ တကယ်ချစ်ခဲ့တာပါ”

“ချိုလဲ့ရီရဲ့ ဝင္ဒတွေ ရှယ်လီကြောင့် မင်း ပြန်လည်တာပဲ”

“အင်း ဟုတ်မှာပေါ့၊ ဒါနဲ့ ချိုလဲ့ရီနဲ့ မင်း တွေ့ပြီးပြီလား”

“အင်း”

“သူရော တစ်ကိုယ်တည်းလား”

“အင်း”

“ငါ့အကြောင်း မေးသေးလား”

“မင်းနဲ့ငါ သူငယ်ချင်းဆိုတာ သူ သိပုံမပေါ်ဘူး”

“ဒါဆို မင်းနဲ့သူရော သိနေပြီလား၊ ခင်နေပြီလား”

“သိတော့သိတယ် မခင်သေးဘူး”

“ဒါဆို ဟန်ကျပြီ ငါရောက်လာရင် မင်းအကူအညီနဲ့ သူ့ ကို ပြန်ဆက်သွယ်ရမယ်”

“[illegible]င်း ဘယ်တော့လောက် ရောက်မလဲ”

ဟ အလုပ်တွေများနေတယ်၊ မင်းမရှိတော့ တစ်ယောက်

တည်း အလုပ်ပိနေပြီ၊ နောက်နှစ်လလောက်ကြာမှ ရောက်မယ်"

"ကောင်းပြီလေ အဲဒီအချိန်လောက်ဆိုရင်လဲ တော်တော်ပြီးနေလောက်ပြီ"

"အေးပါ၊ ငါ ဖုန်းချလိုက်တော့မယ်၊ ဘာပြောစရာရှိသေးလဲ"

"မရှိပါဘူး"

"ကောင်းပြီလေ"

မိုးဇင်သိန်းက သူငယ်ချင်းဖြစ်သော ညီဟန်ထွန်းက သူ့ထက် ငွေကြေးပိုမို ရင်းနှီးမြှုပ်နှံထားသည်။ ညီဟန်ထွန်းသည် အစစအရာရာ စိတ်သဘောထားကောင်းမွယ်ပေမယ့် ချိုလှဲ့ရီနှင့် ပတ်သက်ပြီး နှမချင်း မစာနာသည့်စိတ်ကို ခွင့်မလွှတ်ချင်။

စိတ်ရှိတိုင်း ပြောလိုက်ရလျှင် သူငယ်ချင်းနှစ်ယောက် စိတ်ဝမ်းကွဲရပေတော့မည်။ ချိုလှဲ့ရီကို သူ မေတ္တာရှိနေတာကို ညီဟန်ထွန်းသိမှာ စိုးရိမ်ပြီး ဖုံးဖိသိုသိပ်ရသည်မှာလည်း စိတ်မောလှပါသည်။

ထိုနေ့ညက ညီဟန်ထွန်းအား မကျေနပ်သောစိတ်ဖြင့် အတော်လေး ခံစားလိုက်ရသည်။ ချိုလှဲ့ရီသည် ညီဟန်ထွန်း ဒုတိယအကြိမ် ပြန်ချဉ်းကပ်သည်ကို ပြန်လက်ခံလေမလားဟု စိုးရိမ်စိတ်ဖြင့် တွေးလိုက်သည်။

ရှယ်လီကို ညီဟန်ထွန်း အလွန်ချစ်သည် ဆိုတာကို မိုးဇင်သိန်းက သိသည်။ ညီဟန်ထွန်းရဲ့ ရင်ထဲမှာ ရှယ်လီနေရာကို အစားထိုးနိုင်သည့်သူ မရှိသေးပါ။

ညီဟန်ထွန်းက ချိုလဲ့ရီကို သစ်မရှိသည့် စပ်ကြားမှာ ဝါးကူသည့် အဖြစ်မျိုးဆိုတာကို ချိုလဲ့ရီသိမှ သိပါ့မလားဟု ကြိုတွေးပြီး ပူမိသည်။

ချိုလဲ့ရီကို သစ္စာဖောက်ခဲ့၍ ထိုအဖြစ်မျိုးကို ရှယ်လီကြောင့် ညီထွန်းဟန် ဝဋ်လည်သည်ကိုတောင်မှ နောင်တမရသေးပါလားဟု မိုးဇင်သိန်းက တွေးသည်။

"ဒီကောင်လာမှ ချိုလဲ့ရီ ဒုက္ခ ထပ်မပေးဖို့ သတိပေးရမှာပဲ"

ညီထွန်းဟန်နှင့် ရှယ်လီ နိုင်ငံခြားမှာ စေ့စပ်ပြီး လက်ထပ်ပြီးပြီဟု ချိုလဲ့ရီ သေချာပေါက် တွက်လိမ့်မည်ဟု မိုးဇင်သိန်းက ထင်သည်။

ညီဟန်ထွန်းနှင့် စေ့စပ်ပြီး ခြောက်လအကြာမှာ ရှယ်လီက အမေရိကကို ထွက်သွားရင်း ဟိုမှာ အိမ်ထောင်ပြုလိုက်သည်ကို ချိုလဲ့ရီ သိရှာမှာ မဟုတ်ပါ။

ရှယ်လီ သစ္စာဖောက်သည်ကို ညီဟန်ထွန်း ကောင်းကောင်းကြီး သိလိုက်ရသည်။ ထိုအချိန်တုန်းက မချိမဆံ့ ခံစားလိုက်ရ

သည်မို့ ညီဟန်ထွန်းကို အပြစ်တင်ချင်သည့်စကားကို ပြောမထွက်ပါ။

"အဲဒီအချိန်တုန်းက အဲ့ဒါ မင်း ချိုလှဲ့ရီကို သစ်စိမ်းချိုး ချိုးခဲ့တဲ့ ဝဋ်တွေ လည်တာလို့ ငါပြောလိုက်ရမှာ...

"ဒီတစ်ခါတော့ သူ့ကို ကောင်းကောင်း သတိပေးရမယ်...

"နောက်တစ်ကြိမ် ချိုလှဲ့ရီကို ဒုက္ခပေးမှာကို ငါ ဒီအတိုင်း ကြည့်မနေနိုင်ဘူး"

မိုဇင်သိန်းက ညီဟန်ထွန်းအား သည်တစ်ခါ အားမနာတမ်း ပြောတော့မည်ဟု တေးထားသည်။

သိပ်ချစ်ရသော ချိုလှဲ့ရီအတွက် စိတ်မသက်မသာနှင့် ဖင့်သက်ချလိုက်သည်။

"ချိုလှဲ့ရယ် မင်းကို ကိုယ် သိပ်ချစ်တဲ့အကြောင်း ဘယ်တော့မှ ပြောခွင့်ရမှာလဲကွယ်"

❄

# အခန်း (၉)

အလုပ်ကပြန်ပြီး ရေမိုးချိုးပြီးနောက် မိုးဇင်သိန်းက ချိုလဲ့ရီတို့အိမ်ဘက်ဆီသို့ ကားဖြင့် ထွက်လာသည်။

အိမ်ရှေ့တွင် ကားရပ်သံကြား၍ ချိုသက်ကြည်က မိုးဇင်သိန်း လာသည်ဆိုတာသိပြီး ပြေး၍ ထွက်ကြိုသည်။

"အစ်ကို မဆိုးဘူး၊ ကတိတည်သားပဲ"

"ချိုသက်ရယ် လာမယ်လို့ ပြောထားတာ ဖြစ်အောင်လာမှာပေါ့"

မိုးဇင်သိန်းရောက်လာသဖြင့် ဒေါ်သင်းသင်းကလည်း ဧည့်ခန်းကို ထွက်လာပြီး ဧည့်ခံသည်။ ချိုလဲ့ရီက တမင် အချိန်ဆွဲ ရေချိုးလိုက်ပြီးမှ မကောင်းတတ်၍ ထွက်ဧည့်ခံသည်။

"ကျွန်တော်တို့ရဲ့ မန်နေဂျင်း ဒါရိုက်တာက နိုင်ငံခြားမှာ

အနေများတယ်၊ သူက နောက်နှစ်လလောက်မှာ လာမှာဆိုတော့ ဒီမှာ ကျွန်တော့်တာဝန်ချည်း ဖြစ်နေတယ်"

ဧည့်ခန်းဆီသို့ ဝင်လိုက်စဉ် မိုးဇင်သိန်းပြောသော စကားကို ချိုလဲ့ရီ ကြားလိုက်သည်။

"မောင်မိုးဇင်သိန်းရဲ့ တာဝန်က မသေးပါလား"

"ကျွန်တော်နဲ့အတူ အဖော်နှစ်ယောက် ရှိသေးတယ် တာဝန်အယူရဆုံးက ကျွန်တော်ပါ"

"ဒေါ်လေးတို့ဆီ သူတို့နှစ်ယောက်ကိုလဲ အလည် ခေါ်လာဦးလေ"

"ဟုတ်ကဲ့ပါ ဒေါ်လေး"

မိုးဇင်သိန်းက စကားပြောဆိုနေရင်းက လက်ကနာရီကို ငုံ့ကြည့်လိုက်သည်။

"ကျွန်တော် ပြန်ပါဦးမယ်"

"ထမင်းစားပြီးမှ ပြန်ပါကွယ်"

"သူတို့ စောင့်နေမှာစိုးလို့ပါ"

"စားရေးသောက်ရေးက အဆင်ပြေရဲ့လား"

"အခု လောလောဆယ်တော့ ဆိုင်ထမင်း၊ ဆိုင်ဟင်းပါပဲ ဒေါ်လေး၊ ငှားထားတဲ့အိမ်ပြောင်းပြီးမှ တစ်ခုခု စီစဉ်မလို့ပါ"

"ဟုတ်တာပေါ့ အကူအညီလိုတာ ပြောနော်"

"ဟုတ်ကဲ့ပါ ခင်ဗျာ"

မိုးဇင်သိန်း ပြန်သည်ကို ကားနားအထိ ချိုသက်ကြည်က လိုက်ပို့ပြီး အိမ်ထဲကို ချက်ချင်း မဝင်လာပါ။ ကားအနားမှာ စကားထပ်ပြောနေကြသည်ကို ချိုလဲ့ရီက သိသည်။

မိုးဇင်သိန်းနှင့် ချိုသက်ကြည်တို့ နှစ်ယောက်တည်း စကားပြောကြားသည်ကို သိလျှင် သူ့ရင်ထဲမှာ အခံရခက်နေသည်။

"ကြာလေ သူ့ကို သံယောဇဉ်ဖြစ်လေနဲ့၊ ငါတော့ ဒုက္ခရောက်တော့မှာပဲ"

မိုးဇင်သိန်းကို အတတ်နိုင်ဆုံး ရှောင်ရှားသော်လည်း မလွှဲသာ၍ တွေ့ဆုံရသည့် အချိန်တိုင်းမှာ ရင်ခုန်ရသည်ကလည်း အခါခါပါ။

"ချိုသက်ကြည့်ရတာ ကိုမင်ဇင်သိန်းကို စိတ်ဝင်စားနေပုံပဲ"

"ဒါကြောင့် မိုးဇင်သိန်းကို ငါ ပိုပြီး ရှောင်ရမယ်"

"တစ်ခါတုန်းကလဲ ညီဟန်ထွန်းအတွက် ငါခံစားခဲ့ရပြီးပြီ၊ မိုဇင်သိန်းကြောင့် ငါ ထပ်ပြီး မခံစားရအောင် ငါ့စိတ်ကို နိုင်အောင် ထိန်းရမယ်"

ချိုသက်ကြည်က ခဏနေမှ အိမ်ထဲပြန်ဝင်လာသည်။

မပုနှင့် ချိုလဲ့ရီက ထမင်းစားဝိုင်း ပြင်နေသည်။

"အစ်ကိုမိုးဇင်ကလဲ ထမင်းကျွေးတာကို အတင်းငြင်းနေတာပဲ၊ အပြင်မှာချည်းစားရတော့ ဘယ်ကောင်းမလဲ"

"ဟုတ်ပါရဲ့ကွယ်၊ သူငယ်က အားနာတတ်တာ လွန်ရော"

ဒေါ်သင်းသင်းက မိုးဇင်သိန်းကို သိပ်လိုလားနေသဖြင့် ချိုလဲ့ရီက မပြောတော့ပါ။ ချိုသက်ကြည်က လိုအပ်သည်ထက် မိုးဇင်သိန်းကို အရေးပေးနေသည့်အတွက် စိတ်ပူ မိသည်မှာ အမှန်ပါ။

ချိုသက်ကြည်ကို ဆုံးမချင်သော်လည်း ဒေါ်သင်းသင်းက အလိုတူအလိုပါ ဖြစ်နေ၍ ပြောရခက်ခဲနေသည်။

ထမင်းစားသောက်ရင်းနှင့် ချိုသက်ကြည်ကပဲ စကားတွေ ဖောင်ဖွဲ့နေသည်။

"ဒေါ်လေး အစ်ကိုမိုးဇင် ရန်ကုန်သွားရင် လိုက်သွားပြီး ကြီးကြီးတို့ဆီကို ချိုသက်သွားလည်မယ်နော်"

"သွားပေါ့"

"ကြီးကြီးကလဲ ချိုသက်ကို ကျောင်းမဖွင့်ခင် လာခိုင်းနေတာလေ"

"အေးပါ သိပ်သွားချင်နေတယ် မဟုတ်လား"

"ဟုတ်တယ်၊ ပြီးတော့ အသွားအပြန် ခရီးစရိတ်မကုန်

ဘဲ သက်သောင့်သက်တာ သွားရမှာလေ”

ချိုသက်ကြည်က အားလျှင် အိမ်မှာ ကူမည်စိတ်မကူးဘဲ လည်ပတ်ရန်သာ ဆန္ဒရှိနေသည်ကို ကြည့်ပြီး ချိုလဲ့ရီက သက်ပြင်းချလိုက်သည်။

ညီမကို သိပ်ချစ်၍ သူ တစ်ကိုယ်ကောင်းဆန်မည်ကိုပင် အပြစ်မမြင်အောင်ပါပဲ။

“သူ့ခမျာ မိဘတွေနဲ့လဲ မနေလိုက်ရဘူး သနားပါတယ်”

ချိုသက်ကြည်က သူ့ကို ညာတာချစ်ခင်သော အစ်မ အပေါ်မှာ အခွင့်အရေးက ယူကောင်းကောင်းနှင့် အားမနာတမ်း ယူနေပါတော့သည်။

ထမင်းစားသောက်ပြီး ချိုသက်ကြည်က ထမင်းစားပွဲက ထသွားသည်။ တီဗွီသွားကြည့်နေပြီဆိုတာ ချိုလဲ့ရီက သွားမကြည့် ဘဲ သိသည်။

သူကတော့ စားပြီးမနားရသေးဘဲ တည်းခိုခန်းဆီသို့ ထွက်လာသည်။ မောင်တုတ်မရှိသဖြင့် တည်းခိုခန်းကိစ္စကို သူပဲ လုပ်နေရသည်။

တည်းခိုခန်းသို့သွားပြီး သန့်ရှင်းရေးသမားက သေသေ ချာချာ သန့်ရှင်းရေး လုပ်ရဲ့လားဟု စစ်ဆေးသည်။ တည်းကြ သော ဧည့်သည်တွေရဲ့ လိုအပ်ချက်ကို ဖြည့်ဆည်းပေးပြီး

အိပ်ချိန်နီးမှ အိမ်ကို ပြန်လာခဲ့သည်။

ချိုလဲ့ရီအတွက် ကိုယ်ပိုင်အချိန်က သိပ်ကိုနည်းပါး၍ တီဗွီကြည့်ရသည့် အချိန်ကလည်း မရှိသလောက်ပါ။

ချိုသက်ကြည်က ထွက်သမျှ ဗီစီဒီ၊ ဒီဗီဒီမှန်သမျှကို မလွတ်တမ်း ကြည့်နိုင်သည်။

အိမ်ပြန်ရောက်ပြီး တစ်နေ့လုံး ပင်ပန်းသော်လည်း ဘုရားခန်းကိုဝင်ပြီ ဝတ်ပြုပြီးမှ အိပ်လေ့ရှိသည်။

ဘုရား ညောင်ရေအိုးထဲတွင် လက်ဆတ်သော ပန်းများ ဝေဆာနေသည်။ ဒေါ်သင်းသင်းက ဘုရားခန်းကို သန့်ရှင်းအောင် ဘုရားပန်းတွေ မညှိုးနွမ်းရလေအောင် အမြဲဂရုတစိုက် ရှိသည်။

ဒေါ်သင်းသင်းနှင့် ချိုသက်ကြည်တို့ တီဗွီကြည့်ကောင်းနေဆဲ၊ ချိုလဲ့ရီက သူ့အခန်းကိုပြန်ပြီးနားရင်း အိပ်ပျော်သွားသည်။

❊

နံနက်စောစောထပြီး ဘုရားသောက်တော်ရေများလဲပြီး ကပ်လှူ ဘုရားဝတ်ပြုပြီးမှ တစ်နေ့တာ လုပ်ငန်းကို စသည်။

နံနက်စောစောကို ဒေါ်သင်းသင်းတို့အား မစောင့်ဘဲ စားသောက်ပြီး တည်းခိုခန်းဘက်ကို ကူးသည်။ တည်းခိုခန်းမှာ လုပ်စရာရှိသည်များကို လုပ်ပြီး ခြံထဲဆင်းသည်။

နေမြင့်သည်အထိ ဦးရန်က ပန်းခြံထဲကို ရောက်မလာပါ။

"ဦးရန် ဘာဖြစ်လို့ နောက်ကျနေပါလိမ့်"

နာရီဝက်လောက် ထပ်စောင့်သော်လည်း ဦးရန် ပေါ်မလာသဖြင့် ဦးရန်နေသော တဲဆီသို့ လျှောက်လာသည်။

"ဦးရန်ရေ ဦးရန်"

တဲအပြင်က အသံပြုသော်လည်း ဦးရန်က မထူးပါ။

"ဟင်...တံခါးပိတ်ထားတာပဲ၊ ဦးရန် အထဲမှာ ရှိရက်နဲ့ ဘာလို့ မထူးတာလဲ"

တဲတံခါးကို တွန်းဖွင့်လိုက်တော့ အလိုက်သင့် ပွင့်သွား၍ တဲအတွင်းသို့ ချိုလဲ့ရီက ဝင်လိုက်သည်။ အိပ်ရာနေရာကို ကြည့်လိုက်တော့ ခြင်ထောင်ချထားသည်မို့ အနားကို သွားပြီး ခြင်ထောင်ကို လှန်ကြည့်လိုက်သည်။

"ဦးရန်"

"အင်း"

ဦးရန်က ညည်းတွားနေသည်မို့ နဖူးကို စမ်းကြည့်လိုက်သည်။

"ဟာ...ဦးရန် ကိုယ်အရမ်းပူနေတာပဲ"

ဦးရန် နေမကောင်းဖြစ်နေသဖြင့် အိမ်ကို တစ်ခါက်ပြန်ပြီး ဆေးနှင့် ဓာတ်ဘူးထဲကို ကော်ဖီ ဖျော်ထည့်ပြီး တဲဆီ

ပြန်လာသည်။

ဦးရန်ကို ဆေးတိုက်ပြီး ခြံထဲကို ဆင်းလာခဲ့သည်။ အလုပ်သမား သွားရှာသော်လည်း မရခဲ့ပါ။

"ဒုက္ခပါပဲ၊ ဦးရန်က ဖျားနေပြီ၊ ဒီနေ့ ဈေး ချိုးရမှာ"

စိတ်ပျက်ပျက်နှင့် အိမ်ကို ထမင်းစားပြန်သည်။ အိမ်မှာ ချိုသက်ကြည် ရှိမနေပါ။

ချိုလဲ့ရီ အိမ် ရောက်သည့်အချိန်မှာ မပုက ထ ပွဲပြင်နေပါပြီ။

"ဒေါ်လေး ချိုသက်ဘယ်သွားလဲ"

"သူငယ်ချင်းအိမ်ဆိုပြီး ထွက်သွားတာပဲ"

"အင်း... သူ့မှာတော့ လည်ပတ်နိုင်လိုက်တာ၊ ချိုလဲ့ ဒီမှာ ဒုက္ခရောက်နေပြီ"

"ဘာဖြစ်လို့လဲကွယ်"

"ဦးရန်က နေမကောင်းဘူးလေ၊ ဒီနေ့ ပန်းတွေနုတ် ရမှာ"

"ဟုတ်လား"

ထိုသို့ပြောနေစဉ်မှာ ဧည့်ခန်းက စကားသံတွေ ကြား လိုက်ရသည်။

"အစ်ကိုမိုးဇင် ဒီမှာ ထိုင်နေဦး၊ ထမင်းပွဲပြင်ပြီးပြီလား သွားကြည့်လိုက်ဦးမယ်"

"ကောင်းပါပြီဗျာ"

ချိုသက်ကြည်က ထမင်းစားခန်းဆီသို့ ရောက်လာသည်။ သူ့ပုံစံအတိုင်း သူလုပ်ချင်တာကိုပဲ ဦးတည်ပြောသည်။

"ဒေါ်လေးရေ ကိုမိုးဇင်နဲ့တွေ့လို့ ထမင်းစားခေါ်လာတယ်၊ ဒီနေ့ အစ်ကိုမိုးဇင် အလုပ်နားတယ်လေ"

"ဟုတ်လား အတော်ပဲ၊ ထမင်းရှုးပြီးပြီ တစ်ခါတ ဝင်စားလိုက်ပါ"

ချိုသက်ကြည်က ထမင်းစားခန်းဆီသို့ မိုးဇင်သိန်းကို ခေါ်လာသည်။

"ချိုလှဲ့ရီရယ် ကျွန်တော့် ထမင်းလာစားရတာ အားနာပါ တယ်"

"အစ်ကိုမိုးဇင်ကလဲ အဲဒီ အားနာတာချည်း ပြောနေတာ မမချိုလှဲ့ရယ်၊ အဲ့ဒါ ချိုသက်က အတင်းခေါ်ခဲ့ရတာ"

"အားမနာပါနဲ့ရှင်၊ ကျွန်မတို့အိမ်မှာ တစ်ယောက်စာ လောက်က အမြဲပိုချက်ထားပါတယ်"

"ကဲ တွေ့လား၊ အိမ်မှာ အဆင်သင့်ရှိပါတယ်ဆိုတာ အစ်ကိုမိုးဇင် တွေ့ပြီလား"

"တွေ့ပါပြီဗျာ"

မိုးဇင်သိန်းက ရယ်မောပြီး ဖြေလိုက်သည်။ မပုက ရှုးခပ်ပေးသည်။ ထမင်းစားသောက်ရင်းနှင့် ဒေါ်သင်းသင်းက ချိုလဲ့ရီကို မေးသည်။

"ဦးရန်အတွက် မပုကို ဘာများ ပို့ခိုင်းရမလဲ"

"အဖျားမကျသေးရင် ဘာမှ ကျွေးလို့မဖြစ်သေးဘူး"

"ဦးရန်ဆိုတာ ဘယ်သူလဲ ဟင်"

မိုဇင်သိန်းက ချိုလဲ့ရီကိုကြည့်ပြီး မေးလိုက်သဖြင့် မနေသာတော့ဘဲ ချိုလဲ့ရီက ဖြေလိုက်သည်။

"ကျွန်မတို့ ပန်းခင်းက အလုပ်သမားပါ"

"သူ နေမကောင်းလို့လား"

"ဟုတ်ပါတယ်"

ချိုလဲ့ရီက တိုတိုတုတ်တုတ်ဖြေပြီး ထမင်းကို ခပ်သုတ်သုတ် စားလိုက်သည်။ အားလုံးထက် ဦးစွာ ချိုလဲ့ရီက စား၍ပြီးစီးပြီး စားပွဲက ထလိုက်သည်။

"ဝပြီလား"

"ဟုတ်ကဲ့ ဒေါ်လေး"

"အသီးစားဦးလေ"

"ဟင့်အင်း ခြံထဲဆင်းတော့မယ်"

"စားပြီး ခဏ နားပါဦးလားကွယ်"

"ဒီနေ့ ပန်းတွေမနုတ်လို့ မဖြစ်ဘူး၊ ဦးရန်ကလဲ နေမကောင်းဘူး၊ အဖော်လဲ မရှိတော့ အခုလောက်နုတ်မှ ညနေပြီးမှာ"

"ချိုလှဲ့ရီ တစ်ယောက်တည်း နုတ်မှာလား"

"ဟုတ်တယ်၊ မပုပြီးရင် ကူခိုင်းမလို့"

"မပုနဲ့ နှစ်ယောက်တည်း ပြီးနိုင်လို့လား"

"အမှန်တော့ ဒီတစ်နေ့ခင်းကို အပြီးနုတ်တမှာ၊ မနက်ဖြန်ဆိုရင် ပန်းတွေအရမ်းပွင့်သွားလိမ့်မယ်"

"ကျွန်တော် ကူပြီး နုတ်ပေးမယ်လေ"

"နေပါစေရှင်"

"ကျွန်တော်နဲ့ ချိုသက်ပါ ကူရင် ပြီးနိုင်တယ် မဟုတ်လား"

"ချိုသက်က ဘယ်တုန်းကမှ ဒီအလုပ် မလုပ်ဖူးဘူး၊ နေပူထဲ အကြာကြီးနေရင် သူ ခေါင်းကိုက်တတ်တယ်"

"ဟုတ်လား ကျွန်တော်က နေပူထဲမှာ နေကျင့်ရှိတယ်၊ ကူပေးပါရစေ"

မိုးဇင်သိန်းက အတင်းပင် ကူညီပေးမည်ဟု တောင်းဆိုသည်။ ချိုလှဲ့ရီက သူ့ထံမှ အကူအညီကို မလိုချင်ပါ။

"ရပါတယ် ရှင်"

"အိမ်ကိုမိုးဇင်ကူရင် ချိုသက်လဲ ကူလုပ်မယ်"

ချိုသက်ကြည်ထံမှ တစ်ခါမှ မကြားဖူးသော စကားကို ချိုလဲ့ရီ ကြားလိုက်သည်။ ထို့ကြောင့် ချိုသက်ကြည် မိုးဇင်သိန်းကို အလွန်စိတ်ဝင်စားနေပြီဆိုတာ တွက်၍ ရပါသည်။

ရင်ထဲမှာ ဆို့နင့်နင့် ခံစားမှုကို ခံစားရင်း ထမင်းစားခန်းက ထွက်လာခဲ့သည်။ ချိုလဲ့ရီက ခေါင်းဆောင်းတစ်ခု ဆောင်းပြီး ပန်းခင်းထဲ ဆင်းလိုက်သည်။ မပုက ထမင်းစားပြီး လိုက်ပါမည် ဖြစ်သည်။

ချိုလဲ့ရီရဲ့နောက်ကမိုးဇင်သိန်းနှင့် ချိုသက်ကြည်တို့ လိုက်ပါလာသည်။

"ကျွန်တော်တို့ ဘယ်လိုလုပ်ရမယ် ပြပေးပါဦး"

"ချိုသက် ဖြစ်ရဲ့လား၊ တော်ကြာ နေမကောင်း ဖြစ်နေဦးမယ်"

"ဖြစ်ပါတယ် မမချိုလဲ့ရဲ့"

ချိုလဲ့ရီက ပန်းနုတ်နည်းကို ပြပေးလိုက်သည်။ နုတ်ပြီးသားပန်းတွေကို ပုံထားရမည့်နေရာကိုလည်း သတ်မှတ်ပေးလိုက်သည်။

နာရီဝက်လောက်လုပ်ပြီး ချိုသက်ကြည်က ညည်းညူလာ သည်။

"ခါးလဲ ညောင်း၊ ခေါင်းလဲ ကိုက်လာပြီ"

"ဒါဆို မလုပ်နဲ့တော့လေ"

"ချိုသက်အိမ်ထဲဝင်တော့မယ်၊ အစ်ကိုမိုးဇင်ရော လိုက်မလာ"

"မလိုက်သေးဘူး"

ချိုသက်ကြည်က လုပ်လေ့လုပ်ထ မရှိသော အလုပ်ကို ကြာရှည်အောင့်အင်း သည်းမခံနိုင်တော့ဘဲ အိမ်ထဲဝင်သွားသည်။

အလုပ်ကို မကြောက်ဘဲ မပျင်းမရိ လုပ်နေသော ချိုလဲ့ရီကိုကြည့်ပြီး မိုးဇင်သိန်းက စာနာသနားနေသည်။

လုပ်လေ့လုပ်ထမရှိသော အလုပ်ကို ခါးညောင်းသော်လည်း အောင့်အည်းသည်းခံပြီး လုပ်နေသည်။

❀

# အခန်း (၁၀)

အလုပ်နှင့် လက်မပြတ်၍ ချိုလှဲ့ရီကို စကားပြောချင်ပေမယ့် မပြောနိုင်ပါ။ ပန်းခင်းတစ်ခင်း ပြတ်တော့မှ နားရသည်။

"ဒီပန်းတွေကို ဘယ်လိုလုပ်မှာလဲ"

ပုံထားသော ပန်းတွေကို လက်ညှိုးထိုးပြီး မိုးဇင်သိန်းက မေးလိုက်သည်။

"ဒါတွေ ပြီးအောင်စည်းပြီး ညမိုးမချုပ်ခင် ပန်းဒိုင်ကို သွားသွင်းရမှာ"

"ဟာ မီပါ့မလား"

"မီအောင် လုပ်ရမှာပေါ့ရှင်"

"ဒါဆို ကျွန်တော် ကူညီပေးမယ်"

"ရပါတယ်၊ ဒီမှာ မပုလဲ ရှိတာပဲ"

"ခင်ဗျားတို့ နှစ်ယောက်တည်း ဘယ်ပြီးမလဲ"

"ရပါတယ်"

"ကျွန်တော် ကူမယ်"

ချိုလှဲ့ရီ ပန်းစည်း စည်းပုံကို သေသေချာချာကြည့်ပြီး မိုးဇင်သိန်းက ကူညီသည်။ ညနေ နေဝင်ချိန်မှာ ပန်းတွေအားလုံး စည်းပြီး ကားနောက်ခန်းမှာ စီရီစွာထည့်ပြီးပါပြီ။

"တော်တော် မောသွားပြီလား"

မိုးဇင်သိန်းကို ကျေးဇူးတင်သော အကြည့်နှင့် ကြည့်ပြီး ချိုလှဲ့ရီက မေးသည်။

"ရပါတယ်ဗျာ ဒီလောက်တော့ ပင်ပန်းခံနိုင်ပါတယ်"

"ဒါဆို ကျေးဇူးပဲ၊ ကျွန်မ ပန်းဒိုင်ကို ပြေးလိုက်ဦးမယ်"

"ကျွန်တော် လိုက်ပို့ရမလား"

"ဘာဖြစ်လို့လဲ၊ ပင်ပန်းနေပြီ ပြန်နားပါတော့ရှင်"

"ပန်းဒိုင်ကို လိုက်ပေးမယ်၊ ဒီနေ့ ကူတဲ့အတွက် လုပ်အားခကို ချိုလှဲ့ရီက ပေးပေါ့"

"ပေးဆိုရင်လဲ ပေးပါရယ် ရှင်"

"ဘယ်လောက် ပေးမှာလဲ"

"ရှင်ပြောလေ"

"ပန်းဈေးကအပြန် တစ်ခုခုကျွေးရင် ကျေနပ်ပါပြီ"

"ဒီလောက်လေးများ ရပါတယ်ရှင်"

ထိုနေ့က မိုးဇင်သိန်းက ကားမပါလာသဖြင့် ချိုလွဲ့ရီရဲ့ ကားနှင့်ပင် ပန်းဒိုင် လိုက်ခဲ့သည်။ ဒိုင်မှာ ပန်းတွေသွင်းပြီး ငွေစက္ကူတစ်ထပ်ကို ချိုလွဲ့ရီက လက်ခံလိုက်သည်။

"ပိုက်ဆံရပေမယ့် ချိုလွဲ့ရီအလုပ်က ပင်ပန်းတယ်နော်"

"ခါတိုင်းဆို ဦးရန်အပြင် အကူတစ်ယောက် ငှားလိုက် ရင် အဆင်ပြေပါတယ်"

"ဒီနေ့ အဲဒီအကူရော ဘာလို့မလာတာလဲ"

"တခြား အလုပ်တစ်ခုကို သွားလုပ်နေလို့ မလာဖြစ်တာ ပါ၊ သူက ဒီလိုပဲ ကျပန်းလျှောက်လုပ်နေတာ"

"ကဲ ပန်းတွေလဲ သွင်းပြီးပြီ၊ ကျွန်တော့်ကို ဘာကျွေး မှာလဲ"

"ညစာစားချိန် ရောက်နေပြီပဲရှင်၊ ဆိုင်တစ်ဆိုင်မှာ ကျွေး မှာပေါ့"

"ကောင်းပါပြီ၊ ကြိုက်တဲ့ဆိုင်မှာ လိုက်ကျွေးနော်"

"ဟုတ်ကဲ့"

ချိုလွဲ့ရီက တရုတ်ဆိုင်၊ စားသောက်ဆိုင်ဆီသို့ ခေါ်သွား သည်။

"ကဲ ကိုမိုးဇင်သိန်း ကြိုက်တဲ့ဟင်း မှာပါ"

"ရပါတယ် ချိုလဲ့ရီပဲ မှာလိုက်ပါ"

ချိုလဲ့ရီက ကောင်းမည့် ဟင်းပွဲလေး သုံးပွဲမှာလိုက်သည်။ ပူနွေးသော ဟင်းလျာရောက်လာပြီး နှစ်ယောက်သား ဗိုက်ဆာဆာနှင့် စားလိုက်ကြသည်။

"ဒီနေ့ မောလို့ထင်တယ်၊ ထမင်းစားလို့ ပိုကောင်းနေတယ်"

"ဘာထပ်မှာဦးမလဲ မှာပါ"

"တော်ပါပြီဗျာ"

စားသောက်ပြီး မိုးသင်သိန်းက ဦးစွာ ငွေရှင်းလိုက်သည်။

"ဘာလို့လဲ ကျွန်မကျွေးတာလေ၊ ကျွန်မ ရှင်းမှာပေါ့"

ရပါတယ်၊ နောက်လဲ မကြာမကြာ ချိုလဲ့ရီတို့အိမ်မှာ ကျွန်တော် ထမင်းလာစားမှာဆိုတော့ ဒီနေ့ ကျွန်တော်ပဲ ရှင်းပါရစေ"

"ကိုမိုးဇင်သိန်းရယ် အားနာစရာ ဖြစ်နေပါပြီ၊ အလုပ်လဲ ကူခိုင်းသေးတယ်၊ ထမင်းကျွေးလဲ ကျွေးခိုင်သလို ဖြစ်နေပြီ"

"အဲဒါတွေက ကျွန်တော် ကျေကျေနပ်နပ်နဲ့ လုပ်ပေးတာမို့ အားနာစရာ မလိုပါဘူး"

မိုးဇင်သိန်းက ချိုလဲ့ရီကို ရွှန်းလဲ့သော အကြည့်စူးစူးနှင့် ကြည့်လိုက်သဖြင့် ချိုလဲ့ရီရဲ့ ရင်ထဲမှာ ခုန်လှိုက်သွားပြန်သည်။

"အချိန်မနည်းတော့ဘူး ပြန်ကြရအောင်လား"

"ကောင်းပါပြီ"

"ကိုမိုးဇင်သိန်းကို လိုက်ပို့ပေးမယ်"

"ကောင်းပါပြီ ခင်ဗျာ"

မိုးဇင်သိန်း တည်းခိုသော တည်းခိုခန်းကို ချိုလဲ့ရီက လိုက်ပို့ပေးသည်။

"ကျွန်တော်တို့ ငှားထားတဲ့အိမ်ကို နောက်နှစ်ရက်လောက်ကြာရင် ပြောင်းတော့မယ်"

"ဟုတ်လား... ကျွန်မ ဘာကူပေးရမလဲ"

"ထမင်းချက်ပြုတ်ပေးနိုင်တဲ့သူ တစ်ယောက်လောက် ခေါ်ချင်တယ်"

"ရပါတယ်၊ ကျွန်မ ရှာပေးပါ့မယ့်"

"ဒါဆို ကျေးဇူးပဲဗျာ၊ နေ့တိုင်း ဆိုင်ဟင်းစားရတာ ငြီးငွေ့နေပြီ"

"စိတ်ချပါ၊ ထမင်းချက်ကောင်းကောင်း ရှာပေးမယ်"

"မနက်လာပြီး ချက်ပြုတ်ပြီး ပြန်လို့ရပါတယ်၊ ဒီနေ့လို နေ့စဉ်မလိုပါဘူး"

ချိုလဲ့ရီက မိုးဇင်သိန်းကို ထားခဲ့ပြီး နှုတ်ဆက်ထွက်လာသည်။ သိပ်ချစ်ရသော မိန်းကလေး လုပ်ကိုင်နေသော အလုပ်

တွေ ပင်ပန်းပါလားဆိုပြီး မိုးဇင်သိန်းက အသနား ပိုနေသည်။

မိုးဇင်သိန်းကို သေသေချာချာ လေ့လာကြည့်တော့ အလွန် သဘောထားကောင်းသည်ဆိုတာကို ချိုလဲ့ရီက သိလိုက်သည်။

"သူ့ကို ငါ ချစ်မိနေပေမယ့် ညီမလေး ချိုသက်နဲ့ သူ မေတ္တာမျှနေတယ်ဆိုရင် ငါ ကြည်ဖြူနိုင်မှာပါ..."

"ချိုသက်က ကလေးဆန်ပြီး ထင်ရာလုပ်တတ်တော့ ဒီလိုသဘောကောင်းပြီး လူကြီးဆန်တဲ့သူနဲ့မှ အဆင်ပြေမှာ..."

"အချစ်ရေးနဲ့ ပတ်သက်ရင် ငါက ကံမကောင်းတဲ့ လူပါလား"

အချစ်ဦးတုန်းက စွန့်ပစ်ခံရပြီး၊ ဒုတိယ အချစ်ကျပြန်တော့လည်း သူ ပိုင်ဆိုင်ခွင့် မရပါလား။ မိုးဇင်သိန်းကို ချစ်မိသော အချစ်သည် ပထမအချစ်ထက် ပို၍ နက်ရှိုင်းလေးနက်သည်ဆိုတာကိုလည်း ခံစားမိသည်။

"အချစ်နဲ့ ဆုံးစည်းခွင့် မရှိတဲ့ ဘဝတစ်ခုကို ငါကျေကျေနပ်နပ်နဲ့ ဖြတ်သန်းရမှာပါလား"

အတွေးနှင့် ကားကို မောင်းလာရင်း အိမ်ကိုရောက်လာသည်။ ဒေါ်သင်းသည်းက ဧည့်ခန်းဝကနေ ကြိုလိုက်သည်။

"တူမကြီး ပင်ပန်းနေပြီလား၊ ခဏနားပြီး ရေချိုးလိုက်၊ ပြီးမှ ထမင်းစားကြတာပေါ့"

"ချိုလှဲ့ စားခဲ့ပြီးပြီ"

"ဟင်... ဘယ်က စားခဲ့တာလဲ"

"လမ်းမှာ ကိုမိုးဇင်သိန်းနဲ့ စားခဲ့ပြီးပြီ..."

"သြော် တစ်နေ့လုံး ကူလုပ်ပေးတာ၊ ကျေးဇူးတင်လိုက်တာကွယ်"

"ဟုတ်တယ် ဒေါ်လေးရေ၊ မပုနဲ့ကိုမိုးဇင်သိန်းကြောင့် ပန်းတွေ မလေမလွင့်တာ၊ ချိုသက်နဲ့သာဆိုရင် အကုန်ဆုံးမှာ"

"မမချိုလှဲ့ကလဲ ချိုသက်လဲ ကူလုပ်ပေးတာပဲဟာ"

ချိုလှဲ့ရီက ဆင်ခြေပေးပြီး အပါးခို၊ လက်ကြောမတင်းသော ချိုသက်ကြည်ကို မျက်စောင်းထိုးလိုက်သည်။

ထမင်းစားခန်းဝင်ပြီး ရေတစ်ခွက်သောက်ကာ သူ့အခန်းကို ပြန်လာသည်။ ရေချိုးပြီး ဘုရားခန်းခဏဝင်လိုက်သည်။ တစ်နေ့လုံး ပင်ပန်းလာသဖြင့် အိပ်ရာစောစောဝင်လိုက်သည်။

ဦးရန်ကို မပုက သွားကြည့်ပေးပြီး အဖျားကျသွားပြီဆိုတာ သိ၍ စိတ်အေးသွားပြီး သွားမကြည့်ဖြစ်တော့ပါ။

❋

နောက်တစ်နေ့ နံနက်စောစော အိမ်မှထွက်ခဲ့ပြီး ဦးရန်ကို ဝင်ကြည့်သည်။ နေကောင်းပြီဖြစ်သော ဦးရန်က စောစောစီးစီး နိုးနေပါသည်။

"ဦးရန် ဘယ်လိုနေသေးလဲ"

"နေကောင်းနေပါပြီ"

"ဒီနေ့ နားလိုက်ဦးနော်၊ နေကောင်းပြီဆိုပေမယ့် ထမင်းစားလို့မရသေးဘူး၊ ဆန်ပြုတ်လောက်ပဲ စားဦး"

"ကျွန်တော် နေကောင်းနေပါပြီ မမလေးရယ်"

"ပြန်ဖျားရင် မလွယ်ဘူး၊ ချိုလဲ့ပြောတာ နားထောင်ပါ ဦးရန်ရယ်၊ ပန်းလဲ ဒီနေ့ နုတ်စရာမရှိဘူး၊ သဘက်ခါမှ ဟိုဘက်ခင်းက နုတ်ရမှာ၊ ပန်းခင်းကို ရေသွင်းတာ ကျွန်မလုပ်နိုင်ပါတယ်"

"ကျွန်တော့်ကြောင့် မမလေး ပင်ပန်းရတာ စိတ်မကောင်းလိုက်တာ"

ဦးရန်က စိတ်မကောင်းစွာနှင့် ပြောသည်။

"နေ့မကောင်းဖြစ်တာပဲ ဘယ်တတ်နိုင်ပါ့မလဲ ဦးရန်ရယ်၊ မပု ဆန်ပြုတ်လာပို့လိမ့်မယ်၊ ကျွန်မပေးတဲ့ ဆေးကို သောက်ဦးနော်"

"ဟုတ်ကဲ့"

ချိုလဲ့ရီက ဦးရန်တဲကနေ ထွက်ခဲ့ပြီး အိမ်ပြန်၍ ကားယူပြီး မိုးဇင်သိန်းတို့အတွက် ထမင်းချက်ရှာပုံတော် ဖွင့်သည်။ သူနှင့် ရင်းနှီးသော အဒေါ်ကြီးတစ်ယောက်ကို သွားရှာသည်။

သန့်သန့်ပြန့်ပြန့်နှင့် အချက်အပြုတ်တော်သော ဒေါ်မွေး နှင့်တွေ့ပြီး မေးကြည့်သည်။

"ဒေါ်မွေးရေ ကျွန်မရဲ့ မိတ်ဆွေတွေက ထမင်းချက်တစ်ယောက် လိုချင်လို့တဲ့၊ လုပ်နိုင်မလား"

"ဒေါ်မွေးက အိမ်ကို ပစ်ထားလို့ မရဘူးလေ၊ သူများအိမ်မှာ သွားမနေနိုင်ဘူး"

"သွားနေရမှာ မဟုတ်ဘူး၊ မနက်သွားပြီး ဈေးဝယ်ချက်ပြုတ်ပေးပြီး ပြန်လာရုံပဲ"

"အဲ့လိုဆိုရင်တော့ ဒေါ်မွေးလုပ်နိုင်ပါတယ်၊ လခရော ဘယ်လိုပေးမှာလဲ"

"အဲ့ဒါ သူတို့နဲ့တွေ့ပြီး မေးလေ၊ အခုလိုက်ပို့ပေးမယ်၊ လိုက်ခဲ့နော်"

"ကောင်းပါပြီ"

ဒေါ်မွေးအား မိုးဇင်သိန်းထံသို့ ခေါ်သွားပေးသည်။ ဒေါ်မွေး နှင့် မိုးဇင်သိန်းတွေ့ပြီး ဆွေးနွေးကြ၍ နှစ်ဦးနှစ်ဖက် အဆင်ပြေသွားသည်။

"ကျွန်တော်တို့ အိမ်ပြောင်းပြီးမှပဲ ဒေါ်မွေး လာပေးပါ"

"ကောင်းပါပြီ၊ သန်ဘက်ခါမှပဲ ဒေါ်မွေးလာခဲ့မယ်၊ အိမ်ကိုလဲ သိနေတော့ အဲဒီကိုပဲ တိုက်ရိုက်လာခဲ့မယ်"

"ဟုတ်ကဲ့"

"ဒါဆို အဒေါ် ပြန်မယ်နော်"

"ဟုတ်ကဲ့"

"ချိုလဲ့ရီရော ဒီနေ့ ဘာအလုပ်တွေ ရှိသေးလဲ"

"ဒီနေ့ မရှိပါဘူး၊ သန်ဘက်ခါမှ ပန်းနုတ်ရမှာ"

"လာကူရဦးမလား"

"ဦးရန် နေကောင်းနေပြီမို့ အဆင်ပြေပါတယ်"

"လိုရင် ပြောနော်"

"ကိုမိုးဇင်သိန်း ပိတ်ရက်မဟုတ်ရင် မအားဘဲနဲ့ လုပ်ပေးဦးမလို့လား"

"ချိုလဲ့ရီ အကူအညီတကယ်လိုအပ်နေရင် လုပ်ပေးရမှာပေါ့ဗျာ"

"ဒီလို စေတနာထားတာ ကျေးဇူးတင်ပါတယ် ရှင်"

"ဒါမွေးကို ခေါ်ပေးတဲ့အတွက် ကျွန်တော်ကလဲ ကျေးဇူးတင်ပါတယ် ဗျာ"

"ဒါဆို ကျွန်မ ပြန်လိုက်ပါဦးမယ်"

"ကောင်းပါပြီ ဗျာ"

ချိုလဲ့ရီက နှုတ်ဆက်ပြီး ကားမောင်းထွက်လာသည်။

❁

# အခန်း (၁၁)

မိုးဇင်သိန်းက ချိုလဲ့ရီတို့အိမ်ကို မရောက်လာသည်မှာ နှစ်ရက်ရှိပြီ ဖြစ်သော်လည်း ချိုသက်ကြည်က သူ့ထံသို့ နေ့တိုင်း ရောက်သွားသည်။

တည်းခိုခန်းကနေ အိမ်ကို ပြောင်းသည့်နေ့ကလည်း ပြောင်းသည့်အိမ်ကို ချိုသက်ကြည် ရောက်သွားသည်။

ထိုနေ့ည ထမင်းစားရင်းနှင့် ချိုသက်ကြည်က သူရောက်ခဲ့သည့်အကြောင်းကို ပြောသည်။

"ဒီနေ့ ကိုမိုးဇင်တို့ အိမ်ပြောင်းတာ ချိုသက်လိုက်သွားကြည့်ရယ်၊ အိမ်လေးက မဆိုးပါဘူး"

ခြေသွက်သည့် ညီမကို ချိုလဲ့ရီ ကြည်ရှုံသာကြည့်နေလိုက်သည်။

"သူတို့ပြောင်းတဲ့အိမ်ကို မမချိုလှဲ့ သိလား"

"အဲဒီအိမ်ကို အထဲမရောက်ဖူးပေမယ့် သိပါတယ်"

"အထဲမှာ တော်တော်လေးကောင်းတယ် မမချိုလှဲ့ရဲ့"

"အင်းလေ ဒါကြောင့်လဲ ဈေးကောင်းပေးရတာပေါ့"

ဒေါ်သင်းသင်းက ဝင်ပြောလိုက်သည်။ ချိုသက်ကြည်က ထမင်းတစ်လုတ်ကို ဝါးစားရင်းက ပြောနေသည်။

"ထမင်းချက် ဒေါ်မွေးလဲ ရောက်လာပြီလေ၊ မနက်ကစပြီး အစ်ကိုမိုးဇင်တို့သုံးယောက်ကို ချက်ကျွေးနေပြီ"

"ဟုတ်လား၊ ဒေါ်မွေးနဲ့သူတို့ ဘယ်လိုအဆက်အသွယ် ရသွားပါလိမ့်"

ဒေါ်သင်းသင်းက ချိုလှဲ့ရဲ့ ဆက်သွယ်ပေးသည်ကို မသိ၍ ပြောသည်။

"ချိုလှဲ့ ရှာပေးလိုက်တာ ဒေါ်လေးကို ပြောဖို့မေ့နေလို့"

"အေးကွယ် ချိုလှဲ့ကူညီလိုက်တာ တော်သေးတာပေါ့"

"သူကလဲ ချိုလှဲ့တို့ကို ကူညီထားတယ် မဟုတ်လား"

"ဟုတ်တာပေါ့ တူမကြီးရယ်"

သူတို့ ထမင်းစားသောက်ပြီး တီဗွီကြည့်နေစဉ်မှာ မိုးဇင် သိန်းရောက်လာသည်။ ချိုသက်ကြည်က တံခါးခေါက်သံကြား သည်နှင့် ထွက်၍ ဖွင့်ပေးသည်။

"အစ်ကိုမိုးဇင် ထမင်းစားပြီးပြီလား"

"ပြီးခဲ့ပြီ"

မိုးဇင်သိန်းက ဧည့်ခန်းထဲကို ဝင်လာရင်း ဒေါ်သင်းသင်းတို့ကို မေးလိုက်သည်။

"ဒေါ်လေးတို့ရော စားပြီးကြပြီလား"

"ပြီးပါပြီ ကွယ်"

"ထမင်းချက် ဒေါ်မွေးကော အဆင်ပြေရဲ့လား"

"အချက်အပြုတ်ကောင်းပြီး သန့်ရှင်းတော့ ကျွန်တော်တို့အားလုံး စိတ်ချမ်းသာပါတယ်"

"အေးကွယ် ကြားရတာ ဝမ်းသာပါတယ်"

ချိုသက်ကြည်က သွက်လက်စွာ မီးဖိုထဲဝင်ပြီး မပုအား ကော်ဖီနှင့် မုန့် ပြင်၍ ယူလာခိုင်းလိုက်သည်။

"အစ်ကိုမိုးဇင်က ထမင်းချက်ကောင်းကောင်းရပြီဆိုတော့ ချိုသက်တို့ထမင်းကို ဘယ်စိတ်ဝင်စားတော့မလဲနော်"

"အဲ့လို မဟုတ်ပါဘူး ချိုသက်ရယ်၊ ကြုံတဲ့အခါ စားပါမယ်"

"ကဲ အခုတော့ ကော်ဖီနဲ့ မုန့် စားလိုက်ဦးနော်"

မပုယူလာသော ကော်ဖီနှင့် မုန့်ကို ချိုသက်ကြည်က မိုးဇင်သိန်းရှေ့သို့ ချပြီး ဧည့်ခံသည်။

"အခုပဲ ထမင်းစားလာတာ"

"စကားပြောရင်း ဆိုရင်းနဲ့ ဒီလောက်ကို စားလို့ရပါတယ် အစ်ကိုမိုးဇင်ရယ်"

"ဒေါ်မွေးကို ပို့ပေးလို့ ချိုလှဲ့ရီကို ကျေးဇူးတင်ကြောင်း လာပြောရင်းနဲ့ သန်ဘက်ခါ ကျွန်တော် ရန်ကုန်သွားမလို့ ဘာများ မှာချင်လဲလို့ လာမေးတာပါ"

"ဟင်...ရန်ကုန်သွားမလို့ ဟုတ်လား၊ ချိုသက်လိုက်ချင်တယ်"

"ချိုသက်ရယ် သူက အလုပ်ကိစ္စနဲ့ သွားမှာ၊ လိုက်ပြီးမရှုပ်စမ်းပါနဲ့ကွယ်"

ဒေါ်သင်းသင်းက အားနာစွာနှင့် ဝင်ပြောသည်။

ချိုသက်က အသံစာစာလေးနှင့် ချက်ချင်းဆင်ခြေပေးသည်။

"ဒေါ်လေးကလဲ ချိုသက်က ကလေးမှမဟုတ်တာ၊ ဘာလို့ ရှုပ်ရမှာလဲ"

"ရပါတယ် ဒေါ်လေးရယ်၊ သူလိုက်ချင်ရင် လိုက်ပါစေ၊ ကျွန်တော်တစ်ယောက်တည်းသွားမှာဆိုတော့ လမ်းမှာ အဖော်ရတာပေါ့"

"မောင်မိုးဇင်သိန်းအတွက် အနှောင့်အယှက်မဖြစ်ဘူးဆိုရင် ခေါ်သွားပါကွယ်"

"ဒါဆို ကြီးကြီးတို့ဆီ ဖုန်းဆက်ထားလိုက်မယ်"

"အင်း ဆက်လိုက်ပေါ့၊ ချိုသက်က သွားပြီး ဘယ်တော့ပြန်လာမှာလဲ"

"ကိုမိုးဇင်က ရန်ကုန်မှာ ဘယ်နှစ်ရက် ကြာမှာလဲ"

"လေးငါးရက်ပါပဲ"

"ဒါဆို အပြန်လဲ အတူလိုက်ပြန်လိုက်မယ်လေ"

"ချိုသက်ရဲ့ သဘောပဲ"

ချိုလှဲ့ရီက တစ်ခွန်းမှ ဝင်မပြောဘဲ နားထောင်နေသည်။ သည်လိုသွားရန်အတွက် ချိုသက်ကြည်နှင့် မိုးဇင်သိန်းတို့ စည်းဝါးကိုက်ပြီးသားဟု ထင်ကြေးပေးလိုက်သည်။

မိုးဇင်သိန်းနှင့် ချိုသက်ကြည် ချစ်သူတွေများ ဖြစ်နေကြပြီလားဟု တွေးရင်း ရင်ထဲမှာ ကျင်ခနဲ စူးရှနာကျင်သွားသည်။

မိုးဇင်သိန်းက တစ်နာရီလောက်ကြာအောင် စကားသွားသော်လည်း ချိုလှဲ့ရီနှင့် သုံးလေးခွန်းထက် မပိုပါ။ ချိုသက်ကြည်ကပဲ ရွှန်းရွှန်းဝေအောင် ပြောနေပါသည်။

ဒေါ်သင်းသင်းကိုယ်တိုင်က ချိုသက်ကြည်ရဲ့ အရိပ်အကဲ

ကိုကြည့်ပြီး ချိုသက်ကြည် မိုးဇင်သိန်းအပေါ် စိတ်ဝင်စားနေသည်လို့ ထင်သည်။

❁

နောက်တစ်နေ့ ပန်းခင်းမှာ အလုပ်ရှုပ်နေသော ချိုလဲ့ရီက မိုးဇင်သိန်းအကြောင်းကို မတွေးဖြစ်ပါ။ ချိုသက်ကြည်ကတော့ တစ်နေ့လုံး ရန်ကုန်လိုက်သွားရန် ထုပ်ပိုးပြင်ဆင်နေသည်။

ညစာ ထမင်းစားသောက်ပြီး အေးအေးဆေးဆေး တီဗွီကြည့်ချိန်မှာ ချိုသက်ကြည်က ချိုလဲ့ရီကို မျက်နှာချိုသွေးလိုက်သည်။

"မမချိုလဲ့ ချိုသက်ရန်ကုန်သွားမှာ မုန့်ဖိုးမပေးတော့ဘူးလား"

"ချိုသက်ရယ် ပေးမှာပေါ့၊ ဘယ်တုန်းက မုန့်ဖိုးမပါဘဲသွားခိုင်းလို့လဲ"

"ဒီတစ်ခါ ဘယ်လောက်ပေးမှာလဲ"

"အသွားအပြန် ခရီးစရိတ်မကုန်တော့ သုံးသောင်းဆိုတော်ပြီပေါ့"

"ဟာ မမချိုလဲ့ကလဲ ရန်ကုန်မှာ သုံးသောင်းနဲ့ ဘာသွားသုံးရမှာလဲ"

"ဟိုမှာ ကြီးကြီးတို့အိမ်မှာနေပြီး ကြီးကြီးဝယ်ပေးသမျှ အကုန်ယူမှာပဲ၊ ချိုသက် ဘာသုံးစရာရှိလို့လဲ"

"မမချိုလွဲကလဲ သိပ်ကပ်စေးနဲတာပဲ"

"ချိုသက်ရယ် ပိုက်ဆံရှာရတယ်ဆိုတာ ဘယ်လောက် ပင်ပန်းလဲ၊ လွယ်လွယ်သုံးလို့ ဖြစ်မလား၊ ကျောင်းဖွင့်ရင် ကျောင်းစရိတ်တွေကလဲ ကုန်ဦးမှာ"

အလုပ်ကို ကူမလုပ်ချင်ဘဲ ပေါ်ကြော့သုံးချင်သော ချိုသက်ကြည်ကို နားမလည်တတ်ရန်ကောဆိုသော အကြည့်နှင့် ချိုလွဲ့ရီက ကြည့်လိုက်သည်။

"ကဲပါ မမချိုလွဲ့ရယ် ငါးသောင်းတော့ ပေးပါနော်"

"ပေးလိုက်ပါ ချိုလွဲ့"

ဒေါ်လေးကပါ အလိုလိုက်ပြီး ပေးခိုင်းနေသဖြင့် ချိုလွဲ့ရီက မပြောသာတော့ပါ။

"ပေးမယ် မဟုတ်လားဟင်"

"အေးပါ ပေးပါ့မယ်"

"အခုပေးလေ၊ မနက်စောစောထမှာမို့ ချိုသက် အိပ်တော့မယ်"

"အေးပါဟယ်"

ချိုလွဲ့ရီက သူ့အခန်းကိုဝင်ပြီး ငွေငါးသောင်းကို ယူလာ

ခဲ့သည်။

"ရော့… ဟိုမှာ လိမ်လိမ်မာမာ နေဦးနော်"

"ချိုသက်က လိမ်မာပြီးသားပါ မမချိုလဲ့ရဲ့"

အမြဲတမ်း ဆင်ခြေဆင်လက်တွေနှင့် ပြည့်နေသော ချိုသက်ကြည်ကို ပြောလည်း မောရုံသာပါပဲ။ ခဏအကြာမှာ ချိုသက်ကြည်က အိပ်တော့မည်ဆိုပြီး ထထွက်သွားသည်။

"ဒေါ်လေးရယ် ချိုသက်ကို အဲ့လို သူစိမ်းယောကျ်ားတစ်ယောက်နဲ့ သွားခွင့်ပြုတာ ချိုလဲ့စိတ်ထဲမှာ မသင့်တော်ဘူးလို့ထင်တယ်"

"မောင်မိုးဇင်သိန်းက လူကြီးလူကောင်းပါကွယ်၊ ပြီးတော့ သူတို့နှစ်ယောက် သံယောဇဉ် ဖြစ်နေပြီလားလို့ ဒေါ်လေးထင်တယ်"

"အင်း… ကြည့်ရတာကတော့ ဖြစ်နေပုံပဲ"

"မောင်မိုးဇင်သိန်းလို လူမျိုးနဲ့ဆိုရင် သဘောမတူနိုင်စရာ မရှိပါဘူးကွယ်"

ဒေါ်သင်းသင်းကိုယ်တိုင်က လိုလိုလားလားရှိနေ၍ ချိုလဲ့ရီ ဘာမှမပြောသာတော့ပါ။

"ဘာလဲ တူမကြီးက သဘောမကျလို့လား"

"မဟုတ်ပါဘူး ဒေါ်လေးရဲ့၊ ချိုသက်က ငယ်သေးတော့

သူ့စိတ်ကို သူမသိသေးဘဲ ဆုံးဖြတ်လိုက်မှာစိုးလို့ပါ"

"အခုခေတ် ကာလကလေးတွေက လည်ပါတယ် ကွယ်"

ချိုသက်ကြည်ကို အကောင်းချည်းမြင်နေသော ဒေါ်သင်းသင်းက အကောင်းဖက်ကပဲ တွေးပြီး ပြောသည်။ သူတို့ရဲ့ အုပ်ထိန်းသူတစ်ယောက်လုံးက ကြည်ကြည်ဖြူဖြူရှိနေမှ ချိုလွဲ့ရီက ဘာမှ မပြောလိုတော့ပါ။

"တူမကြီးရော အိမ်ထောင်ရေးကို စိတ်မဝင်စားသေးဘူးလား"

"စိတ်ဝင်စားဖို့ အချိန်မရှိသေးပါဘူး ဒေါ်လေးရယ်"

"တစ်ချိန်လုံး စီးပွားရေးကိုပဲ လုံးပမ်းမနေနဲ့လေ၊ ဘဝဖော်အတွက်လဲ စဉ်းစားဦး"

"အချိန်ရှိပါသေးတယ် ဒေါ်လေးရယ်၊ မစွံတော့လဲ ဘာအရေးလဲ၊ ဒေါ်လေးလို အပျိုကြီး လုပ်မှာပေါ့"

"တူမကြီးကတော့ ပြောလိုက်ရင် ဒီအတိုင်းချည်းပဲ"

"ဒေါ်လေးရယ် ချိုလွဲ့အတွက် မပူပါနဲ့၊ ချိုသက်အတွက် ပူရတာနဲ့ပဲ ဒေါ်လေး ပင်ပန်းနေပါပြီ"

"အဲဒီကောင်မလေးက အတော်ထိန်းရခက်ရယ်၊ စိတ်ကစားတဲ့ အရွယ်မှာ မဟုတ်မဟပ်တဲ့ သူတွေနဲ့ ဖြစ်သွားမှာစိုးရိမ်တယ်"

"ချိုသက်က ဘယ်အရာမဆို အကောင်းဆုံးမှ ကြိုက်တဲ့ အတွက် တော်ရုံလူကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး"

"အင်းလေ အဲ့ဒီလိုဆို ကောင်းပါလေ့"

တူအရီးနှစ်ယောက် အခြားအကြောင်းအရာများကို ပြော ဆိုနေပြီး ချိုသက်ကြည်နှင့် မိုးဇင်သိန်းအကြောင်းကို တွေးပြီး အိပ်မပျော်နိုင်သေးပါ။

❋

# အခန်း (၁၂)

နောက်တစ်နေ့ နံနက်စောစောမှာ တစ်အိမ်လုံး ထကြပါသည်။ အအိပ်ကြီးသော ချိုသက်ကြည်က ခရီးသွားရမှာမို့ နာရီနှိုးစက်ကို ဘဲလ်ပေးပြီး အိပ်၍ စောစောနိုးသည်။

ချိုသက်ကြည် မသွားခင် စားသောက်သွားရန် မပုက ပြင်ဆင်ပေးသည်။ အားလုံး စားသောက်နေစဉ် မိုးဇင်သိန်းက ရောက်လာသည်။

"မောင်မိုးဇင်ရော ဝင်စားသွားပါ"

"စားပါ့မယ် ဒေါ်လေး၊ ကျွန်တော် အိမ်က ဘာမှမစားဘဲ ထွက်လာတာ"

သူ့အတွက် မပုက ပြင်ဆင်ပေးသည်။ ခပ်သွက်သွက် စားပြီး နှစ်ယောက်သား နှုတ်ဆက်လိုက်သည်။

"ချိုသက် ဒေါ်လေးကို ကန်တော့သွားဦးလေ"

အပျော်လွန်နေသော ချိုသက်ကြည်က လုပ်ရိုးလုပ်စဉ်ကို မေ့နေ၍ ချိုလဲ့ရီက သတိပေးသည်။

"ဟုတ်ပါ့ရဲ့ မေ့သွားတယ်"

ချိုသက်ကြည်က စပ်ဖြီးဖြီးမျက်နှာနှင့် ထိုင်ကန်တော့သည်။

"ဒေါ်လေးကို ကျွန်တော်လဲ ကန်တော့ပါတယ်"

မိုးဇင်သိန်းက လူကြီးသူမကို သိတတ်ရိုသေစွာနှင့် ထိုင်ကန်တော့သည်။ သူတို့နှစ်ယောက် ယှဉ်တွဲပြီး ကန်တော့သည်ကို ကြည့်ပြီး ချိုလဲ့ရီရင်ထဲမှာ ကျင်ရှရှ ခံစားလိုက်ရပြန်သည်

သူတို့နှစ်ယောက်ရဲ့ပုံစံက ကြင်စဦး ဇနီးမောင်နှံနှစ်ယောက်ရဲ့ ပုံစံမျိုးမို့ ထိထိခိုက်ခိုက် ခံစားလိုက်ရပါသည်။

"ချိုလဲ့ရီ ကျွန်တော်တို့ကို ခွင့်ပြုဦးနော်"

"ဟုတ်ကဲ့"

"ကားကို သတိဝီရိယနဲ့ မောင်းပါကွယ်"

"စိတ်ချပါ ဒေါ်လေး"

"မမချိုလဲ့ ချိုသက်သွားပြီနော်"

"အေးပါကွာ"

ပျော်မြူးစွာ ထွက်ခွာသွားသော ချိုသက်ကြည့်ကို ကားနားအထိ ချိုလဲ့ရီက လိုက်မပို့တော့ပါ။ ဟန်ဆောင်နေရသော သူ့

အဖြစ် မဖုံးနိုင်မဖိနိုင် ဖြစ်သွားမှာကို စိုးရိမ်နေသည်။

ချိုသက်ကြည်နှင့် မိုးဇင်သိန်းတို့ လက်ထပ်ဖြစ်သွားလျှင် သူ့ခံစားချက်တွေ မှေးမှိန်ပျောက်ကွယ်သွားလိမ့်မည်ဟု မျှော်လင့်သည်။

ချိုသက်ကြည်က ပျော်မြူးစွာ လင်ခရုဇာရဲ့ ရှေ့ခန်းမှာလိုက်ပါလာသည်။

"နံနက်စောစောစီးစီးထွက်ရတာ စိတ်ကို လန်းဆန်းကြည်လင်သွားတာပဲ အစ်ကိုမိုးဇင်ရယ်"

"ဟုတ်တယ်၊ ချိုလဲ့ရီက ဒီလိုမျိုးခရီးမထွက်ဘူးလား"

"သူက အိမ်ခင်တဲ့ လူလေ"

"အိမ်ခင်တာလား၊ မအားလို့ မသွားရတာလား"

"အင်း မအားတာလဲ ပါတာပေါ့၊ လောကကြီးမှာ ရှိတဲ့ အလုပ် သူလုပ်မှ ဖြစ်မယ်လို့ သဘောထားတော့ ပင်ပန်းတာပေါ့"

တာဝန်ဝတ္တရားဆိုတာ နားမလည်သလို တာဝန်မယူတတ်သော ချိုသက်ကြည်က ခပ်ပေါ့ပေါ့ပြောလိုက်သည်ကို မိုးဇင်သိန်းက သိသည်။

"အလုပ်ကလဲ ပစ်ထားလို့ မရလို့နေမှာပေါ့"

"အဲ့ဒီ အလုပ်တွေသာ ငဲ့နေရင် မမချိုလဲ့က တစ်ဖဝါးမှ

တောင် ခွာလို့ရမှာ မဟုတ်ဘူး၊ တစ်ခါတလေ ပစ်ထားလိုက် ပါလားလို့ ပြောရင် စိတ်ဆိုးသေးတယ်"

"သူသွားလို့ရအောင် ချိုသက်က တစ်လှည့်စောင့်ပေးလိုက် ပေါ့"

"ဟာ အဲ့ဒီအလုပ်တွေ စိတ်မဝင်စားပါဘူး၊ ပြီးတော့ ချိုသက်ကိုလဲ အလုပ်တွေနဲ့ ထားခဲ့ရမှာ မမချိုလဲ့က စိတ်မချ ပါဘူး"

ချိုသက်ကြည်ရဲ့ အတ္တဆန်သောစိတ်ကို မိုးဇင်သိန်းက ခန့်မှန်းမိသည်။ ချိုလဲ့ရီအပေါ် ကြင်နာသနားစိတ်တွေ ပိုသွား သည်။ ချစ်ရသူလေးရဲ့ ပင်ပန်းဆင်းရဲခြင်းကို မျှဝေခံစားယူပစ် လိုက်ချင်သည်။

"ညီဟန် အတော့်ကို မိုက်ရိုင်းတဲ့ကောင်၊ သနားစရာ ကောင်းတဲ့ ချိုလဲ့ရီကို တန်ဖိုးထားရမှန်း မသိဘူး"

"ဒီတစ်ကြိမ် ထပ်ပြီး ချိုလဲ့ကို ဒုက္ခပေးလို့ကတော့ သိ မယ်"

စိတ်ထဲကနေ ညီဟန်ထွန်းကို ကြိမ်းဝါးလိုက်သည်။

"အစ်ကိုမိုးဇင် ဘာတွေတွေးနေတာလဲ၊ မျက်နှာကြီးက လဲ တင်းလို့"

"ဘာမှ မတွေးပါဘူး"

"မသိပါဘူး အစ်ကိုမိုးဇင် တစ်ခုခုကိုများ စိတ်ဆိုးနေသလားလို့"

"ချိုသက်ကြည်ရဲ့ ကြီးကြီးက ဘယ်မှာနေတာလဲ"

"ရွှေတောင်ကြား"

"ဟုတ်လား"

"အစ်ကိုမိုးဇင်က အင်းလျားလမ်းမှာနော်"

"အင်း"

"ဒါဆို ချိုသက်တည်းမယ့်နေရာနဲ့ သိပ်မဝေးဘူးပေါ့"

"ဟုတ်တယ်"

"ရန်ကုန်ရောက်ပြီးရင် ချိုသက်ဆီကို လာဦးနော်"

"အေးပါကွာ"

"ကြီးကြီးတို့ဆီရောက်ရင် ချိုသက်က တစ်နေ့တစ်နေ့မအားဘူး၊ လည်နေတာလေ

"ဒါဆို အစ်ကိုလာတွေ့ရင် ဘယ်တွေ့နိုင်မလဲနော်"

"အစ်ကိုလာမယ်ဆိုရင် ကြိုပြီး ဖုန်းဆက်လိုက်ပေါ့"

"ချိုသက်က ဟိုမှာ ဘယ်သူနဲ့ လျှောက်လည်တာလဲ"

"ကြီးကြီးရဲ့သမီး ဖြိုးဖြိုးက ချိုသက်ထက် တစ်နှစ်ငယ်တယ်၊ သူနဲ့ လျှောက်လည်တာပေါ့"

"ရွယ်တူအဖော်ရှိတော့ ပျော်စရာကောင်းတာပေါ့"

"ဟုတ်တယ် ကြီးကြီးတို့က ပိုက်ဆံချမ်းသာတော့ ဖြိုးဖြိုးရဲ့ဘဝက ပျော်စရာကြီး"

"အခု ချိုသက်ရဲ့ဘဝက ပျော်စရာ မကောင်းဘူးလား"

"သူတို့လောက် မပြည့်စုံတော့ သိပ်ပြီး ပျော်စရာမကောင်းဘူးလေ"

"ချိုလဲ့ရီကရော သူ့ဘဝကို ကျေနပ်လား၊ ပျော်လား"

"မချိုလဲ့ရီစိတ်က ခန့်မှန်းရ ခက်ပါတယ်၊ တစ်နေ့တစ်နေ့ အလုပ်တွေကို မညည်းမညူ လုပ်နေတာဆိုတော့ ပျော်လို့နေမှာပေါ့"

ချိုသက်ကြည်နှင့် စကားများများပြောလေ ချိုသက်ကြည်ရဲ့ ပေါ့ဆဆနေထိုင်မှုကို သိရှိပြီး ချိုလဲ့ရီကို အထင်ကြီးပြီးကြီးနေပါတော့သည်။

စကားတပြောပြောနှင့် မောင်းလာကြသည်။ လမ်းမှာခဏနား စားသောက်ပြီး ခရီးဆက်ခဲ့ကြသည်။ ညကျမှ ရန်ကုန်ကို ရောက်သည်။

"တစ်လမ်းလုံး တစ်ယောက်တည်းမောင်းရတာ အစ်ကိုမိုးဇင် ပင်ပန်းနေပြီပေါ့နော်"

"ဒီလိုပဲ မောင်းနေကျပါ၊ ချိုသက်ကို အရင်လိုက်ပို့ပေးမယ်"

"ဟုတ်ကဲ့၊ နောက်နေ့မှာ အစ်ကိုမိုးဇင်ဆီ ချိုသက်လာလည်မယ်နော်"

"ကောင်းပါပြီဗျာ"

ချိုသက်ကြည်ကို လိုက်ဖို့ရင် ချိုသက်ကြည်ရဲ့ ကြီးကြီးဒေါ်သောင်းသောင်းနှင့်တွေ့သည်။

"ကျေးဇူးတင်ပါတယ် တူမောင်ရယ်"

"ရပါတယ်ခင်ဗျာ တကူးတက မဟုတ်ပါဘူး၊ လမ်းကြုံနေတာပါ"

"မောင်ရင့်ကို တစ်ရက် ထမင်းစားဖိတ်ပါရစေ"

"နေပါစေခင်ဗျာ"

"ဒီလိုလုပ်ပါလား၊ မနက်ဖြန်ညနေ အားလား၊ ကြီးကြီးစီစဉ်ထားလိုက်မယ်"

"နေပါစေ ခင်ဗျာ"

"ကဲပါ ကြီးကြီး စီစဉ်ထားပါ့မယ်၊ မနက်ဖြန်ညနေ ခြောက်နာရီကို ထမင်းစားကြွပါကွယ်"

ဒေါ်သောင်းသောင်းကို အားနာ၍ မိုးဇင်သိန်းက လက်ခံလိုက်သည်။ ဒေါ်သောင်းသောင်းရဲ့ သမီး ဖြိုးဖြိုးကိုလည်း တွေ့ခဲ့ရသည်။ ဖြိုးဖြိုးသည် ချိုသက်ကြည်လို အလွန်သွက်လက်သော မိန်းကလေးဆိုတာ မြင်ရုံနှင့် သိလိုက်သည်။

"ဟုတ်ကဲ့ ဖေဖေ"

"ဒါဆို ဖေဖေအိပ်တော့မယ်"

"ဟုတ်ကဲ့"

မိုးဇင်သိန်းက ဖခင်ပခုံးကို ဖက်ပြီး သူ့အိပ်ခန်းဝအထိ လိုက်ပို့ပေးသည်။ အဖေတစ်ခု သားတစ်ခုမို့ သားအဖနှစ်ယောက်က ရင်းရင်းနှီးနှီး ရှိကြသည်။

သူ့ခရီးဆောင် သေတ္တာကို ယာဉ်မောင်းရော အိမ်ရဲ့ ချက်ရေးပြုတ်ရေးပါ တာဝန်ယူသော လင်မယားက သူ့အခန်းထဲကို ယူသွားပြီး ထားပေးသည်။

မိုးဇင်သိန်းက အခန်းထဲရောက်ပြီး အဝတ်အစားလဲကာ လန်းဆန်းသွားရန် ရေချိုးခန်းဝင်ပြီး ရေပူရေအေးပိုက်ကနေ စပ်ပြီး ရေချိုးလိုက်သည်။

ရေချိုးလိုက်၍ ညောင်းညာနေမှုက အတော်လျော့ပါးသွားသည်။ ရေချိုး၊ ခဏနားပြီး အိပ်ရာဝင်လိုက်သည်။

ချိုလဲ့ရီကို လေးငါးရက်ခန့် မတွေ့မှာကို လွမ်းဆွတ်တမ်းတမိလိုက်သည်။

❀

နောက်တစ်နေ့နံနက် ကော်ဖီဝိုင်းမှာ သားအဖနှစ်ယောက်

အတူသောက်ရင်း စကားပြောကြသည်။

"သား ဒီမှာ ဘယ်နှစ်ရက်လောက် ကြာမှာလဲ"

"လေးငါးရက်ပါ ဖေဖေ"

"ပြင်ဦးလွင်က လုပ်ငန်း မပြီးမချင်း စင်ကာပူမသွား သေးဘူး မဟုတ်လား"

"ပြီးတောင် မသွားဖြစ်ဘူး ဖေဖေ၊ သားဒီမှာ ကြီးကြပ် နေရဦးမှာ"

"အဲ့ဒီတော့ သားအတွက် အဆင်ပြေရဲ့လား"

"ပြေပါတယ် ဖေဖေ"

"မောင်ညီဟန်ထွန်းရော ဘယ်တော့လောက် လာမှာလဲ"

"နောက် နှစ်လလောက်မှ ရောက်လိမ့်မယ်"

"အင်း... သားတို့သူငယ်ချင်း နှစ်ယောက်စလုံး အခုထိ စီးပွားရေးရှာနေကြတယ်၊ မိန်းမယူဖို့ စိတ်မကူးသေးဘူးလား"

"အဲဒီကိစ္စ မစဉ်းစားသေးပါဘူး ဖေဖေရယ်"

"အသက်ပဲ သုံးဆယ် ရှိနေပြီ၊ စဉ်းစားသင့်ပြီ"

"အဲ့ဒါတွေက အရေးမကြီးပါဘူး၊ ကျွန်တော် ရန်ကုန်မှာ ရှိတုန်း ဖေဖေ့ကို ကျန်းမာရေးအတွက် ချက်အပ်(ပ) လုပ်ရမယ် နော်"

"ဖေဖေ နေကောင်းနေတာပဲကွာ"

"ကျွန်တော်က ဖေဖေ့ကို ထားခဲ့ရတာ စိတ်မချဘူး၊ ဒါကြောင့် ကျန်းမာရေးကိုတော့ စစ်ပေးထားချင်တယ်"

"သားကလဲကွာ မလိုပါဘူးဆို"

"မလုပ်လို့ မဖြစ်ဘူးလေ ဖေဖေ"

"အေးပါကွာ ဒါဆိုလဲ လုပ်"

"ဒီတစ်ခါ ကျွန်တော်ပြန်ရင် ပြင်ဦးလွင်ကို လိုက်လည်ပါလား ဖေဖေ"

"အင်း ကောင်းသားပဲ ဒါပေမဲ့ ကြာကြာတော့ နေနိုင်မှာ မဟုတ်ဘူး"

"ဘာလဲ ဖေဖေ့ရဲ့ သူငယ်ချင်းတွေနဲ့ မတွေ့ရမှာစိုးလို့လား"

"ဟုတ်တယ် မနက်ပိုင်း လမ်းလျှောက်နေကျအဖွဲ့ကို ဖေဖေက ခင်နေတာ"

"ကြာကြာမဟုတ်ပါဘူး လေးငါးရက်ပေါ့ ဖေဖေ"

"အေးကွာ လေးငါးရက် ဆိုရင်တော့ လိုက်မယ်"

"ဒါဆို ကျွန်တော် ကိစ္စရှိလို့ သွားတော့မယ်"

"ထမင်းစားပြန်မယ် မဟုတ်လား"

"မပြန်တော့ဘူး ဖေဖေ၊ ညစာလဲ ဖိတ်ထားတာရှိလို့ သွားစားရမယ်"

"ဒါဆို မိုးချုပ်မှ ပြန်မှာလား"

"ညနေပြန်လာပြီး ရေချိုးပြီးမှ ပြန်ထွက်မှာပါ"

"အင်း ကောင်းပြီလေ"

ဖခင်ကို နှုတ်ဆက်ပြီး မိုးဇင်သိန်း အိမ်မှ ထွက်လာသည်။ အလုပ်ကိစ္စတွေဖြင့် မအားလပ်သဖြင့် နံနက်စာထမင်းကို အတော်နောက်ကျမှ စားဖြစ်သည်။

ချိုသက်ကြည်က ဖြိုးဖြိုးနှင့် လျှောက်လည်ပြီး အလွန်ပျော်ရွှင်နေသည်။ ညနေ မိုးဇင်သိန်းကို ထမင်းစားဖိတ်ထားသဖြင့် ဒေါ်သောင်းသောင်းက ထမင်းချက်နှင့်အတူ စီမံခန့်ခွဲနေသဖြင့် သူတို့နှင့် မလိုက်ဖြစ်ပါ။

ဒေါ်သောင်းသောင်း မပါသဖြင့် ဖြိုးဖြိုးနှင့် ချိုသက်ကြည်တို့ ပို၍ လွတ်လပ်ပျော်ရွှင်နေသည်။

"မမချိုသက်ကလဲ ဒီမှာ ကြာကြာနေတာမဟုတ်ဘူး၊ လေးငါးရက်တည်းနေတယ်"

"သိပ်ကြာလို့ မဖြစ်ဘူးလေ၊ ဟိုမှာ ဒေါ်လေးနဲ့ မမချိုလဲ့တို့နှစ်ယောက်တည်း"

"အောင်မယ် အကြောင်းမသိတာလိုက်လို့၊ မမချိုသက်ရှိတော့ရော အိမ်မှာ ဘာအားကိုးရလို့လဲ"

"ဟား... ဟား"

ဖြိုးဖြိုးက အမှန်တရားကို ပြောလိုက်သဖြင့် ချိုသက်ကြည်က အားပါးတရ ရယ်လိုက်သည်။

❀

# အခန်း (၁၃)

ဒေါ်သောင်းသောင်းက ညနေခြောက်နာရီတွင် ထမင်းစားဖိတ်ထားသည်မို့ အိမ်ပြန်ရေမိုးချိုးပြီး အမီရောက်လာခဲ့သည်။

ချိုသက်ကြည်တို့ နှစ်ယောက်ကလည်း အချိန်မီ အိမ်ပြန်ပြီး ရေချိုး ပြင်ဆင်လိုက်ကြသည်။ မိုးဇင်သိန်းထွက်လာတော့ ချိုသက်ကြည်က ကြိုသည်။

"အစ်ကိုမိုးဇင် ဒီနေ့ အလုပ်တွေများနေလား"

"အေးပေါ့ကွာ များတာပေါ့၊ ချိုသက်ရော"

"ချိုသက်လဲ လည်ရတဲ့အလုပ်တွေ များလွန်းလို့ အားကို မအားပါဘူး"

"ဩော်... အတော်ပင်ပန်းရှာမှာပဲနော်"

"ဟုတ်တယ်"

ချိုသက်ကြည်က ပြောရင်းနှင့် သဘောကျစွာ ရယ်လိုက်သည်။ ဒေါ်သောင်းသောင်းက မိုးဇင်သိန်းကိုကြိုရင်းနှင့် တောင်းပန်စကားဆိုသည်။

"မင်းရဲ့အန်ကယ်က အရေးကြီးတဲ့ ကိစ္စရှိလို့ သွားရပါတယ်၊ ညှော်မခံနိုင်တာကို ခွင့်လွှတ်ပါလို့ ပြောသွားတယ်"

"ရပါတယ် အန်တီ၊ ကျွန်တော့်ကို တကူးတက ဧည့်ခံရတဲ့ အန်တီတို့ကိုတောင် ကျွန်တော်က အားနာနေတာပါ"

"အားမနာပါနဲ့ကွယ်၊ တူမလေးကို ခေါ်လာပေးလို့ ကျေးဇူးတင်လှပါပြီ"

ဧည့်ခန်းထဲတွင် ခဏနားပြီး ထမင်းစားကြသည်။ ဒေါ်သောင်းသောင်းက သူ့ကို အထူးတလည် ချက်ပြုတ်ဧည့်ခံသည်ကို မိုးဇင်သိန်းက အားနာနေသည်။

စားသောက်ပြီး လူမှုရေး၊ စီးပွားရေးကိစ္စ ရောက်တတ်ရာရာ ပြောဆိုပြီးမှ မိုးဇင်သိန်းက အိမ်ပြန်လာသည်။

ကိုးနာရီလောက် အိမ်ပြန်ရောက်ပြီး သူနှင့် စကားပြောရန် စောင့်နေသော ဖခင်ကြီးနှင့်အတူ စကားပြောကြသည်။ မိုးချုပ်မှ အိပ်ရာဝင်ရသည်။

နောက်တစ်နေ့ ဖခင်ကြီးအား အထူးကုဆေးခန်းကို ခေါ်သွားပြီး လိုအပ်သည့် ဆေးစစ်မှုကို ပြုလုပ်သည်။ တစ်နေကုန်

အချိန်တွေ ဖခင်အတွက် ကုန်ဆုံးသွားသည်။

ထိုနေ့ည ချိုသက်ကြည်က သူ့ထံသို့ တယ်လီဖုန်းဆက်သည်။

"အစ်ကိုမိုးဇင် အလုပ်တွေ များနေလား"

"ဟုတ်တယ်၊ ဘာဖြစ်လို့လဲ"

"မနက်ဖြန် ချိုသက်တို့နဲ့အတူ ရုပ်ရှင်ကြည့်ဖို့ ခေါ်မလို့"

"မကြည့်အားသေးပါဘူးကွာ"

"တစ်ရက်လောက် အစ်ကိုမိုးဇင်နဲ့ လည်ချင်တယ်"

"အစ်ကိုအားတော့ ချိုသက်ကို ပြောပါ့မယ်"

"ဒါဆို ချိုသက် မျှော်နေမယ်နော်"

"အေးပါကွာ"

ချိုသက်ကြည်ကို မိုးဇင်သိန်းက ခင်ပါသည်။ ညီမလေးတစ်ယောက်လို ခင်တွယ်နေ၍ သူနှင့်လည်း လည်ပတ်ချင်ပါသည်။ သူ့တွင် အလုပ်ကိစ္စတွေ ပိနေ၍ လည်ပတ်ဖို့အချိန် မပေးနိုင်ပါ။

အလုပ်တွေ ပိပြီး တစ်နေ့တစ်နေ့ မအားလပ်ရှာသော ချိုလဲ့ရီက မိုးဇင်သိန်းကို သတိရနေသည်။ မိုးဇင်သိန်းနှင့် ချိုသက်ကြည်တို့ မေတ္တာမျှနေကြသည်ဟု ထင်ပြီး သူတို့အကြောင်းတွေကို တွေးမိသည်။

"ရန်ကုန်မှာ သူတို့နှစ်ယောက် လျှောက်လည်ရင်း ပျော်

နေကြမှာပဲ"

"ကြီးကြီးက စည်းကမ်းရှိပေမယ့် ကိုမိုးဇင်သိန်းလို လူကြီးလူကောင်းကိုတော့ ကြည်ဖြူမှာပါ"

"ချိုသက်က အစစအရာရာ ငါ့ထက် ကံကောင်းပါတယ်"

သမီးကြီးဆိုသည့်အတိုင်း တာဝန်တွေ စုပုံယူထားရပြီး အချစ်ကံခေလှသော သူ့အဖြစ်အတွက် ချိုလဲ့ရီက ဝမ်းနည်းမိသည်။

❊

မိုးဇင်သိန်းက ရန်ကုန်မှာ ရှိနေသော်လည်း စိတ်အစဉ်က ချိုလဲ့ရီထံသို့ ရောက်ရောက်သွားသည်။

"ချိုလဲ့ အလုပ်တွေပိပြီး ပင်ပန်းနေပြီလား"

"ပန်းနုတ်ဖို့ အလုပ်သမားမရှိတဲ့အခါ သူပဲ လုပ်ရမှာ ပင်ပန်းနေရှာမှာပါ"

"စိတ်ထား သိပ်ဖြူစင်တဲ့ ချိုလဲ့ကို ငါ ကာကွယ်မစောင့်ရှောက်ပေးနိုင်တာ တကယ်စိတ်မကောင်းဘူး"

"သိပ်ရိုးသားတဲ့ ချိုလဲ့က အချစ်ကိုတော့ ကစားစရာလို ထင်တဲ့ ညီဟန်ထွန်းကိုမှ ချစ်ရတယ်လို့ကွာ"

ချိုလဲ့ရီ ညီဟန်ထွန်းကို လက်ခံတုံ့ပြန်ချစ်သည့်အတွက်

တွေးလိုက်တိုင်း သူ့ရင်မှာ တနုတ်နုတ် ခံစားနေရသည်။

"ညီဟန် ရောက်လာပြီး ချိုလဲ့ကို နောက်ထပ်တစ်ကြိမ် စိတ်ဆင်းရဲအောင် လုပ်လို့ကတော့ ငါနဲ့ အတွေ့ပဲ"

"ဒီတစ်ခါ စီးပွားဖက် သိပ်ချစ်တဲ့ သူငယ်ချင်းဆိုတာကို ငါ မထောက်ထားနိုင်တော့ဘူး"

"ပြတ်ပြတ်သားသားကို ရင်ဆိုင်ပစ်လိုက်မယ်"

"ငါသိပ်ချစ်တဲ့ မိန်းကလေးကို ဖြတ်လှသွားပြီး တန်ဖိုး မထားတတ်တဲ့ကောင်ကို ဒီတစ်ခါကျရင် လုံးဝ ခွင့်မလွှတ်ဘူး"

ချိုလဲ့ရီကို ချစ်သောအချစ်ကို မပွင့်လင်နိုင်၍ ရင်မှာ သိုသိပ်ခံစားသိမ်းထားရသည်မှာ မိုးဇင်သိန်းအတွက် ပင်ပန်းလှ ပါသည်။

"ချိုလဲ့ရီရယ် ညီဟန်လိုလူမျိုးအတွက် ဝမ်းနည်းပူဆွေး နေရတာ မတန်လိုက်တာကွယ်"

ချိုလဲ့ရီ ညီဟန်ထွန်းကြောင့် အသည်းကွဲဝေဒနာကို ခံစား နေရဆဲဟုထင်ပြီး မိုးဇင်သိန်း ရင်ထဲမှာ မချိမဆန့်ပါပဲ။

❋

အလုပ်တစ်ဖက်နှင့် ဖခင်ရဲ့ ကျန်းမာရေးကို စစ်ဆေးပြီး စီးသွားပါသည်။

"အဖေပြောသားပဲ သားရယ် အဖေ့မှာ ဘာရောဂါမှ မရှိ ဘူးဆိုတာ"

စစ်ချက်တွေကြည့်ပြီး ဦးကျော်သိန်းက ပြောသည်။

"စစ်လိုက်တော့ စိတ်ချရတာပေါ့ ဖေဖေရယ်"

"သား ဘယ်နေ့ ပြန်မှာလဲ"

"သန်ဘက်ခါပါ၊ ဖေဖေ လိုက်လည်ပါလား"

"ကောင်းသားပဲ လိုက်လည်မယ်"

ဖေဖေ့ရဲ့ ဘော်ဒါတွေကို ခရီးထွက်မယ့်အကြောင်း နှုတ် ဆက်လိုက်ဦးနော်"

ဖခင် သေချာပေါက်လုပ်မည့်ကိစ္စကို မိုးဇင်သိန်းက ပြော လိုက်သဖြင့် ဦးကျော်သိန်းက ရယ်နေသည်။

"အေးပါကွာ၊ သားနှုတ်ဆက်စေချင်ရင် နှုတ်ဆက်လိုက် မယ်"

"ဖေဖေ့ကို ပြန်လိုက်ပို့ပြီးရင် ကျွန်တော် သွားစရာရှိသေး တယ်"

ဆေးခန်းကအပြန် ဦးကျော်သိန်းကို မိုးဇင်သိန်းက ပြန်လိုက်ပို့ပေးသည်။ အလုပ်ကိစ္စနှင့် ထွက်ရင်းအပြန် ချိုသက် ကြည့်ထံသို့ ဝင်သည်။

"အစ်ကိုမိုးဇင် အလုပ်တွေ ပြီးပြီလား"

"အင်း ပြီးသလောက် ဖြစ်နေပြီ၊ သန်ဘက်ခါ ပြန်ကြမယ်၊ ချိုသက် ပြန်လိုက်မယ် မဟုတ်လား"

"လိုက်မှာပေါ့"

"အပြန် ဖေဖေလဲ လိုက်မယ်"

"ဟုတ်လား... လိုက်လည်မှာလား"

"အင်း..."

"အစ်ကိုမိုးဇင် မနက်ဖြန်ကျရင် ချိုသက်နဲ့အတူ ရုပ်ရှင် လိုက်ကြည့်ပါလားဟင်"

"အားမယ် မထင်ဘူး"

"အားအောင်လုပ်ပါ၊ ပြီးတော့ ဖိုးက ဒင်နာကို အပြင်မှာ ဝယ်ကျွေးပြီး အစ်ကိုမိုးဇင်ကို ဧည့်ခံမလို့ပဲ"

"ဖြိုးဖြိုးကပဲ ကျွေးနေတာ မစားတော့ပါဘူးကွာ"

"ချိုသက်တို့ကျွေးတာ မစားချင်ရင် အစ်ကိုမိုးဇင်က ဝယ်ကျွေးပေါ့"

"အေးပါကွာ ဝယ်ကျွေးပါ့မယ်"

"အစ်ကိုရယ် မပြန်ခင် ချိုသက်တို့နဲ့ ရုပ်ရှင်ကြည့်ရအောင် နော်"

ချိုသက်ကြည်က ကလေးတစ်ယောက်လို လိုချင်တာကို မရမက ပူဆာနေသည်။

"အေးပါကွာ မနက်ဖြန်ညနေ အစ်ကို ရုပ်ရှင်လဲပြမယ်၊ အပြင်မှာလဲ ဝယ်ကျွေးမယ်"

"ဟုတ်လား... တကယ်နော်"

"တကယ်ပေါ့"

"အဟား ပျော်စရာကြီး"

ချိုသက်ကြည်က ကလေးတစ်ယောက်လို ရွှင်မြူးပေါ့ပါးစွာ ရယ်လိုက်သည်။

"အစ်ကိုမိုးဇင် ပိုက်ဆံတွေ ကုန်တော့မှာပဲ"

"ကုန်ပါစေကွာ၊ ချိုသက်ပျော်ရင် ပြီးတာပဲ"

ချိုလှဲ့ရီကို စူးနစ်စွာ ချစ်မိ၍ ချိုလှဲ့ရီ သိပ်ချစ်၊ သိပ်အလိုလိုက်သော ညီမကို မိုးဇင်သိန်းကလဲ အလိုလိုက်အကြိုက်ဆောင်လိုက်ပါသည်။

"ဒီလိုလုပ်ပါလား၊ မနက်ဖြန်ညဆိုရင် မကောင်းဘူး သန်ဘက်ခါ ခရီးထွက်မှာဆိုတော့ ဒီနေ့ပဲ သွားကြရအောင်လား"

"သိပ်ကောင်းတာပေါ့"

"ဒါဆို အစ်ကို အိမ်ပြန်ပြီး ရေချိုး၊ အဝတ်အစားလဲမယ်၊ စားသောက်ပြီးမှ ရုပ်ရှင်ကြည့်တာပေါ့"

မိုးဇင်သိန်းက နာရီကို ငုံ့ကြည့်ပြီး အချိန်မီသည့်အတွက် စီစဉ်လိုက်သည်။

"ဟုတ်ကဲ့ ချိုသက်တို့ စောင့်နေပါ့မယ်"

မိုးဇင်သိန်း နှုတ်ဆက်ပြီး ပြန်သွားသည်။ ချိုသက်ကြည်နှင့် ဖြိုးဖြိုး အဝတ်အစားလဲပြီး ပြင်ဆင်လိုက်သည်။ ဒေါ်သောင်းသောင်းက မိုးဇင်သိန်းနှင့်ဆိုလျှင် ကန့်ကွက်ရန်မရှိ၍ ခွင့်ပြုလိုက်သည်။

မိုးဇင်သိန်း ပြန်လာခေါ်သည့် အချိန်မှာ ချိုသက်ကြည်နှင့် ဖြိုးဖြိုးက အသင့်ဖြစ်နေပြီ။ ဒေါ်သောင်းသောင်းထံတွင် ခွင့်ပန်ပြီး သူတို့နှစ်ယောက်ကို မိုးဇင်သိန်းက ခေါ်ခဲ့သည်။

"ကဲ ချိုက်သက်တို့နှစ်ယောက် ဘာစားချင်လဲ ပြောလေ"

"ရပါတယ် အစ်ကိုမိုးဇင်ရယ်၊ ကြိုက်တာသာ ကျွေးပါ"

"ဟော့ပေါ့ စားမလား"

"ကောင်းတာပေါ့"

ဟော့ပေါ့ စားပြီး သမ္မတရုပ်ရှင်ရုံသို့ ထွက်လာကြသည်။

"ကားထဲမှာ စောင့်နေဦး၊ လက်မှတ်သွားဝယ်လိုက်မယ်"

"ရပါတယ် အစ်ကိုမိုးဇင်ရယ်၊ ဖြိုးတို့ပါ တစ်ခါတည်းလိုက်ခဲ့ပါ့မယ်"

ကားပတ်ကင်တွင် ကားကိုရပ် သော့ခတ်ပြီး ရုပ်ရှင်ရုံဆီသို့ လျှောက်လာကြသည်။ အထူးတန်းက လက်မှတ်သုံးဆောင်ဝယ်ပြီး ရုံထဲသို့ ဝင်လိုက်သည်။

ချိုသက်ကြည်က မိုးဇင်သိန်းနှင့် ကပ်လျက် ထိုင်လိုက်သည်။ အပြန်ကားပေါ်ရောက်မှ မိုးဇင်သိန်းက မေးသည်။

"ဘယ်လိုလဲ၊ ရုပ်ရှင်ကို ကြိုက်ရဲ့လား"

"ကြိုက်တာပေါ့ အစ်ကိုမိုးဇင်ရဲ့၊ ဒီကားကို ချိုသက်က သိပ်ကြည့်ချင်နေတာ"

"ဟိုမှာရော ချိုသက် ရုပ်ရှင်ကြည့်တာပဲ မဟုတ်လား"

"ကြည့်တာပေါ့၊ ကြိုက်တဲ့ကားတိုင်း မလွတ်အောင် ကြည့်တာပဲ"

"ဘယ်သူနဲ့ ကြည့်တာလဲ"

"ချိုသက်ရဲ့သူငယ်ချင်း ဝါဝါနဲ့ပေါ့"

"ညီအစ်မနှစ်ယောက် ရှိတာပဲ၊ ချိုလဲ့ရီနဲ့အတူ မကြည့်ဘူးလား"

"မဂချိုလဲ့က ဘယ်တော့မှ အားတာမဟုတ်လို့ အဖော်လဲစပ်လို့ မရဘူးလေ"

"ချိုလဲ့ရီက ရုပ်ရှင်ဝါသနာ မပါဘူးလား"

"မပြောတတ်ဘူး၊ အမြဲမကြည့်ဖြစ်တာ အမှန်ပဲ"

"ဝါသနာမပါတာလား၊ အချိန်မပေးနိုင်တာလား"

"အချိန်မပေးနိုင်တာပါ အစ်ကိုမိုးဇင်ရယ်"

ချိုသက်ကြည်က အစ်မကို စာနာရမည့်အစား၊ အပြစ်

ပြောချင်နေပါလားဟု မိုးဇင်သိန်းက တွေးသည်။ စကားတပြော ပြောနှင့် ချိုက်သက်ကြည်တို့ရဲ့ အိမ်ကို ရောက်လာသည်။

"အစ်ကို အိမ်ထဲဝင်ပါဦးလား"

"မိုးချုပ်နေပြီ မဝင်တော့ဘူးနော်"

ကောင်းပါပြီ ကျေးဇူးတင်ပါတယ် အစ်ကိုမိုးဇင်"

ဖြိုးဖြိုးနှင့် ချိုသက်ကြည်က ကျေးဇူးတင်စကား ပြောရင်း နှုတ်ဆက်လိုက်သည်။

❋

# အခန်း (၁၄)

"ချိုသက်ကြည်ရေ သင်းသင်းနဲ့ ချိုလဲ့ရီအတွက် ကြီးကြီး လက်ဆောင်ပေးမလို့ သူတို့ကြိုက်တာကို ဖြိုးနဲ့အတူ သွားဝယ်ကြ နော်... ကြီးကြီး ပိုက်ဆံပေးမယ်"

"ဟုတ်ကဲ့ ကြီးကြီး"

"ချိုလဲ့က အရင်လိုပဲ မပြင်မဆင်နေတုန်းပဲလား"

"ဟုတ်တယ် ကြီးကြီးရယ်၊ သူ့ကိုကြည့်လိုက်ရင် ရှပ်အင်္ကျီ ပွပွ၊ ဂျင်းဘောင်းဘီနဲ့ အများဆုံး တွေ့ရတာပဲ"

"အင်း...သူ့ခမျာ ယောကျ်ားလေးတစ်ယောက်လို အလုပ် လုပ်နေရတော့ လွတ်လပ်ပေါ့ပါးတဲ့ အဝတ်အစားပဲ ဝတ်ရတာ ပေါ့"

"သူ့ကို ဘာဝယ်သွားရမလဲ"

"ဖြိုးကြည့်တတ်ပါတယ်၊ မမချိုလဲ့ကို မိန်းမဝတ်လုံချည် လှလှလေး ဝယ်ပေးလိုက်"

"ဟုတ်ကဲ့ မေမေ"

ဖြိုးဖြိုးနှင့် ချိုသက်ကြည်တို့ အခန်းထဲမှာ ပြင်ဆင်နေရင်းနှင့် ဖြိုးဖြိုးက မိုးဇင်သိန်းရဲ့အကြောင်းကို ပြောသည်။

"အစ်ကို မိုးဇင်သိန်းက သဘောကောင်းရယ်နော်၊ ရုပ်ကလဲ ခန့်ခန့်ချောချောနဲ့နော်"

ဖြိုးဖြိုးက ထပ်မံချီးကျူး ဖြည့်စွက်ချီးကျူးလိုက်သည်။

"သူ့ကြည့်ရတာ မမချိုသက်ကို သဘောကျနေသလိုပဲ"

"ဟုတ်တယ် ငါလဲ အဲ့လိုပဲ ထင်တယ်"

"မမချိုသက်ကို ဖွင့်မပြောသေးဘူးလား"

"ဟင့်အင်း"

"ဖွင့်ပြောရင် စဉ်းစားမနေနဲ့ ချက်ချင်း လက်ခံလိုက်နော်"

"အိုက်တင် မခံရဘူးလား"

"မခံနဲ့ သူများနောက် ပါသွားဦးမယ်"

"ဖြိုးကတော့ အပြတ်အားပေးနေပြီ"

"ဟုတ်တယ်၊ ဒါမျိုးက လက်လွတ်ခံလို့ မဖြစ်ဘူး"

"ဟုတ်တယ်နော်"

"မမချိုသက်ကရော သူ့ကို သဘောကျလား"

"ရှင်းရှင်းပြောရရင် သူ့မှာ သဘောကျစရာ အရည်အချင်းတွေ အများကြီးလေ"

စိတ်ကစားနေသော ချိုသက်ကြည်က အစစအရာရာ ပြည့်စုံသော မိုးဇင်သိန်းကို ပြန်ချစ်ရန် ဝန်မလေးဟု တွေးလိုက်သည်။

"အစ်ကို မိုးဇင်လို လူမျိုးနဲ့ဆိုရင် မေမေတို့ လူကြီးတွေ အားလုံး သဘောတူကြမှာပါ"

"အင်း...တူမှာပါ၊ ဒေါ်လေးကတောင် သူ့ကို ခင်နေတာလေ"

"အသက်တော့ တော်တော်ကွာမယ်နော်"

"ဘာဖြစ်လဲဟယ် ကြီးတော့ မှီရတာပေါ့"

"အင်း... ဟုတ်တယ်နော်"

ညီအစ်မနှစ်ယောက် သဘောကျစွာ ရယ်လိုက်ကြသည်။ တစ်နေ့ခင်းလုံး ဗိုလ်ချုပ်ဈေးထဲမှာ လျှောက်ပတ်ပြီး ဈေးပိတ်ခါနီးမှ ပြန်ခဲ့ကြသည်။

ရန်ကုန်မှာ ငါးရက်နေရသည်မှာ မတင်းတိမ်သော်လည်း ချိုသက်ကြည်က ပြန်ရပါမည်။ မိုးဇင်သိန်းနှင့် အတူပြန်ချင်သည့် စိတ်က အလေးသာ၍ ပြန်လိုက်ဖြစ်သည်။

နောက်တစ်နေ့ နံနက် မိုးဇင်သိန်း ချိုသက်ကြည်ကို

ဝင်ခေါ်သည်။ ကားရှေ့ခန်းတွင် ဦးကျော်သိန်းထိုင်နေ၍ နောက်ခန်းတွင် ချိုသက်ကြည်က ဝင်ထိုင်လိုက်သည်။

"ချိုသက် ဒါ အစ်ကို့ ဖေဖေလေ"

"ဟုတ်ကဲ့၊ အန်ကယ် လိုက်လည်တာပေါ့နော်"

"ဟုတ်တယ်ကွယ့်"

"ချိုသက်တို့အိမ်ကိုလဲ လာလည်ရမယ်နော်"

"လာလည်မှာပေါ့ကွယ်"

ချိုသက်ကြည်က ဦးကျော်သိန်းကို တွေ့တွေ့ချင်း ပျူငှာစွာ ဆက်ဆံလိုက်သည်။ အပြန်လမ်းမှာ ဦးကျော်သိန်းရော၊ ချိုသက်ကြည်ပါ စကားတွေ ပြောကြသဖြင့် မိုးဇင်သိန်းက ပျင်းချိန်မရ။

မိုးဇင်သိန်းက ကားကို မှန်မှန်မောင်းသဖြင့် မိုးချုပ်မှ ပြင်ဦးလွင်ကို ရောက်သည်။

"ချိုသက် ဖေဖေ့ကို အရင်ပို့ပြီးမှ ချိုသက်ကို ပို့မယ် နော်"

"ဟုတ်ကဲ့"

ဦးကျော်သိန်း ခရီးပန်းနေသည်မို့ ဖခင်ကို အလျင်ပို့ပြီးမှ ချိုသက်ကြည်ကို လိုက်ပို့ပေးသည်။

"ချိုလဲ့ရေ ချိုသက်တို့ ပြန်လာပြီ"

ချိုလဲ့ရီက အခန်းထဲရောက်နေသဖြင့် ဧည့်ခန်းမှာရှိသော

ဒေါ်သင်းသင်းက ချိုလှဲ့ရီကို လှမ်းခေါ်လိုက်သည်။

"ဖေဖေပါလာလို့ လမ်းမှာ ခပ်မှန်မှန်ပဲ မောင်းခဲ့လို့ နောက်ကျသွားတယ်"

"ဩော်... အဖေပါလာတာကိုး"

"ဟုတ်တယ် ဒေါ်လေး၊ အဖေ့ကို အလည်ခေါ်လာတာ"

"ကောင်းတာပေါ့၊ ဒေါ်လေးတို့အိမ် အလည်ခေါ်ခဲ့ပါဦး တွေ့ရအောင်"

"ဟုတ်ကဲ့ ဒေါ်လေး"

"ဒေါ်လေး ဘဘကြီးကို ထမင်းစားဖိတ်လိုက်ရအောင်နော်"

"နေပါစေ ချိုသက်ရယ်"

"အစ်ကို မိုးဇင်က ချိုသက်တို့နဲ့ ခင်နေတာ ဘဘကြီးကို ထမင်းဖိတ်ကျွေးရမှ ကျေနပ်မှာ"

"ဒါဆို မနက်ဖြန်ညနေ ထမင်းစားဖိတ်ချင်တယ်၊ ချိုသက်ကို မင်းရဲ့ဖေဖေဆီ လာဖိတ်ခိုင်းလိုက်မယ်"

ချိုလှဲ့ရီက ဘာမှဝင်မပြောလိုက်ရပါ။ ဒေါ်သင်းသင်းက စီစဉ်လိုက်ပါသည်။ မိုးဇင်သိန်းက နှုတ်ဆက်ပြီး ပြန်သွားသည်။ ချိုသက်ကြည်က မနားသေးဘဲ ရန်ကုန်က အကြောင်းတွေကို ဖောက်သည်ချရင်း ဝယ်လာသော ပစ္စည်းတွေကို ထုတ်လိုက်သည်။

"ကြီးကြီးက မမချိုလှဲ့နဲ့ ဒေါ်လေးအတွက် လက်ဆောင်တွေ ဝယ်ပေးလိုက်တယ် ကြည့်ပါဦး"

"ဒီ ပါတိတ်ဆင်လေးက လှလိုက်တာ"

"အဲ့ဒါ ဒေါ်လေးအတွက် ဖြိုးနဲ့ ချိုသက် ရွေးပေးတာနော်"

"ချိုသက်က ရွေးတတ်လိုက်တာ"

"မမချိုလှဲ့ရော သဘောကျလား"

"ဒီအဝတ်အစားတွေဝတ်ဖို့ ငါ့မှာ အချိန်မရှိပါဘူး"

"ဟော့ကြည့် ဒီက စေတနာနဲ့ ကောင်းကောင်းဝယ်လာတာ၊ တစ်ခါတလေ မိန်းမဆန်ဆန်နေစမ်းပါ မမချိုလှဲ့ရယ်"

"မမလုပ်တဲ့ အလုပ်က နွဲ့နှောင်းနေလို့ ရလို့လား"

ချိုလှဲ့ရီက ဘာကို ဒေါသဖြစ်မှန်းမသိဘဲ ချိုသက်ကြည်ကို ဘုကလန့် ဖြေလိုက်သည်။ ချိုလှဲ့ရီရဲ့ ထူးခြားသော အမူအရာကို ဒေါ်သင်းသင်းနှင့် ချိုသက်ကြည်က အထူးအဆန်း ဖြစ်နေသည်။

"ဒေါ်လေး ရာသီဥတုက မသာယာဘူး ဘာဖြစ်လို့လဲ"

"ဒီလောက် ခရီးပန်းလာတာတောင် ရွတ်နောက်နောက်နဲ့"

ချိုလှဲ့ရီက ခပ်တည်တည်နှင့် ချိုသက်ကြည်ကိုပြောပြီး သူ့အခန်းကို ဝင်လိုက်သည်။ အခန်းထဲရောက်ပြီးမှ ချိုသက်ကြည်ကို မကျေနပ်စိတ်ကို မမျိုသိပ်နိုင်၍ ဖွင့်ပြမိခဲ့သည်ကို

စိတ် မကောင်းပါ။

"ဩော်...သူတို့နှစ်ယောက် အပေးအယူမျှပြီး ချစ်ကြင်နာနေတာ၊ ငါ သက်သက် မလိုရှုဆိတ် ဖြစ်လိုက်မိတယ်"

ချိုသက်ကြည်ကို ပြောမိခဲ့၍ စိတ်မကောင်း ဖြစ်သွားသည်။

"အို မတတ်နိုင်ပါဘူး၊ မနက်ဖြန်ကျမှ စကားကောင်းကောင်း ပြန်ပြောလိုက်မယ်"

ချိုသက်ကြည်နှင့် ကြည်နူးစွာ ပြန်လာသည့် မိုးဇင်သိန်းရဲ့ မျက်နှာချိုချိုကို အမြင်အာရုံက အတင်းဖျောက်ဖျက်ပစ်လိုက်ရသည်။

❈

နောက်တစ်နေ့ နံနက်စောစော ကော်ဖီသောက်ရင်းနှင့် ဒေါ်သင်းသင်းက ချိုလဲ့ရီကို ပြောသည်။

"တူမကြီးရေ ညေ့သည်ကို ထမင်းဖိတ်ကျွေးမှာဆိုတော့ ဒေါ်လေး ဈေးသွားမှ ဖြစ်မယ်"

"ချိုလဲ့ ပန်းဒိုင်သွားရင်း ဝင်ဝယ်ပေးရမလား"

"ဒါဆို ကောင်းသားပဲ"

"လိုချင်တာတွေ ရေးမှာလိုက်လေ"

"အင်း... ဒါဆို ခဏစောင့်"

ဒေါ်သင်းသင်းက ဈေးတွင်ဝယ်ရမည့် စာရင်းကိုရေးပေးလိုက်သည်။

"တူမကြီးရေ ဈေးကအပြန် မောင်မိုးဇင်သိန်းရဲ့ အဖေကို ဝင်ပြီး ဖိတ်ခဲ့ပါလား"

"ချိုသက်သွားမှာ မဟုတ်လား"

"လူကြီးကဖိတ်တော့ ပိုကောင်းတာပေါ့ကွယ်"

"ဒါဆို တစ်ခါတည်း ဝင်ဖိတ်လိုက်မယ်"

ချိုလဲ့ရီက ဈေးခြင်းတောင်းဆွဲပြီး ကားဆီသို့ လျှောက်ခဲ့သည်။ ညနေစောင်းမှာ သူနုတ်ထားသော ကျန်ရှိနေသည့် ပန်းတချို့ကို ပန်းခင်းဆီသွားပြီး ဦးရန်အား နုတ်ခိုင်းကာ ဈေးသို့ ထွက်လာသည်။

ပန်းတွေကို ဒိုင်မှာသွင်းပြီး ရှင်းငွေကိုယူပြီး ဈေးဝင်ကာ ဒေါ်သင်းသင်းမှာသော ဟင်းလျာများကို ဝယ်လိုက်သည်။ ဈေးကအပြန် မိုးဇင်သိန်းရဲ့အိမ်ကို ဝင်သည်။ မိုးဇင်သိန်းက အိမ်ရှေ့ကားရပ်သံကြားပြီး ထွက်ကြည့်၍ ချိုလဲ့ရီကို တွေ့သည်။

"ဟော ချိုလဲ့ရီပါလား၊ ဘယ်ကလှည့်လာတာလဲ"

"ဈေးကအပြန် ဝင်တာ၊ ကိုမိုးဇင်သိန်းရဲ့ ဖေဖေကို ဒေါ်လေးက ထမင်းစားဖိတ်ခိုင်းလိုက်လို့ပါ"

"ဖေဖေရှိပါတယ်၊ ဧည့်ခန်းထဲမှာပါ"

ချိုလဲ့ရီကို ညည့်ခန်းထဲသို့ မိုးဇင်သိန်းက ဖိတ်ခေါ်လိုက်သည်။

"ဖေဖေ... ချိုသက်ကြည်ရဲ့ အစ်မ ချိုလဲ့ရီပါ"

"ဩော်...ဟုတ်လား တွေ့ရတာ ဝမ်းသာပါတယ် ကွယ်"

"ဒီညနေ အိမ်မှာ ထမင်းစားကြဖို့ ဒေါ်လေးက ဖိတ်ခိုင်းလို့ပါ"

"ဒုက္ခရှာလို့ကွယ်"

"ကျွန်မတို့ဆီ လာလည်တုန်း ဒေါ်လေးက ညည့်ခံချင်လို့ပါ"

"ကောင်းပါပြီ အန်ကယ်တို့ လာခဲ့ပါ့မယ်ကွယ်"

"ကျွန်မကို ခွင့်ပြုပါဦး"

"ကောင်းပါပြီ"

ချိုလဲ့ရီက ဦးကျော်သိန်းကို နှုတ်ဆက်ပြီး ထွက်လာခဲ့သည်။ ဦးကျော်သိန်းက ချိုလဲ့ရီ ကားမောင်းထွက်သွားတာကို ကြည့်ပြီး မိုးဇင်သိန်းကို ပြောသည်။

"ညီအစ်မနှစ်ယောက်စလုံး ချောတယ်၊ အစ်မကြီးက လူကြီးဆန်ပြီး အပြင်အဆင် မရှိဘူး"

"သူက ယောကျ်ားလေးတစ်ယောက်လို အလုပ်လုပ်နေရတာ ဖေဖေရဲ့၊ အိမ်ကစီးပွားရေးကို သူပဲ ဦးဆောင် ရှာနေရတာ"

"ဟုတ်လား"

"သူတို့က ညီအစ်မနှစ်ယောက်နဲ့ အဒေါ်တစ်ယောက်ပဲ ရှိကြတာပါ၊ ယောကျ်ားလေးမရှိတော့ ယောကျ်ားလေးလိုပဲ သူက ဦးဆောင်လုပ်နေရတာ"

"မိန်းကလေးက သွက်လက်ချက်ချာပုံ ရတယ်"

"အရမ်း အလုပ်လုပ်နိုင်တာပဲ"

"အဲ့ဒီ ညီအစ်မနှစ်ယောက်ထဲက ဘယ်သူ့ကို သားက စိတ်ဝင်စားတာလဲ"

"ဟာ. . ဖေဖေကလဲ"

"သား အိမ်ထောင်ပြုဖို့ စဉ်းစားတော့လေ"

"ဖြည်းဖြည်းပေါ့ ဖေဖေရယ်"

"အသက်ကြီးပြီ၊ လူပျိုဟိုင်းကြီး ဖြစ်သွားမယ် ဖြည်းမနေနဲ့"

"ကဲ ဖေဖေလိုအပ်တာကို ဒေါ်မွေးကို ခိုင်းနော်၊ သား ဆိုက်ထဲ သွားလိုက်ဦးမယ်"

"ထမင်းစား ပြန်မှာမဟုတ်လား"

"ဟုတ်ကဲ့ မနက်ဖြန်ကျရင် ဖေဖေ့ကို လျှောက်လည်ဖို့ သားလိုက်ပို့ပေးမယ်"

"အေးပါကွာ"

မိုးဇင်သိန်းက သူ့ရဲ့ကားနှင့် လုပ်ငန်းခွင်သို့ ထွက်လာသည်။ အိမ်ထဲမှာ နေရတာ ပျင်း၍ ဦးကျော်သိန်းက ခြံထဲဆင်းလိုက်သည်။

ရာသီဥတုက အေးမြနေ၍ ခြံထဲမှာ လမ်းလျှောက်လိုက်သည်။

"အင်း... ဒီရောက်လို့ လမ်းလျှောက်တာ အပျက်ခံလို့ မဖြစ်ဘူး၊ မနက်ဖြန်မနက်စောစော ထ လမ်းလျှောက်ရမယ်"

အေးချမ်းသာယာလှသော ပတ်ဝန်းကျင်ကိုကြည့်ပြီး စိတ်ထဲမှာ ကြည်လင်နေသည်။ ကားမောင်းထွက်သွားရင် မိုးဇင်သိန်းက ချိုလဲ့ရီအကြောင်းကို တွေးလိုက်သည်။

"ဩော်...ဖေဖေက ငါ့ကို အချစ်ကို ရှာမတွေ့သေးဘူး ထင်နေတာ၊ တကယ်တော့ ငါ့ရင်ထဲမှာ အချစ်ဆိုတာကို ခံစားမိတည်းက အချစ်ဦးဆိုတာ ရှိခဲ့ပြီ"

"အဲ့ဒီ အချစ်ဦးနဲ့ ငါ ဆုံဆည်းခွင့်က သိပ်ကို နည်းပါးပါလား"

❀

# အခန်း (၁၅)

မိုးဇင်သိန်းက အလုပ်ကပြန်ပြီး ဖခင်နှင့်အတူ ချိုလဲ့ရီတို့ အိမ်ကို ထွက်လာသည်။ ဒေါ်သင်းသင်းနှင့် ဦးကျော်သိန်းကို မိတ်ဆက်ပေးလိုက်သည်။

ဒေါ်သင်းသင်းက ဦးကျော်သိန်းကို ညှို့ဝတ်ကျေပွန်စွာ ညှို့ခဲ့သည်။ ဦးကျော်သိန်းက ဒေါ်သင်းသင်းကို ကျေးဇူးတင်စကားပြောသည်။

"ဒီလို တစ်မြို့တစ်ရွာ ရောက်လာတဲ့သားကို ခင်မင်ရင်းနှီးပြီး ကူညီပေးတဲ့ ဒေါ်သင်းသင်းတို့ တူအရီးကို ကျေးဇူးတင်ပါတယ်ဗျာ"

"ကျွန်မတို့ကို မောင်မိုးဇင်သိန်း ကူညီတာလဲ ရှိပါတယ်"

ဒေါ်သင်းသင်းက သူ့ရဲ့ အစွမ်းထက်သော လက်ရာတွေနှင့် ဖွယ်ဖွယ်လျာလျာ ဟင်းရံများဖြင့် ညှို့ခဲ့သည်။

"ဟင်းတွေက အရသာရှိလိုက်တာ"

ဦးကျော်သိန်းက စားရင်းနှင့် ချီးကျူးလိုက်သည်။

"အဲ့ဒါ ဒေါ်လေးရဲ့ လက်ရာတွေပါ"

"ချိုသက်ကြည်က ဝင်ပြောလိုက်သည်"

"အဒေါ်ရဲ့ လက်ရာကို တူမတွေက မီမယ်ထင်ပါတယ်နော်"

ဦးကျော်သိန်းက ရယ်မောပြောဆိုလိုက်သည်။ ချိုသက်ကြည်နှင့် ချိုလဲ့ရီက ရယ်နေ၍ ချိုသက်ကြည်ကို မေးလိုက်သည်။

"ချိုသက်ကြည်က မီလား"

"မမချိုလဲ့က ချက်တတ်ပြီး မီတယ်"

"ဒါဆို ချိုသက်ကြည်က မမီဘူးပေါ့"

"သူလား ချက်ကို မချက်တတ်တာပါ"

ဒေါ်သင်းသင်းက ဝင်ပြောလိုက်သည်။ ချိုသက်ကြည်က ပြုံးဖြီးဖြီးနှင့်ပါ။

ထမင်းစားသောက်ပြီး ဧည့်ခန်းထဲမှာ စကားပြောဆိုပြီးမှ ဦးကျော်သိန်းတို့က ပြန်သွားကြသည်။

အပြန်လမ်းမှာ ဦးကျော်သိန်းက သားဖြစ်သူကို မေးသည်။

"ချိုလဲ့ရီတို့ ညီအစ်မနှစ်ယောက်စလုံး မိန်းမချောလေးတွေချည်းပဲနော်"

"ဟုတ်ပါတယ်"

"သား ဘယ်သူ့ကို သဘောကျလဲ"

"မစဉ်းစားမိသေးပါဘူး ဖေဖေရယ်"

မိုးဇင်သိန်းက ဖခင်ကို လိမ်ညာဖုံးကွယ်လိုက်သည်။

"သားရွေးမယ်ဆိုရင် ချိုလဲ့ရီကိုပဲ ရွေးပါ၊ မိန်းမပီသတယ် အိမ်ထောင်တစ်ခုကို နိုင်နိုင်နင်းနင်း ထိန်းနိုင်တယ်၊ ပြီးတော့ သားရဲ့ စီးပွားရေးမှာလဲ အထောက်အကူ ပြုနိုင်တယ်"

"ဖေဖေရယ် ချိုလဲ့ရီနဲ့ ခဏလေး တွေ့ခဲ့တဲ့ ဖေဖေက ချိုလဲ့ရီကို အမှတ်အပြည့်ပေးနေပါလား၊ အဲဒါတော့ နည်းနည်း လွန်ပြီ ထင်တယ်"

"မလွန်ဘူး သားရေ၊ ဖေဖေက လူကဲခတ်သိပ်တော်တာ သားလဲ သူ့ကို နည်းနည်း သဘောကျနေတယ် မဟုတ်လား"

သိုသိပ်စွာ ဖုံးဖိထားသော ခံစားမှုကို ဖခင်က သိနေသည့် အတွက် မိုးဇင်သိန်း အလွန် ထိတ်လန့်သွားသည်။

"ဟာ ဖေဖေ လျှောက်မပြောနဲ့၊ သူ့မှာ ရည်းစားရှိရင် ရှိနေမှာ"

"တကယ်လို့ သူ့မှာ မရှိဘူးဆိုရင် သား ကြိုးစားသင့် တယ်"

"ဖေဖေ ဖြစ်ချင်တာတွေချည်း ပြောမနေပါနဲ့ ဖေဖေရယ်၊

ဖူးစာဆုံရင် ကြုံရမှာပေါ့”

“အေးပါကွာ မင်းမပြောစေချင်ရင် မပြောတော့ပါဘူး”

“ချိုလဲ့ရီကို မင်း မရရင်တောင်မှ သူ့လိုမိန်းကလေးမျိုးကို ရှာယူနော်”

“ဟုတ်ပါပြီ ဖေဖေရယ်”

ဖခင်ကိုယ်တိုင်က လိုလိုလားလား ရှိနေသည့်အတွက် ချိုလဲ့ရီအပေါ် ချစ်စိတ်တွေပိုပြီး စူးနင့်သွားပါတော့သည်။

❄

ဦးကျော်သိန်းရောက်တုန်း မိုးဇင်သိန်းက လည်ပတ်ဖို့ခေါ်သွားရန် စီစဉ်သည်။ ညနေပိုင်း အိမ်မှာထမင်းစားသောက်ပြီး ဦးကျော်သိန်းက အညောင်ပြေ လမ်းလျှောက်ရင်း ချိုလဲ့ရီထံသွားသည်။

အလုပ်ကဆင်းပြီး ရေမိုးချိုး သားသောက်ပြီး မိုဇင်သိန်းကလည်း ဖခင်ရဲ့နောက်ကို လိုက်ခဲ့သည်။ ဦးကျော်သိန်းနှင့်ဒေါ်သင်းသင်းတို့ တူအရီး အဖွဲ့ကျနေသည်ကို တွေ့ရသည်။

“ဖေဖေက ပျင်းတိုင်း ဒေါ်လေးတို့ဆီ ရောက်လာတတ်တော့ အနှောင့်အယှက်များ ဖြစ်နေပြီလား မသိဘူး”

မိုးဇင်သိန်းက အားနာ၍ ဒေါ်သင်းသင်းတို့ကို ပြောသည်။

"မဖြစ်ပါဘူးကွယ်၊ ဒေါ်လေးတို့လဲ ပျင်းနေတာ၊ ဦးကျော် သိန်းလာတော့ စကားပြောဖော် ရပါတယ်"

"မနက်ဖြန် ဖေဖေ့ကို ပိတ်ချင်းမြောင်ကို အလည်ခေါ်သွား မလို့ ဒေါ်လေးတို့ တူအရီးတွေ လိုက်ခဲ့ပါလား"

"လိုက်တော့ လိုက်ချင်သား၊ ဒါပေမဲ့ ဘာမှ အဆင်သင့် မရှိဘူး"

"ဘာကိုပြောတာလဲ ဒေါ်လေး

"စားရေးသောက်ရေးလေ"

"အဲ့ဒါတွေ မပူပါနဲ့ အသွားမှာ လမ်းက ဝယ်ခြမ်းသွားရင် ဖြစ်တာပဲ"

"အပြင်ကဝယ်တော့ ပိုက်ဆံကုန်တာပေါ့ကွယ်"

"တစ်ခါတလေ သွားရတာ ဒေါ်လေးရယ် သက်သောင့် သက်သာရှိတော့ ကောင်းတာပေါ့၊ အဲ့ဒီအတွက် မပူနဲ့ ကျွန်တော် စီစဉ်နိုင်ပါတယ်"

"ကောင်းတယ် ချိုသက်တို့ အဲဒီမရောက်တာ ကြာပြီ"

"ဟုတ်တယ် ဒေါ်လေးလဲ မထွက်ဖြစ်တာကြာပြီ၊ အခုလို အဖော်ကောင်းတော့ ဟန်ကျတာပေါ့"

"ဒေါ်လေးတို့ သုံးယောက်စလုံး လိုက်ပါနော်"

မိုးဇင်သိန်းက ချိုလဲ့ရီကို တိုက်ရိုက်မပြောဘဲ ဒေါ်သင်းဆင်း

ကို ပြောလိုက်သည်။

"ချိုလှဲ့ မလိုက်တော့ပါဘူး"

"ဘာဖြစ်လို့လဲ ချိုလှဲ့ရယ်"

"အလုပ်မှ မအားတာ ဒေါ်လေး"

"အဲဒီအလုပ်တွေ ခဏခေါက်၊ ဘေးဖယ်ထားလိုက်ပါကွယ်၊ ချိုလှဲ့ ဘယ်မှ မသွားရတာ ကြာပြီမဟုတ်လား"

"ဟုတ်သားပဲ၊ မမချိုလှဲ့ကလဲ အလုပ်ချည်းလုပ်နေတာ တစ်ခါတလေ အနားယူဦးမှပေါ့"

မိုးဇင်သိန်းက သူပြောချင်သည့် စကားတွေကို ဒေါ်သင်းသင်းနှင့် ချိုသက်ကြည်က ပြောပေးနေသည်မို့ ငြိမ်၍ နားထောင်နေသည်။

"ဒေါ်လေးတို့ပဲ သွားကြပါ"

"ချိုလှဲ့ကိုတော့ ထားခဲ့ပြီး ဒေါ်လေးတို့က သွားချင်ပါ့မလားကွယ်"

"ဟုတ်ပါတယ် တူမကြီးရယ် အန်ကယ်ကပဲ တောင်းဆိုပါတယ်၊ လိုက်ခဲ့ပါကွယ်"

အားလုံးက ဝိုင်းဝန်းပြော၍ ချိုလှဲ့ရီက ခေါင်းညိတ်လိုက်သည်။

"ပန်းနုတ်စရာမရှိတော့ ဦးရန်နဲ့ လွဲခဲ့ပေါ့ ချိုလှဲ့ရယ်"

ချိုလှဲ့ရီက လက်ခံလိုက်၍ မိုးဇင်သိန်း ပျော်သွားသည်။ ချိုလှဲ့ရီနှင့် စကားပြောခွင့်မရလျှင်တောင်မှ မျက်နှာလေးကို မြင်ရလျှင် သူ ကျေနပ်ပါသည်။

ဦးကျော်သိန်းရှိနေ၍ အားနာသဖြင့် ချိုလှဲ့ရီက ဧည့်ခန်းမှာ ထိုင်ပြီး ဧည့်ခံသော်လည်း စကားဝင်ပြောခြင်း နည်းပါးသည်။

ချိုသက်ကြည်ကပဲ ရွှန်းရွှန်းဝေအောင် ပြောနေသည်။ ည ကိုးနာရီလောက်မှာ မိုးဇင်သိန်းတို့သားအဖ ပြန်သွားသည်။

❋

နောက်တစ်နေ့ နံနက်စောစော မိုးဇင်သိန်းနှင့် ဦးကျော်သိန်းက လာခေါ်သည်။ မိုးဇင်သိန်းက စားသောက်ဖွယ်လျာများကို အော်ဒါမှာပြီးသားမို့ သွားရင်းနှင့် ဝင်ယူသွားမည် ဖြစ်သည်။

ကားနောက်ခန်းတွင် ဒေါ်သင်းသင်းတို့ တူအရီး လိုက်ပါလာကြသည်။ သည်လို ခရီးမထွက်တာ ကြာပြီမို့ ချိုလှဲ့ရီက သာယာသော သဘာဝရှုခင်းတွေနှင့် တွေ့ထိပြီး စိတ်ထဲမှာလန်းဆန်းနေသည်။

မိုးဇင်သိန်းသာမခေါ်လျှင် ဒေါ်သင်းသင်းကလည်း အတင်းမတိုက်တွန်းလျှင် သည်ခရီးကို လိုက်ဖြည်မည်မဟုတ်ပါ။ စိတ်

ထဲကနေ သူတို့ကို ကျေးဇူးတင်နေသည်။

တစ်နေကုန် လည်ကြပြီးဟိုတယ်က ဝယ်လာသော စားသောက်ဖွယ်ရာများကို ထမင်းစားချိန်တွင် စားလိုက်ကြသည်။

နေ့လယ်စာက အစ မိုးဇင်သိန်းက အကွက်စေ့အောင် စီစဉ်လာခဲ့သည်။ မိုးဇင်သိန်းနှင့် ချိုလဲ့ရီတို့ မကြာခဏအကြည့်ချင်း ဆုံတိုင်း သူ့ရဲ့ စူးရှနက်ရှိုင်းသော အကြည့်ကို ခံစားရပြီး ချိုလဲ့ရီ ရင်ခုန်ရသည်မှာလည်း အခါခါပါ။

"သူက ချိုသက်နဲ့ ချစ်သူတွေလို ဖြစ်နေကြပြီး ငါ့ကို ဘာလို့ ဒီအကြည့်မျိုးတွေနဲ့ ကြည့်တာလဲ..."

"ဒီလိုမကြည့်သင့်ဘူး၊ သူ့ကို ငါ စိတ်ဆိုးသင့်ပေမယ့် စိတ်မဆိုးနိုင်ပါလား..."

"ညီမရဲ့ ချစ်သူကို လုတယ်ဆိုတဲ့အဖြစ်မျိုး ပြောခံရရင် ရှက်လို့ သေရလိမ့်မယ်..."

"ဒါကြောင့် ငါ့စိတ်ကို ငါ နိုင်အောင် ထိန်းရမယ်"

ချိုလဲ့ရီက သူ့ကိုယ်သူ ဆုံးမနေသည်။ ညမိုးချုပ်မှာ မြို့ကိုဝင်သည်။

"ညစာလဲ အပြင်မှာစားပြီးမှ ပြန်ကြမယ်နော်"

မိုးဇင်သိန်းကို ချိုသက်ကြည်က ထောက်ခံလိုက်သည်။ စားသောက်ဆိုင်ဝင်ပြီး စားသောက်ပြီး ချိုလဲ့ရီက ဦးအောင်

ရှင်းလိုက်သည်။

"ချိုလှဲ့ရီရယ် ကျွန်တော် ရှင်းပါ့မယ်"

မိုးဇင်သိန်းက အတင်းတားသော်လည်း ချိုလှဲ့ရီက ဦးအောင် ရှင်းလိုက်ပါသည်။ မိုးချုပ်မှ အိမ်ပြန်ရောက်သည်။

"ဒေါ်လေး ပင်ပန်းနေပြီလား"

"ဒီလို တစ်နေကုန် မထွက်တာကြာတော့ အကျင့်မရှိလို့ ပင်ပန်းတယ်"

"မအိပ်ခင် ဆေးသောက်ဦးနော်"

"အေးပါကွယ်"

ချိုလှဲ့ရီက မိုးချုပ်နေပြီ ဖြစ်သော်လည်း ညည်းစိစိဖြစ်နေ၍ ရေချိုးပြီးမှ အိပ်ရာဝင်သည်။ သည်လိုထွက်လည်ရ၍ ပျော်ရွှင်ရမည့်အစား သူ့စိတ်ထဲမှာ လေးသွားသည်။

ထိုသို့ ဖြစ်ရခြင်းကလည်း မိုးဇင်သိန်းကို တစ်နေ့တခြား အချစ်တိုးလာ၍ ဖြစ်သည်။

"မဆုံစည်းနိုင်တဲ့ အချစ်က ကြီးထွားလာတော့ ငါ့အတွက် စိတ်ဆင်းရဲစရာပဲ ဖြစ်မှာပါလေ"

ဒေါ်သင်းသင်းနှင့် ချိုသက်ကြည်တို့ နှစ်ခြိုက်စွာ အိပ်ပျော်နေပြီ ဖြစ်သော်လည်း ချိုလှဲ့ရီက အတွေးတွေ ပျံ့လွင့်ပြီး အိပ်မပျော်သေးပါ။

"စိတ်လှုပ်ရှားတာကို အချစ်လို့ ထင်ခဲ့ပြီး လက်ခံခဲ့ပြီး အဲဒီ ချစ်သူရဲ့ သစ္စာဖောက်ခြင်းကို ငါ ခံခဲ့ရတယ်..."

"အခု ငါ တကယ်ချစ်တဲ့ လူကိုတွေ့ပြန်တော့လဲ ဆုံစည်းခွင့်က မရှိပါလား"

အုံ့မှုန်းချစ်ကြောင့် ချိုလဲ့ရီ စိတ်မချမ်းမြေ့ရပြန်သည်။

❈

# အခန်း (၁၆)

ချိုလှဲ့ရီကို ချွေးမတော်ရန် သဘောကျနေသော ဦးကျော်သိန်းက ချိုလှဲ့ရီနှင့် နှစ်ယောက်တည်းတွေ့ရန် ကြံစည်သည်။

နံနက်စောစော လမ်းလျှောက်ရင်း ချိုလှဲ့ရီရဲ့ ပန်းခင်းဆီသို့ လျှောက်လာသည်။ ပန်းခင်းတွင်း ဆေးဖျန်းရန် ဦးရန်ကို ကွပ်ကဲစီစဉ်နေသော ချိုလှဲ့ရီကို ဝင်တွေ့သည်။

"သမီး ချိုလှဲ့ရီ"

တူမကြီးဟု ခေါ်ခဲ့ရာမှ ချိုလှဲ့ရီကို သမီးဟု တရင်းတနှီးကြီး ခေါ်လိုက်သည်။ အလုပ်ထဲ စိတ်ဝင်စားနေသော ချိုလှဲ့ရီက လှမ်းခေါ်လိုက်သော ဦးကျော်သိန်းရဲ့ အသံကို ကြားပြီး လှမ်းကြည့်လိုက်သည်။

"ဟင်... အန်ကယ် ချိုလှဲ့ဆီ လာတာလား"

"ဟုတ်တယ်ကွယ့်၊ လမ်းလျှောက်ရင်းနဲ့ သမီးရဲ့ပန်းခင်းကို ကြည့်ချင်လို့ ဝင်လာတာ"

"ကြည့်ပါ အန်ကယ်၊ ကျွန်မရဲ့ ပန်းခင်းက အခုမှ ထပ်ပျိုးထားတုန်းမို့ ပန်းတွေနည်းနေပါတယ်"

"ဟိုဘက်တစ်ခင်းမှာ ပန်းတွေ အများကြီးပဲ မဟုတ်လား"

"အဲဒီပန်းခင်းက မနက်ဖြန်ဆိုရင် နုတ်ပြီး ဒိုင်ပို့ရတော့မှာ"

"ဟုတ်လား၊ ဒီအလုပ်တွေကိုလုပ်တာ သမီး မပင်ပန်းဘူးလား"

"ဝါသနာလဲပါ၊ ဝင်ငွေလဲရတော့ လုပ်ဖြစ်နေတာပါ၊ ပြီးတော့ အန်ကယ်ရယ် အကြမ်းလုပ်ရမယ့် အလုပ်ဆိုရင် ဦးရန်တို့က လုပ်တာမို့ ကျွန်မ မပင်ပန်းပါဘူး"

"မပင်ပန်းဘဲ ရှိပါ့မလားကွယ်၊ ဒီအလုပ်မျိုးက အနည်းနဲ့ အများတော့ ပင်ပန်းတာပေါ့"

"ထိုင်ပါဦး အန်ကယ်"

ဦးကျော်သိန်းကို ထိုင်ရန် ခုံသွားယူပေးသည်။

"အန်ကယ် ဘာသုံးဆောင်ချင်ပါသလဲ"

"ဘာမှ မစားတော့ပါဘူးကွယ်၊ အန်ကယ်က လမ်းလျှောက်ပြီးရင် ရေချိုးပြီးမှ စားတာကွယ့်"

"ဩော်... ဟုတ်ကဲ့"

"သမီးချိုလဲ့က တည်းခိုခန်း ရှိနေတာပဲ၊ အဲဒီဝင်ငွေနဲ့ မလုံလောက်လို့ ဒီလို ပန်းစိုက်တာလား"

ဦးကျော်သိန်းက မေးပြီးမှ အားနာသွားသည်။

"ဆောရီးနော် သူတစ်ပါးကိစ္စကို အန်ကယ် မေးမိတယ်"

"ရပါတယ် အန်ကယ်၊ တည်းခိုခန်း ဝင်ငွေနဲ့က လောက်ပါတယ်၊ ဝင်ငွေအပိုရချင်တာရယ်၊ ဝါသနာပါတာကြောင့်မို့ ပန်းစိုက်နေတာပါ"

"သမီးပင်ပန်းတာ သက်သာအောင် အလုပ်သမား လုံလုံလောက်လောက် ငှားလိုက်ပါလားကွယ်"

"တွေးပေးတဲ့ အန်ကယ်ရဲ့ စေတနာကို ချိုလဲ့ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဒီအလုပ်လုပ်ရတာ ပျော်လို့ ကျွန်မက ပင်ပန်းတယ်လို့ မထင်လို့ပါ"

"ခုခေတ် မိန်းကလေးတွေထဲမှာ သမီးကတော့ ရှားပါးပဲနော်"

ဦးကျော်သိန်းက ပေါ်တင် ချီးကျူးလိုက်၍ ချိုလဲ့ရီ မနေတတ်အောင် ဖြစ်သွားပါသည်။

"အလုပ်လဲလုပ်ပါ၊ နားတဲ့အခါလဲ နားပေါ့ကွယ်၊ မနေ့က သမီးရဲ့ ဒေါ်လေးကပြောတယ် သမီးက အလုပ်ကိုချည်း

ဦးစားပေးနေတာဆို"

ချိုလဲ့ရီက ပြုံးရယ်လိုက်သည်။

ဦးကျော်သိန်းက ကုလားထိုင်ကနေ ထရင်းပြောလိုက်သည်။

"ရန်ကုန်ကို လိုက်လည်ပါဦး သမီးရယ်"

"ဟုတ်ကဲ့ မိုးတွင်းဆို ညှိသည်ပါးပြီး စိုက်ခင်းအလုပ်ကလဲ သိပ်မရှိတော့ လာနိုင်ရင် လာခဲ့ပါ့မယ်"

"လာခဲ့ပါကွယ်၊ အန်ကယ် တစ်လှည့်ပြန်ပြီး ညှိခံချင်လို့ပါ"

"အန်ကယ် ဘယ်တော့ ပြန်မှာလဲဟင်"

"သန်ဘက်ခါ ပြန်ဖြစ်မယ် ထင်တယ်၊ သားက နေဖို့တားနေပေမယ့် ပျင်းလာပြီ"

"အန်ကယ်က ရန်ကုန်မှာ ပျော်တာပေါ့နော်"

"ဟိုမှာ သူငယ်ချင်းတွေရှိတော့ နေ့တိုင်း အတူလမ်းလျှောက်၊ ပြီးတော့ တွေ့ကြဆုံကြ စကားပြောကြနဲ့ မပျင်းရဘူးလေ"

"ဟုတ်တာပေါ့ အန်ကယ်ရယ်၊ မပြန်ခင် ကျွန်မတို့အိမ်မှာ ထမင်းဖိတ်ကျွေးချင်ပါတယ်၊ မနက်ဖြန် ည ကြွပါရှင်"

"ဒုက္ခရှာလို့ကွယ်"

"အဲလိုမှ မကျွေးလိုက်ရရင် ကျွန်မ စိတ်မကောင်းဖြစ်ရပါ့မယ်၊ အန်ကယ် ဆက်ဆက်ကြွပါ၊ ဒီတစ်ခါ ကျွန်မကိုယ်တိုင် ကျက်ပြုတ်ညှော်ခံမှာပါ"

"ဒါဆို ကောင်းပါပြီကွယ်၊ အန်ကယ်ရဲ့သားကိုပါ ဖိတ်တာလားကွယ်"

"ဟုတ်ကဲ့ပါ အန်ကယ်"

"ဒါဆို အန်ကယ်သွားမယ်၊ သားကိုပါ ပြောလိုက်မယ်နော်"

"ဟုတ်ကဲ့ အန်ကယ်"

ချိုလဲ့ရီက ပန်းခင်းကနေ လမ်းလေးအထိ ဦးကျော်သိန်းကို လိုက်ပို့လိုက်သည်။ ဦးရန်ကို စီစဉ်ပေးပြီး အိမ်ပြန်လာသည်။

"ဒေါ်လေးရေ ချိုသက်ရော"

"စက်ဘီးနဲ့ ထွက်သွားလေရဲ့ကွယ်"

"ထမင်းစားချိန်နီးပြီ ပြန်မလာသေးပါလား"

"လာမှာပေါ့ကွယ်"

"ချိုလဲ့ စားတော့မယ်"

"အေး စားကြတာပေါ့"

ချိုလဲ့ရီတို့ ထမင်းစားနေစဉ် ချိုသက်ကြည်က ပြန်ရောက်လာသည်။

"ဟင်... စားနေကြပြီလား"

"စားနေကြပြီပေါ့၊ ထမင်းစားတဲ့အချိန်ကို မသိရအောင် ဘယ်တွေ လျှောက်သွားနေတာလဲ"

"မြတ်မြတ်ဆီသွားရင်း စကားကောင်းနေတာနဲ့ မပြန်ဖြစ်တာ"

"ဪ... တော်တော် အလုပ်များရှာတာကိုး"

ဒေါ်သင်းသင်းက တစ်ခါတစ်ရံ ချိုသက်ကြည်ကို စိတ်ဆိုးသည့်အခါ ပြောဆိုမာန်မဲတတ်သည်။

"ချိုသက်ရယ် အိမ်ကအလုပ်က ညည်းနဲ့ လုံးလုံးမဆိုင်တာကျနေတာပဲ၊ အိမ်ကို နည်းနည်းပါးပါး ကူဖို့ စိတ်ကူးပါဦး"

"ဟာ... ဒီနေ့ ရာသီဥတု မကောင်းပါလား"

ချိုသက်ကြည်က စပ်ဖြီးဖြီးနှင့်ပြောတော့ ဒေါ်သင်းသင်းက စိတ်ဆိုးသွားသည်။

"ပြောလိုက်ရင် လူကြီးကို ပြောင်စပ်စပ်နဲ့၊ မရှိမသေလုပ်ပြီး ဘာကိုမှ လေးလေးနက်နက်မရှိဘူး၊ နင်နဲ့ ခက်တယ်"

"ကဲပါ ဒေါ်လေးရယ် ထမင်းသာ ဖြောင့်ဖြောင့်စားပါ၊ သူက ဘယ်လိုပြောပြော ဂရုစိုက်တာမှ မဟုတ်ဘဲ"

ချိုလှဲ့ရီက ဝင်ပြောလိုက်မှ ဒေါ်သင်းသင်းက တိတ်သွားသည်။

"သြော်... ဒေါ်လေးကို ပြောရဦးမယ် အန်ကယ်က သန်ဘက်ခါ ရန်ကုန်ပြန်မှာတဲ့၊ ဒါကြောင့် မနက်ဖြန်ညနေ ထမင်းစားဖိတ်လိုက်ရယ်"

"ဟုတ်လား ပြန်တော့မှာလား"

"ဒီမှာနေရတာ ပျင်းလာပြီတဲ့"

"အေးလေ နေနေကျနေရာမဟုတ်တော့ ပျင်းမှာပေါ့"

"ချိုလဲ့က ကိုယ်တိုင်ချက်ကျွေးမယ်လို့ အန်ကယ့်ကို ပြောလိုက်တယ်"

"ကောင်းတာပေါ့ကွယ်"

"မမချိုလဲ့က အစွမ်းအစတွေ ထုတ်ပြဦးမယ်ပေါ့၊ သွား ပါပြီ ချိုသက် ထပ်ပြီး ရီး(လ်)ကျတော့မှာပဲ"

"မကျချင်ရင် အစွမ်းအစရှိပေါ့၊ အားလုံး လက်နဲ့ခြေနဲ့ ချည်းပဲ လုပ်ချင်ရင် လုပ်လို့ ရတာပဲ"

ဒေါ်သင်းသင်းက နောက်ထပ် တိုက်ခိုက်ဝင်လာပြန်သဖြင့် ချိုသက်ကြည်က ပါးစပ်ပိတ်သွားသည်။

"ချိုသက် မမချိုလဲ့ကို ကူချက်ပါ့မယ်"

"တော်ပါပြီ၊ ကူညီရာမရောက်ဘဲ နှောင့်ယှက်ဦးမလို့လား"

"ကြည့်ပါလား ကူညီမယ်ဆိုတော့လဲ အကူမခံဘူး"

"ချိုသက်က သိပ်ကူချင်နေလား"

"အင်းပေါ့"

"ကောင်းပြီ၊ အစမ်းခိုင်းမယ် အခုအားလုံးစားထားတဲ့ ပန်းကန်တွေကို စင်အောင်ဆေးပေတော့"

"အခုစားတဲ့ ပန်းကန်တွေက တစ်ပုံကြီး၊ ချိုသက် ဘယ်ဆေးနိုင်မှာလဲ"

"ဟင် ဒါက တစ်ပုံကြီးလား"

"အင်းပေါ့"

"ဒီလောက် လက်ကြောမတင်းတဲ့ မိန်းမအတွက် ငါ ရင်လေးတယ်"

ဒေါ်သင်းသင်းက စိတ်တိုတိုနှင့်ပြောပြီး ထမင်းစားခန်းမှ ထွက်သွားသည်။

"မမချိုလှဲ့ ဒေါ်လေး ဘာဖြစ်နေတာလဲ"

"ဘာဖြစ်နေတယ်ဆိုတာ နင်မသိဘူးလား၊ အဲ့ဒါ နင့်ကို စိတ်ဆိုးနေတာ"

"ချိုသက်က ဘာလုပ်လို့လဲ"

"ပေါ့ပေါ့နေ ပေါ့ပေါ့စားတာ ဒေါ်လေးမကြိုက်ဘူးဆိုတာ နင်မသိဘူးလား"

"ဒုက္ခပါပဲ၊ ဒီနေ့ မမချိုလှဲ့ရော၊ ဒေါ်လေးပါ ဘာဖြစ်နေတာလဲ"

"ပြောပြီးပြီလေ နင့်ကို စိတ်ဆိုးနေကြတာလို့"

"ဒုက္ခပါပဲ"

ချိုလဲ့ရီက သူ့ကို စိတ်ဆိုးနေသည်ဆို၍ ချိုသက်ကြည်က ထပ်မပြောတော့ဘဲ ထမင်းစားခန်းမှ ထွက်သွားသည်။

"သူတို့နှစ်ယောက်စလုံး ငါ့ကို အပြစ်မရှိ အပြစ်ရှာနေတာ..."

"တစ်ယောက်က အပျိုကြီးစတိုင်လ်နဲ့ ငါ့ကို ငေါက်တယ်၊ နောက်တစ်ယောက် အပျိုကြီးပေါက်စကလဲငါ့ကိုငေါက်တယ်..."

"ဒီအိမ်မှာနေရတာ ငါ့ဘဝ ကျဉ်းကျပ်ပါလား..."

"ဒီဒုက္ခတွေအေးအောင် မြန်မြန် ယောကျ်ားယူပြီး သူ့နောက် လိုက်သွားတာပဲ ကောင်းတယ်"

"ဟယ် မမသက်က တကယ် ယောကျ်ားယူချင်နေပြီလား"

ချိုသက်ကြည် မကျေမနပ်ပြောနေသည်ကို မပုက ကြားပြီး ဝင်မေးသည်။

"အေး ယူချင်နေပြီ၊ ယူချင်တာမှလေ အခုချက်ချင်းကို ယူချင်နေတာ"

"မမသက်ကလဲ အခုမှ အသက်ငယ်ငယ်လေး ရှိသေးတာ မယူပါနဲ့ဦး"

"ယူမယ်ဟာယ် ယူမယ်၊ ဘာဖြစ်လဲ"

ချိုသက်ကြည်က နောက်ဆုံး မပုကိုပဲပြီး ဟိန်းဟောက်ပစ်လိုက်သည်။

"ငါ နိုင်လို့ရတာ သူပဲရှိတယ်"

❋

# အခန်း (၁၇)

နောက်တစ်နေ့ ချိုလှဲ့ရီက ကိုယ်တိုင်ဈေးဝယ်ပြီး မပုနှင့် အထူ ချက်ပြုတ်လိုက်သည်။

ဦးကျော်သိန်းက ချိုလှဲ့ရီရဲ့ လက်ရာကိုစားကောင်းသည် ဟု အထပ်ထပ် ချီးကျူးသည်။

"မနက်ဖြန် လာမနှုတ်ဆက်နိုင်လို့ ခုပဲ နှုတ်ဆက်လိုက်မယ်နော်၊ အန်ကယ်တို့ဆီ လာလည်ပါဦး"

"အန်ကယ်က လေယာဉ်နဲ့ ပြန်မှာဆို"

"ဟုတ်တယ်ချိုသက်ကြည်၊ သားလိုက်ပို့နေရမှာစိုးလို့ လေယာဉ်နဲ့ပြန်မှာ၊ လေယာဉ်နဲ့ဆို မြန်မြန်ရောက်တယ်လေ"

"နောင် လာလည်ပါဦးရှင်"

"သားဒီမှာ ရှိနေသရွေ့တော့ မကြာခဏရောက်မယ်

ထင်တာပဲ"

ထိုနေ့က ဦးကျော်သိန်းက မိုးချုပ်မှ ပြန်ဖြစ်သည်။ ချိုသက်ကြည်က ဦးကျော်သိန်းကို နောက်ထပ်လာလည်ရန် လောကွတ်ပိုလိုက်ပါသည်။

"အန်ကယ် နောက်လမှာ ချိုသက်မျှော်နေမယ်နော်"

"ကောင်းပါပြီကွယ်"

အပြန်လမ်းမှာ ဦးကျော်သိန်းက မိုးဇင်သိန်းကို စကား ထောက်ပြန်သည်။

"သား ဘယ်လိုသဘောရလဲ"

"ဘာကိုလဲ ဖေဖေ"

"ချိုလွဲ့ရီလေးကို စိတ်မဝင်စားဘူးလား"

"ဖေဖေလဲ အဲ့ဒါပဲ ပြောနေတာပဲနော်"

"ချိုလွဲ့ရီကို ဖေဖေက ချွေးမတော်ချင်နေပြီ၊ ဖြစ်အောင် လုပ်ရမယ့် တာဝန်က သားမှာ ရှိတယ်နော်"

"ဖေဖေ့ဆန္ဒပြည့်ဖို့ သား အတတ်နိုင်ဆုံး ကြိုးစားမှာပါ"

"တကယ်နော်"

"တကယ်ပါ၊ ဖေဖေက ချိုလွဲ့ရီမှ ချိုလွဲ့ရီ ဖြစ်နေပြီနော်"

"ဟုတ်တယ် ချိုသက်ကြည်နဲ့ ချိုလွဲ့ရီက ညီအစ်မရင်း

ဖြစ်ပေမယ့် ဖေဖေ သဘောတူကတာက ချိုလှဲ့ရှိပဲနော် အဲ့ဒါ သား ဖေဖေနဲ့…”

“ဟုတ်ကဲ့ပါ ဖေဖေ”

သားအဖနှစ်ယောက် စကားတပြောပြောနှင့် အိမ်ပြန်လာကြသည်။ နောက်တစ်နေ့ နံနက်မှာ ဦးကျော်သိန်းက အဝတ်အစားသေတ္တာကို အသင့်ပြင်ထားသည်။

“တော်တော် ပြန်ချင်နေပြီလား ဖေဖေ”

“အေးကွာ ဒီမှာနေရာ ပျင်းတယ်”

“ဖေဖေ့ရဲ့ သူငယ်ချင်းတွေကို လွမ်းနေပြီပေါ့”

“ဟုတ်တယ် တစ်ပတ်ကျော် ခေတ်နဲ့ အဆက်အသွယ်ပြတ်နေတယ်”

“ဟာ ဖေဖေကလဲ မဟုတ်တာ ပြောတော့မယ်”

“ဒီမှာ ကမ္ဘာကြီးအကြောင်း၊ ဘာအကြောင်းမှ မသိရဘူး၊ သူတို့နဲ့တွေ့မှ လူမှုရေးရော၊ စီးပွားရေးရော၊ ဘာသာရေးရော သတင်းစုံကို တစ်ယောက်တစ်ပေါက်ပြောရင်းနဲ့ သတိရတာ”

အထီးကျန်နေသော ဖခင်က အပေါင်းအသင်း၊ မိတ်ဆွေကို ခင်ရှာမှာပဲဟု မိုးဇင်သိန်းက တွေးသည်။ နောက်တစ်နေ့ လေဆိပ်သို့ ဖခင်ကို လိုက်ပို့ပေးသည်။

အလုပ်မအားၡ၍ ချိုလှဲ့ရီတို့အိမ်ကို မသွားဖြစ်ပါ။ သူ မရောက်လာတာ သုံးလေးရက်ရှိတော့ ဒေါ်သင်းသင်းက ထမင်းစားစဉ် လူဆုံတုန်း သတိတရ ပြောသည်။

"မောင်မိုးဇင်လဲ သူ့အဖေ ပြန်ပြီးတည်းက မရောက်လာဘူး"

"ဟုတ်တယ်နော်၊ ညနေကျရင် ချိုသက် သွားကြည့်လိုက်ဦးမယ်"

"ဒီရက်အတွင်း ချိုသက်နဲ့ရော မတွေ့ဘူးလား"

"ဟင့်အင်း သူ့ဆီ ချိုသက်မရောက်ဘူး"

ချိုလှဲ့ရီက ချိုသက်ကြည်ရဲ့ မျက်နှာကို လှမ်းကြည့်ပြီး အကဲခတ်လိုက်သည်။ ချိုသက်ကြည်က မိုဇင်သိန်းနှင့် မတွေ့ဖြစ်တာ စိတ်ကောက်နေ၍လားဟု တွေးသည်။

ဖခင်ပြောသွားသော စကားကို မိုးဇင်သိန်းက အခါခါ စဉ်းစားပြီး လက်ခံသော်လည်း တကယ်တမ်း ချိုလှဲ့ရီကို ဖွင့်ပြီး ချစ်ခွင့်ပန်ဖို့က မလွယ်ကူဘူးဟု ထင်သည်။

"ချိုလှဲ့ရီက ညီဟန်အပေါ် စိတ်မကုန်သေးရင် ငါဖွင့်ပြောတာ အလကားနေမယ်၊ ပြီးတော့ ညီဟန်နဲ့ငါ သူငယ်ချင်းဆိုတာ သိရင် သူ လက်ခံမှာ မဟုတ်ဘူး"

ချိုလဲ့ရီကို ချစ်ခွင့်ပန်မည် စဉ်းစားလိုက်တိုင်း အတွေးထဲမှာတင် စိတ်ကူးက ပျက်ပျက်သွားသည်။ ထိုနေ့ညက ညီဟန်ထွန်းထံမှာ တယ်လီဖုန်းလာသည်။

"မိုးဇင်ရေ မနက်ဖြန် ငါ မြန်မာပြည်ကို ပြန်ရောက်မယ်"

"ဟုတ်လား"

"သန်ဘက်ခါ လေယာဉ်နဲ့ မန္တလေးကို ရောက်မယ်၊ လေဆိပ်မှာ မင်းလာကြိုနော်"

"အင်း ကောင်းပြီ"

"မင်း ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

"ချိုလဲ့ရီတို့နဲ့ တွေ့သေးလား"

"တွေ့ပါတယ်"

"ငါ နောက်မှပဲ သူနဲ့ သွားတွေ့တော့မယ်"

ညီဟန်ထွန်းရောက်လာလျှင် သူ ကြိုပြောရမည့်စကားကို ပြောမှ ဖြစ်မည်။

"ဒါဆို ငါ ဖုန်းချလိုက်ပြီ၊ ရန်ကုန်ရောက်ပြီးမှ မင်းကို ထပ်ဆက်မယ်"

"ကောင်းပြီ"

အလုပ်ကိစ္စနှင့် ပတ်သက်ပြီး ပြင်ဦးလွင်ကို ညီဟန်ထွန်း လာမှာဖြစ်ပေမယ့် ချိုလဲ့ရီနှင့် ပတ်သက်လျှင်တော့ ညီဟန်ထွန်းကို လုံးဝ မလာစေချင်ပါ။

"နောက်တစ်ခါ ချိုလဲ့ရီကို အနာတရဖြစ်အောင်လုပ်ရင် ညီဟန်ကို ငါ လုံးဝ ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး..."

"ညီဟန်ထွန်းက ပြန်ဆက်ရင် ချိုလဲ့ရီက အားလုံးကို ခွင့်လွှတ်ပြီး လက်ခံမှာလား..."

"ဒီလိုသာ လက်ခံရင် ချိုလဲ့ရီလောက် မိုက်မဲတဲ့သူ ရှိမှာ မဟုတ်ဘူး"

ညီဟန်ထွန်း ရောက်လာတော့မည်ဆို၍ သူ့ရင်ထဲမှာ ယောက်ယက်ခက်နေသည်။ ချိုလဲ့ရီနှင့် ပတ်သက်ပြီး သူ စိတ်တွေ အလွန်မတည်မငြိမ် ဖြစ်နေသည်။

ညီဟန်ထွန်း မရောက်မီ ချိုလဲ့ရီအား သူသွားတွေ့မည်။ ချိုလဲ့ရီနှင့် နှစ်ယောက်တည်း တွေ့ခွင့်ရအောင် သူ ကြိုးစားရမည်၊

❀

နံနက်ပိုင်းဆိုလျှင် ချိုလဲ့ရီ ပန်းခင်းမှာ ရှိနေမှာကို သိ၍ ပန်းခင်းဆီသို့ ကားမယူဘဲ လမ်းလျှောက်ထွက်လာသည်။ သူ

ထင်သည့်အတိုင်း အမိုးသာရှိပြီး အကာမရှိသော တဲထဲတွင် ချိုလဲ့ရီက ပန်းမျိုးစေ့တွေကို ရွေးနေသည်ကို တွေ့ရသည်။

ဦးရန်အနားမှာ မရှိဘဲ ချိုလဲ့ရီ တစ်ယောက်တည်းမို့ သူ့အတွက် ပြောရန် အခွင့်သာသွားသည်။ အလုပ်ထဲမှာ စိတ်ဝင်စားနေသော ချိုလဲ့ရီက သူ့နောက်ကြောဘက်က မိုးဇင်သိန်း လျှောက်လာသည်ကို သတိမပြုမိပါ။

"ချိုလဲ့ရီ"

မိုးဇင်သိန်းက တိုးတိုးသက်သာ ခေါ်လိုက်သော်လည်း ချိုလဲ့ရီ ရင်ထဲမှာ လှိုက်ခုန်သွားသည်။ မိုးဇင်သိန်းကို လှည့်ကြည့်လိုက်သည်။

"ဪ... ကိုမိုးဇင်သိန်း၊ ဘာကိစ္စရှိလို့လဲ ဟင်"

ပန်းခင်းထဲကို တကူးတက လာသည်ကိုသိ၍ မေးလိုက်သည်။

"ဟုတ်ပါတယ် ချိုလဲ့ရီနဲ့ စကားပြောစရာရှိလို့၊ အေးအေးဆေးဆေး နှစ်ယောက်တည်း တွေ့ချင်လို့ လာတာပါ"

ချိုလဲ့ရီ ရင်ထဲမှာ လှိုက်ခုန်သွားသည်။ သူနှင့် နှစ်ယောက်တည်း တွေ့ပြီး စကားပြောချင်သည်ဆိုသည်မှာ မေတ္တာရှိသည့် စကားမှလွဲပြီး တခြားမရှိနိုင်ပြီဟု တွေးမိသည်။

"ငါ့ကို အဲလိုပြောမှာဆိုတော့ သူနဲ့ ချိုသက်ကြည်က ရိုးရိုးခင်ကြတာနေမှာ"

ချိုလဲ့ရီက သူ့အတွေးနှင့်သူပါ။

"ဘာပြောစရာရှိလို့လဲ ဟင်"

"ချိုလဲ့ရီကို ကျွန်တော် ဝန်ခံစရာရှိလို့ပါ"

ချိုလဲ့ရီက စိတ်ထဲက မှတ်ချက်ထပ်ချလိုက်ပြန်သည်။

"ဟုတ်ပါပြီ၊ ငါ့ကို သူ မေတ္တာရှိနေတဲ့အကြောင်း ပြောမလို့ပါ"

"ဘာကိုဝန်ခံမှာလဲဟင်"

"ချိုလဲ့ရီကို အခုမှမဟုတ်ဘူး ဟိုး လွန်ခဲ့တဲ့ ငါးနှစ်လောက်တည်းက ကျွန်တော်သိနေတာပါ"

"လွန်ခဲ့တဲ့ငါးနှစ် ဟုတ်လား"

ချိုလဲ့ရီက အံ့သြစွာနှင့် သူ့ကို ကြည့်လိုက်သည်။

"ဟုတ်ပါတယ်၊ အဲ့ဒီတုန်းက ချိုလဲ့ရီအသက် ဆယ့်ရှစ်နှစ်လောက်ပဲ ရှိပါတယ်"

သူ့အသက်ကို အတိအကျပြောနေသဖြင့် ချိုလဲ့ရီ အံ့သြသွားသည်။

"ကိုမိုးဇင်သိန်းကို ကျွန်မ မသိခဲ့တာ သေချာတယ်"

လွန်ခဲ့သော ငါးနှစ် အတိတ်က အဖြစ်ထဲမှာ မိုးဇင်သိန်းကို ရှာကြည့်၍ မရပါ။

"ဟုတ်ပါတယ်၊ လွန်ခဲ့တဲ့ ငါးနှစ်က ချိုလဲ့ရီတို့ တည်းခိုခန်းမှာ ကျွန်တော် လာတည်းဖူးပါတယ်"

"ဟုတ်လား... ကျွန်မ အဲဒီတုန်းက သတိမထားမိလို့ထင်ပါတယ်"

"ချိုလဲ့ရီက ကျွန်တော့်ကို မသိပေမယ့် ကျွန်တော့်သူငယ်ချင်းကို သိမှာပါ"

"ဘယ်သူလဲဟင်"

"ညီဟန်ထွန်းပါ"

ချိုလဲ့ရီရဲ့ လက်ထဲက သစ်စေ့ဆန်ခါက လွတ်ကျသွားသည်။ မျက်နှာလေး ဖြူဖွေးပြီး မိုးဇင်သိန်းကို မျက်လုံးအပြူးသားနှင့် ကြည့်နေသည်။

"အစတည်းက ချိုလဲ့ရီကို ဒီအကြောင်းမပြောတာ စိတ်မရှိပါနဲ့"

"အခုမှ ဘာလို့ လာပြောနေရတာလဲ"

"မပြောရင် မဖြစ်လို့ပါ"

"ဘာဖြစ်လို့လဲ"

"ညီဟန်ထွန်း ဒီကို မကြာခင် ရောက်လာတော့မယ်"

"ဟင်..."

ချိုလှဲ့ရီ လွှတ်ခနဲ အံ့သြထိတ်လန့်ပြီး ဣန္ဒြေပျက်သွားပြီးမှ မျက်နှာကို ပြင်လိုက်သည်။

"သူလာတာနဲ့ ကျွန်မနဲ့ ဘာဆိုင်လို့လဲရှင်"

"ဆိုင်တာပေါ့ ချိုလှဲ့ရီ၊ မင်းနဲ့ ညီဟန်ထွန်းနဲ့ ဘယ်လို ပတ်သက်ခဲ့တယ်ဆိုတာ ကျွန်တော်သိနေပါတယ်"

"အဲ့ဒါတွေ ပြီးခဲ့ပြီ၊ ကျွန်မရဲ့ ခေါင်းထဲမှာရော၊ ရင်ထဲမှာပါ အဲ့ဒီအကြောင်းတွေ မရှိတော့ပါဘူး"

ချိုလှဲ့ရီ အမှန်အတိုင်းပြောတာမှ ဟုတ်ရဲ့လားဟု မိုးဇင်သိန်းက ထင်လိုက်သည်။

"ချိုလှဲ့ရီကို ကျွန်တော် ဝန်ခံစရာ နောက်တစ်ခု ရှိပါသေးတယ်"

"ဘာများလဲရှင်"

"ညီဟန်ထွန်းနဲ့ ရှယ်လီတို့ စေ့စပ်တဲ့ ဖိတ်စာကို ကျွန်တော် ပို့လိုက်တာပါ"

"ဩော်..."

"ကျွန်တော် ဘာကြောင့်ပို့ရသလဲ ချိုလှဲ့ရီ သိလား"

"ပြီးခဲ့တဲ့ကိစ္စတွေ ကျွန်မ စိတ်မဝင်စားဘူး"

"ချိုလှဲ့ရီရဲ့ မေတ္တာကို ပေါ့ပေါ့တန်တန်နဲ့ ပြက်ရယ်ပြုလိုက်တာကို မခံချင်လို့ ချိုလှဲ့ရီ အဖြစ်မှန်ကို သိစေချင်လို့ ကျွန်တော် ပို့လိုက်တာပါ"

ချိုလှဲ့ရီရဲ့ မျက်နှာလေးကို စူးနစ်စွာကြည့်ပြီး မိုးဇင်သိန်းက စကားဆက်လိုက်ပြန်သည်။

"ညီဟန်ထွန်း လှည့်ဖြားသွားတာကို မသိဘဲ ချိုလှဲ့ရီက ယုံကြည်ပြီး စောင့်စားနေမှာကို မကြည့်ရက်လို့၊ ကျွန်တော် ကြားတည်းက ဒီလိုလုပ်လိုက်ရတာပါ"

"အဖြစ်မှန်ကို သိလိုက်ရတဲ့အတွက် အဲဒီတုန်းက ကျွန်မ ခံစားရပေမယ့် ကျေးဇူးတင်ပါတယ်"

"အခု သူပြန်လာတော့မယ် ချိုလှဲ့ရီ၊ သူနဲ့တွေ့ရင် ဘယ်လိုနေမလဲ"

"သူနဲ့ကျွန်မကိစ္စ ဟိုးအတိတ်မှာ ပြီးခဲ့ပြီပဲ၊ အခုလဲ အိမ်ထောင်သည်တစ်ယောက် ဖြစ်နေပြီပဲရှင်"

"မဟုတ်ဘူး သူနဲ့ရှယ်လီ အိမ်ထောင်မကျဖြစ်ဘူး"

ချိုလှဲ့ရီရဲ့ မျက်နှာကို စူးစိုက်စွာ အကဲခတ်ရင်း မိုးဇင်သိန်းက ပြောလိုက်သည်။

"ရှင်... သူ လက်မထပ်ဖြစ်ဘူးလား"

"ဟုတ်ပါတယ် ချိုလဲ့ရီ၊ ဝင့်လည်တာလားမသိဘူး စေ့စပ်ပြီးမှ ရှယ်လီက သူ့ကိုပစ်ပြီး တခြားတစ်ယောက်နဲ့ အိမ်ထောင်ပြုသွားတယ်"

"ဩော်... ဟုတ်လား"

"အခုထက်ထိ သူက လူလွတ်တစ်ယောက်ပါ"

ချိုလဲ့ရီက သူ့ကို စေ့ငုစွာ အကဲခတ်နေသော မိုးဇင်သိန်းကို ကြည့်ပြီး ပြန်မေးလိုက်သည်။

"ကိုမိုးဇင်သိန်းက ဒီအကြောင်းတွေ ကျွန်မကို ဘာဖြစ်လို့ လာပြောနေတာလဲ"

"ညီဟန်ထွန်းနဲ့ ပြန်တွေ့တဲ့အခါ သူ့အကြောင်းကို သိထားစေချင်လို့ပါ"

"ကျွန်မနဲ့ သူက ပြန်တွေ့စရာအကြောင်းမှ မရှိတာရှင်"

"တကယ်လို့ သူက ချိုလဲ့ရီဆီ ပြန်လာရင်ရော"

"ကျေးဇူးပြုပြီး သူနဲ့ပတ်သက်တဲ့ အကြောင်းတွေ မပြောပါနဲ့လားရှင်"

ချိုလဲ့ရီ ထိုသို့ပြောလိုက်ခြင်းသည် ညီဟန်ထွန်းအပေါ် ချိုလဲ့ရီ စိတ်မကုန်သေး၍လားဟု မိုးဇင်သိန်းက တွေးသည်။

"နောက်တစ်ကြိမ် ညီဟန်ရဲ့ ကျော့ကွင်းထဲကို ချိုလှဲ့ရီ ပြန်ဝင်ရင် ငါ့အတွက် မျှော်လင့်ချက်မရှိသလို သူ့ဘဝ ထပ်ပြီး ထိခိုက်နစ်နာသွားလိမ့်မယ်..."

"ဒီကိစ္စကို ငါ ဘယ်လိုမှ တားဆီးပိုင်ခွင့် မရှိပါလား"

"ချိုလှဲ့ရီ ကျွန်တော့်ကို စိတ်မဆိုးပါဘူးနော်"

"ထားလိုက်ပါတော့ရှင်"

ချိုလှဲ့ရီ ရင်ထဲမှာ ဆို့နစ်သွားသည်။ ညီဟန်ထွန်းရဲ့ အခင်ဆုံး သူငယ်ချင်းကိုမှ သူ မှားယွင်းစွာ ချစ်လိုက်မိပြီပဲ။

"ကျေးဇူးပြုပြီး သူနဲ့ပတ်သက်တဲ့အကြောင်း ကျွန်မကို မပြောပါနဲ့လားရှင်"

"ကောင်းပါပြီ ချိုလှဲ့ရီ၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

မိုးဇင်သိန်းက ချိုလှဲ့ရီကို နှုတ်ဆက်ပြီး ထွက်ခဲ့သည်။ မိုးဇင်သိန်းရဲ့ နောက်ကျောကိုကြည့်ပြီး ချိုလှဲ့ရီ မျက်ဝန်းထဲမှာ မျက်ရည်တွေ ဝေသီနေပါသည်။

"မဆုံစည်းနိုင်တဲ့သူကိုမှ ငါ ချစ်မိနေပါလား"

❀

# အခန်း (၁၈)

ထိုနေ့တစ်နေ့လုံး ချိုလဲ့ရီရဲ့ ရင်ထဲမှာ အိပ်၍မရအောင် လှုပ်ခတ်နေသည်။ ညီဟန်ထွန်းအပေါ် ဘယ်လိုခံစားချက်မျိုးမှ မရှိ၍ ပြန်တွေ့လျှင်လည်း ဘာမှမဖြစ်နိုင်ပါ။

ဒါပေမယ့် သူချစ်မိသော မိုးဇင်သိန်းသည် သူနှင့် ညီဟန်ထွန်းရဲ့ အဖြစ်အပျက်ကို အာလုံးသိထားသည်မို့ မိုးဇင် သိန်းနှင့်သူ ဘယ်လိုမှ မနီးစပ်နိုင်တာကို ဆွေးမြည့်စွာ တွေးမိ သည်။

ချိုလဲ့ရီကို မျက်နှာချင်းဆိုင်ရမှာ မျက်နှာပူ၍ မိုးဇင်သိန်း က ချိုလဲ့ရီတို့အိမ်ကို ရောက်မလာပါ။

ဒေါ်သင်းသင်းက ထမင်းစားနေစဉ် သတိတရနှင့် ပြော

သည်။

"မောင်မိုးဇင်သိန်းလဲ ဘာဖြစ်လို့ ပေါ်မလာတယ် မသိဘူး"

"မနက်က သူ့ဆီ ချိုသက်ရောက်တယ်၊ သူမအားလို့ မလာတာပါ ဒေါ်လေး"

"ဪ... သူတို့က အပြင်မှာ တွေ့ဖြစ်နေကြတာကိုး"

ထိုသို့တွေးရင်း ချိုသက်ကြည်နှင့် မိုးဇင်သိန်းတို့က ချစ်သူတွေလားဟု တွေးထင်လိုက်ပြန်သည်။

"ဟုတ်မှာပေါ့ကွယ်၊ သူတို့က လုပ်ငန်းကြီးလုပ်နေတော့ အားကြမှာ မဟုတ်ဘူး"

ညီဟန်ထွန်းနှင့် သူ အမှတ်တမဲ့ပင် မဆုံချင်ပေမယ့် သူတို့ဆီကို ရောက်လာသဖြင့် တစ်ချိန်မဟုတ် တစ်ချိန်ဆုံတွေ့ကြမှာပဲဟု ချိုလှဲ့ရီက တွေးသည်။

"အဲ့ဒီလိုတွေးရင်း သူ့ကို ငါ ဘယ်လို ဆက်ဆံမလဲ"

"ငါ့ရင်ထဲမှာ သူ့ကို ချစ်တာလဲမရှိဘူး၊ မုန်းတာလဲ မရှိဘူး၊ ဒါကြောင့် သာမန်လူတစ်ယောက်ကို တွေ့ဆုံသလိုပဲ တွေ့လိုက်ရရုံပေါ့"

ချိုလှဲ့ရီက ထမင်းစားရင်းနှင့် တွေးနေသဖြင့် စိတ်အာရုံက စားနေသော ထမင်းပန်းကန်တွင် မရှိပါ။

"မမချိုလှဲ့ ဘာတွေတွေးနေတာလဲ"

"ဟို... ဟို ဘာမှမဟုတ်ပါဘူး"

ညီဟန်ထွန်းမရောက်မီ မိုးဇင်သိန်းကို သူပြောစရာရှိသည့်စကားကို ကြိုပြောထားရန် ချိုလှဲ့ရီက သတိရလိုက်သည်။

"မနက်ကျရင် ကိုမိုးဇင်သိန်းဆီ ငါ သွားပြောမယ်"

ထမင်းစားသောက်ပြီး ခြောက်နာရီခွဲပဲရှိသေးသည်မို့ ချိုလှဲ့ရီက မိုးဇင်သိန်းထံသို့ ယခုပင်သွားရန် ဆုံးဖြတ်လိုက်သည်။

"ဒေါ်လေး ချိုလှဲ့ အပြင်ခဏသွားလိုက်ဦးမယ်"

"ဘယ်သွားမလို့လဲ"

"မမျိုးဆီကိုခဏသွားမလို့"

အလုပ်ကိစ္စနှင့်သွားမည်ထင်ပြီး ဒေါ်သင်းသင်းက အမေးအမြန်းမထူတော့ပါ။ ချိုလှဲ့ရီက ကားဖြင့် မိုးဇင်သိန်းဆီကို ရောက်သွားသည်။ အချိန်မတော် ချိုလှဲ့ရီ ရောက်လာသဖြင့် မိုးဇင်သိန်းက တအံ့တသြ ဖြစ်သွားသည်။

"ချိုလှဲ့ရီ ဘာဖြစ်လို့လဲ ဟင်"

"ညီဟန်ထွန်း မနက်ဖြန် ရောက်မှာလား"

"ဟုတ်ပါတယ်"

"သူမရောက်ခင် ကျွန်မ ပြောစရာရှိလို့ပါ"

"ဟုတ်ကဲ့ ပြောပါ"

"ကိုညီဟန်ထွန်းရောက်ရင် ပြောပေးဖို့ မှာချင်လို့ပါ"

"ဘာပြောပေးရမလဲ"

"ကျွန်မနဲ့သူ အရင်က လုံးဝမသိခဲ့တဲ့အနေနဲ့ နေပေးပါလို့၊ သူနဲ့ကျွန်မ ပတ်သက်ခဲ့ဖူးတဲ့ အဖြစ်ကို မှားယွင်းတဲ့အဖြစ်ကို ဒေါ်လေးနဲ့အတူ ဘယ်သူ့ကိုမှ မသိစေချင်ပါဘူး"

"ဟုတ်ကဲ့ ကျွန်တော် ပြောပေးပါ့မယ်"

"ကျွန်မရဲ့အချစ်ကို ပြက်ရယ်ပြုခဲ့တဲ့အတွက် အဲ့ဒီလောက်တော့ ပြန်ပေးဆပ်ပါလို့ ပြောပေးပါ"

"ကောင်းပါပြီ ချိုလဲ့ရီ၊ ကျွန်တော် ဆက်ဆက်ပြောပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်၊ ကျွန်မ ပြန်လိုက်ပါဦးမယ်"

ချိုလဲ့ရီ နှုတ်ဆက်ပြီး ပြန်သွားသည်။ မိုးဇင်သိန်းရင်ထဲမှာ ချိုလဲ့ရီ ညီဟန်ထွန်းအပေါ် သံယောဇဉ်ရှိနေဆဲဟုထင်ပြီး စိတ်မသက်မသာ ဖြစ်သွားပြန်သည်။

"အခုချိန်မှာ ညီဟန်ထွန်းက လွတ်လပ်တဲ့လူအဖြစ်နဲ့ ပြန်တွေ့ကြရင် သူတို့ ချစ်သူတွေ ပြန်ဖြစ်သွားနိုင်တယ်"

ညီဟန်ရဲ့ စိတ်သဘောထားကလဲ ချိုလဲ့ရီကို ပြန်ပြီး

ဆက်သွယ်ချင်နေသည့် သဘောကို ဆောင်သည်။

"ချိုလှဲ့ရီကို ညီဟန် ရိုးမြေကျ ပေါင်းမယ်လို့စိတ်ကူးရင် ငါ ခွင့်ပြုမယ်၊ ဟိုတစ်ခါလို အပျော်ကြံရင် ငါ လုံးဝ သည်းမခံဘူး"

မိုးဇင်သိန်းက တစ်ယောက်တည်း အတွေးနှင့် ဒေါသပွားနေသည်။

❄

နောက်တစ်နေ့ နံနက် ညီဟန်ထွန်းကို လေဆိပ်တွင်သွားကြိုသည်။ ညီဟန်ထွန်းက ယခင်ကလောက် ရွှင်ရွှင်ပျပျ မရှိသည်ကို သတိပြုမိသည်။

"ဘယ်လိုလဲ ညီဟန် စင်ကာပူမှာ အစစအရာရာ အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"မင်းကိုကြည့်ရတာ သိပ်မရွှင်ဘူး၊ ဘာဖြစ်လို့လဲ"

"ငါ စင်ကာပူလေဆိပ်မှာ ရှယ်လီနဲ့ တွေ့လိုက်တယ်"

"ဘယ်တုန်းကလဲ"

"ပြန်မယ့်နေ့ကလေ"

"မင်းနဲ့သူ စကားပြောဖြစ်တယ်ပေါ့"

"နှုတ်ဆက်ရုံပါပဲ၊ သူ့ကိုတွေ့လိုက်ရတော့ သူ့ကို ငါ ဘယ်လောက်ချစ်နေသေးတယ်ဆိုတာကို ပိုပြီး သိလိုက်ရတယ်"

"သူ့မှာ အိမ်ထောင်ရှိနေပြီပဲ၊ အဲ့ဒါကို မင်း မေ့သင့်ပြီ"

"ဟုတ်ပါတယ်ကွာ၊ ရှယ်လီ့ကိုမှ ငါ တကယ်ချစ်ခဲ့မိတာကိုး"

"ချိုလှဲ့ရီကိုရော"

"သူက သိပ်လှလို့ ငါ စိတ်ဝင်စားလိုက်မိတာပဲ ရှိတယ်"

"မိန်းကလေးတစ်ယောက်ကို တကယ်မချစ်ဘဲ မင်း အဲ့လိုလုပ်ခဲ့လို့ ရှယ်လီနဲ့ကျ ဝင့်လည်တာပေါ့"

"ချိုလှဲ့ရီနဲ့ပတ်သက်ပြီး မင်း ငါ့ကိုစိတ်ဆိုးနေတာပေါ့ နော်"

"ဟုတ်တယ်"

"ဘာဖြစ်လို့လဲ"

"ချိုလှဲ့ရီက ဣန္ဒြေရှိပြီး သိပ်ရိုးသားတဲ့ မိန်းကလေးကို မင်း အပျော်ကြံသွားလို့ပေါ့"

"အေးကွာ ငါ မှားခဲ့ပါတယ်"

"မင်းနဲ့ပတ်သက်ပြီး ချိုလှဲ့ရီ ငါ့ကို တစ်ခုတောင်းဆို

ထားတယ်"

"ဘာလဲ"

"သူနဲ့ အရင်က ဖြစ်ခဲ့တဲ့ ကိစ္စတွေကို အစမဖော်ပါနဲ့တဲ့၊ အများအမြင်မှာ မင်းနဲ့သူက အခုမှ တွေ့ဖူးတဲ့ပုံစံမျိုး ရှိနေပါစေတဲ့"

"ဘာဖြစ်လို့လဲဟင်၊ ငါ့ကို သိပ်စိတ်နာနေလို့လား"

"မပြောတတ်ဘူး၊ အဓိကက မင်းနဲ့သူ့အကြောင်းကို သူ့မိသားစုကို မသိစေချင်တာပဲ"

"အင်းလေ သူဖြစ်ချင်သလို ငါ နေပေးရမှာပေါ့"

ချိုလှဲ့ရီအကြောင်း စကားပြတ်သွားပြီး တခြားစီးပွားရေး အကြောင်းတွေကို ပြောလိုက်ကြသည်။

❊

နောက်တစ်နေ့ နံနက် ချိုသဲ့ကြည်က အိမ်ကနေ စက်ဘီးမယူဘဲ ထွက်လာသည်။ သူငယ်ချင်းအိမ်သွားရင်းနှင့် မိုးဇင်သိန်းတို့အိမ်ဘက် ရောက်သွားသည်။

"ညွှံ့သည် လာတယ်ဗျို့"

မိုးဇင်သိန်းရဲ့ အိမ်ရှေ့ရောက်ပြီး သူ့ဟန်အတိုင်း လွှတ်

ခနဲ ရွှတ်နောက်နောက်နှင့် အသံပေးလိုက်သည်။ မိုးဇင်သိန်းက ရေချိုးခန်းဝင်နေသည်မို့ မကြားပါ။ ဧည့်ခန်းမှာ ရှိနေသော ညီဟန်ထွန်းက အသံကြား၍ ထွက်ကြည့်သည်။ ညီဟန်ထွန်းကို မြင်ပြီး ချိုသက်ကြည် ပါးစပ်လေး ဟသွားသည်။

အသံကြား၍ ထွက်ကြည့်လိုက်ရာ အလွန်လှပနုနယ်သည့် ချိုသက်ကြည်ကို ညီဟန်ထွန်းက တွေ့လိုက်ရသည်။ ချိုသက်ကြည်က သူမသိသောသူ တစ်ယောက်မို့ ရှက်ရယ်ရယ်လိုက်သည်။

"ဟို... ဟို ကိုမိုးဇင်ဆီ လာတာပါ"

"ဝင်ထိုင်ပါဦး မိုးဇင် ရေချိုးနေတယ်"

"ဟုတ်ကဲ့"

ချိုသက်ကြည် ဧည့်ခန်းမှာ ဝင်ထိုင်ရင်း သားသားနားနား နှင့် ချောမွေ့သေ ညီဟန်ထွန်းကို ဘယ်သူပါလိမ့်ဟု စဉ်းစား နေသည်။ ထိုစဉ်မှာ မိုးဇင်သိန်းက ဧည့်ခန်းဆီသို့ ထွက်လာ သည်။

"ဟာ... ချိုသက်ပါလား၊ ဘယ်တုန်းကရောက်လဲ"

"အခုပဲရောက်တာပါ"

"အပြင်က ခေါ်နေတာနဲ့ ဧည့်ခံထားလိုက်တာ"

"ဩော် ချိုသက်ကို မိတ်ဆက်ပေးရဦးမယ်၊ ဒါက အစ်ကို့ရဲ့ အထက်အရာရှိ ကိုညီဟန်ထွန်းတဲ့"

"မင်းကလဲကွာ သူငယ်ချင်းလို့ပြောရင် ပြီးတာပဲ"

"ညီဟန် သူက ချိုသက်ကြည်တဲ့၊ သူ့မှာ အစ်မရှိတယ် ချိုလှဲ့ရီတဲ့"

ချိုသက်ကြည်ကိုကြည့်ပြီး ညီဟန်ထွန်းရဲ့ကိုယ်က စောင့်ခနဲ ဖြစ်သွားသည်ကို မိုးဇင်သိန်းက သတိပြုမိသည်။

"အစ်ကိုမိုးဇင် ဒီနေ့ အားတယ်မဟုတ်လား"

"အင်း... ဘာဖြစ်လို့လဲ"

"အိမ်မလာတာကြာလို့ ဒေါ်လေးက မေးနေတယ်၊ လိုက်လည်ပါလား ဟင်"

"မလိုက်တော့ပါဘူးကွယ်"

"အစ်ကိုမိုးဇင်ကလဲ လိုက်ခဲ့ပါ၊ ဒီကညေ့်သည်အစ်ကိုကို ဒေါ်လေးနဲ့ တွေ့ပေးရအောင်လေ"

"မလိုက်တော့ပါဘူး ချိုသက်ကြည်"

"မလိုက်ရင် စိတ်ဆိုးမှာနော်"

ချိုသက်ကြည်က ကလေးဆန်ပြီး ဇွတ်တရွတ်နိုင်ပုံကို ကြည့်ပြီး ညီဟန်ထွန်း သဘောကျသွားသည်။

"လာပါ အစ်ကိုမိုးဇင်ရယ်၊ ချိုသက်ကို လိုက်ပို့ရင်းနဲ့ လိုက်လည်ပါ၊ ဒီကအစ်ကိုကိုလဲ ခေါ်ခဲ့နော်"

ချိုသက်ကြည်က ဇွတ်အတင်း ခေါ်နေသဖြင့် မလွှဲသာဘဲ ညဟန်ထွန်းက လိုက်ခဲ့သည်။ ချိုသက်ကြည်တို့အိမ်ရောက်တော့ ဒေါ်သင်းသင်းနှင့်ပဲတွေ့ပြီး ဒေါ်သင်းသင်းနှင့် ညီဟန်ထွန်းကို ချိုသက်ကြည်က မိတ်ဆက်ပေးသည်။

ချိုလဲ့ရီ အိမ်မှာရှိမနေ၍ ချိုလဲ့ရီကို မတွေ့လိုက်ရပါ။ ဒေါ်သင်းသင်းက ဖော်ရွေစွာ ဧည့်ခံသည်။ ညီဟန်ထွန်းက နည်းနည်း နေသာထိုင်သာ ရှိသွားသည်။

"ချိုလဲ့ရီက ဘယ်သွားနေလို့လဲ"

"အခုအချိန်ဆိုရင် ပန်းခင်းထဲမှာ ရှိမှာပေါ့"

"သူ့ကို ငါ သွားတွေ့ချင်တယ်၊ မင်း နေရာသာ ညွှန်လိုက်ပါ"

မိုးဇင်သိန်းထံမှ နေရာကိုသိပြီး သူတစ်ယောက်တည်းသွားမည်ဆိုပြီး မိုးဇင်သိန်းကို ပြန်ခိုင်းလိုက်သည်။

❋

ချိုလဲ့ရီရှိနေသော စိုက်ခင်းဆီသို့ ညီဟန်ထွန်းက လျှောက်

လာသည်။ တဲထဲတွင် ချိုလဲ့ရီနှင့် ဦးရန်တို့ မျိုးစေ့တွေသန့်နေ
သည်ကို တွေ့လိုက်ပြီး တဲထဲသို့ လျှောက်သွားသည်။

ချိုလဲ့ရီက ငုံ့ပြီး အလုပ်လုပ်နေရာကနေ လှမ်းအကြည့်
ညီဟန်ထွန်းကို တွေ့လိုက်သည်။ ငါးနှစ်ဆိုသော အချိန်တွေ
ကွာခြားပေမယ့် ညီဟန်ထွန်းကို ကောင်းစွာ မှတ်မိနေသည်။

သူ့ထံသို့ တည့်တည့်မတ်မတ် လာနေသည်မို့ ရှောင်ရှား
ရခက်နေသည်။ ဦးရန်က အနားမှာ ရှိနေသဖြင့် အကြောင်းရှာ
ပြီး ဦးရန်ကို ခိုင်းလိုက်သည်။ ဦးရန်ထွက်သွားပြီး တဲဆီသို့
ညီဟန်ထွန်း ရောက်လသည်။

"ချိုလဲ့"

သူ့အား အဓိပ္ပာယ်ဖော်မရသော မျက်နှာတည်လေးနှင့်
ကြည့်နေသော ချိုလဲ့ရီကို မဝံ့မရဲနှင့် ညီဟန်ထွန်းက ခေါ်လိုက်
သည်။

"ကျွန်မကို ဘာလို့ လာတွေ့တာလဲ၊ ရှင်နဲ့ကျွန်မ
တွေ့စရာအကြောင်းမရှိဘူး"

"ဟုတ်ပါတယ် ချိုလဲ့ရယ် ကိုယ့်ရဲ့အပြစ်က ချိုလဲ့ခွင့်
မလွှတ်နိုင်လောက်အောင်ပဲ ဆိုးတာ သိပါတယ်"

"ရှင်ဘာလို့လာတွေ့တာလဲ၊ ရှင့်ကိုကျွန်မ မတွေ့ချင်ဘူး"

"ချိုလှဲ့ရယ် ကိုယ့်ကို အရမ်းမုန်းနေတာပဲလား"

"ရှင့်အပေါ်မှာ ကျွန်မ ဘယ်လိုခံစားချက်မျိုးမှ မရှိဘူး"

"သာမန်မိတ်ဆွေတွေ တစ်ယောက်လိုတောင် သဘော မထားနိုင်ဘူးလား၊ အခု ချိုလှဲ့တို့ ဒေါ်လေးဆီကလာတာ၊ ချိုသက်ကြည် ခေါ်သွားလို့ ဒေါ်လေးနဲ့တွေ့ခဲ့ပြီးပြီ၊ ဒေါ်လေးနဲ့ ချိုသက်ကြည်က ကိုယ့်ကို အလည်ခေါ်နေတော့ ချိုလှဲ့တို့အိမ် ကို ကိုယ် မကြာမကြာရောက်မယ်၊ အဲ့ဒီအခါကျရင် ချိုလှဲ့နဲ့ ကိုယ် မိတ်ဆွေတွေလိုတော့ ဆက်ဆံရမှာပေါ့"

ချိုလှဲ့ရီက တွေးကြည့်လိုက်တော့ သူ့ပြောစကားက မှန် နေသည်။

"ကိုယ့်ကို ဟန်ဆောင်ပြီး မိတ်ဆွေလိုပဲ ဆက်ဆံပေးပါ လား ချိုလှဲ့ရယ်၊ အဲ့ဒါကို အနူးအညွတ် ကိုယ်တောင်းပန်ပါတယ်"

"ကောင်းပြီလေ၊ ရှင့်ကို စိတ်နာတယ်၊ စိတ်ဆိုးနေတယ် လို့ မထင်လိုက်နဲ့နော် ရှင့်အပေါ်မှာ ကျွန်မ ဘယ်လိုခံစားချက် မျိုးမှ မရှိတော့တာ၊ ရှင်ပစ်သွားတဲ့အတွက် မခံစားရဘူးလို့ ပြလိုက်တာနဲ့ အတူတူပဲဆိုတာ ရှင်သိထားပါ"

ချိုလှဲ့ရီက သူ့မှာရှိတဲ့ မိန်းမမာနကို အကုန်ထုတ်သုံးပြီး ပြောလိုက်သည်။ ညီဟန်ထွန်းကြောင့် သူ မခံစားရဘူးဆိုတာ ပြလိုက်ခြင်းသည် ညီဟန်ထွန်းအပေါ်မှာ သူ မချစ်ခဲ့ဘူးဆိုတာ ကို သက်သေပြခြင်းနှင့် တူနေပါသည်။

"ကိုယ့်ကြောင့် ချိုလှဲ့ မခံစားလိုက်ရဘူးဆိုရင် ကိုယ် အရမ်းဝမ်းသာပါတယ်၊ အပြစ်လဲ ပေါ့သွားသလို ခံစားရပါတယ်"

"ဟုတ်တယ် ရှင့်ကို ကျွန်မ တကယ်မချစ်ခဲ့လို့ တကယ် မခံစားခဲ့ရတာပဲ၊ ရှင်နဲ့ကျွန်မ ဖြစ်ခဲ့တဲ့အဖြစ်က ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်ရဲ့ စိတ်လှုပ်ရှားမှုတစ်ခုပဲ ဖြစ်တယ်"

"တော်ပါသေးရဲ့ ချိုလှဲ့ရယ်၊ ကိုယ့်ကြောင့် မင်း ခံစားနေ ရတယ်ထင်ပြီး အရမ်းစိတ်ထိခိုက်နေတာ"

"ပြီးခဲ့တာတွေ ရှင်ရော၊ ကျွန်မပါ မေ့လိုက်ကြပါစို့"

"ကောင်းပါပြီ ချိုလှဲ့ရယ်၊ ကျေးဇူးအရမ်းတင်တယ်ကွာ"

"မလိုပါဘူး"

"ကိုယ့်ကို မိတ်ဆွေတစ်ယောက်လိုတော့ ပြန်ခင်ပါနော်"

"အဲ ဒီလောက်က ဖြစ်ပါတယ်"

"ဒါဆို ကိုယ်ပြန်မယ်နော်"

"ကောင်းပါပြီ"

ညီဟာန်ထွန်းက နှုတ်ဆက်ပြီး ပြန်သွားသည်။ ချိုလဲ့ရီ ရင်ထဲမှာစစ်မှန်သော အချစ်ရှိနေသည်မို့ သူ့ကို မာနနှင့် ဆက်ဆံလိုက်နိုင်ပါပြီ။

❋

# အခန်း (၁၉)

ဒေါ်သင်းသင်းက ညီဟန်ထွန်းနှင့် မိုးဇင်သိန်းကို ထမင်းစားဖိတ်လိုက်သည်။ သူတို့ကို ချိုသက်ကြည်က သွားဖိတ်သည်။ သူတို့ ထမင်းစားလာမည့် ညနေမှာ ချိုလဲ့ရီက ခြံအလုပ်ပါးသဖြင့် မီးဖိုထဲတွင် ကူညီချက်ပြုတ်လိုက်သည်။

မိုးဇင်သိန်းက ချိုလဲ့ရီနှင့် ညီဟန်ထွန်းကို ဒေါ်သင်းသင်းတို့ရှေ့မှာ ဟန်ဆောင်ပြီး မိတ်ဆက်ပေးလိုက်သည်။

"မောင်မိုးဇင်ရဲ့အဖေရော နေကောင်းရဲ့လားကွယ်"

"ကောင်းပါတယ်၊ ဒေါ်လေး တို့ကို ရန်ကုန်လာလည်ဖို့ ဖိတ်လိုက်ပါတယ်"

"အေးကွယ် အချိန်အခါ ပေးရင်တော့ ရောက်မှာပေါ့"

ထမင်းစားသောက်၊ စကားပြောဆိုပြီး ညီဟန်ထွန်းတို့နှစ်ယောက် ပြန်သွားသည်။ ဒေါ်သင်းသင်းက ရည်မွန်သည့် သူတို့နှစ်ယောက်ကို သဘောကျနေသည်။

"သူတို့နှစ်ယောက်စလုံး ခေတ်ပညာတတ်ပြီး ငယ်ငယ်ချောချောနဲ့ သူငယ်ချင်းနှစ်ယောက် လိုက်ဖက်ညီလိုက်တာ"

"ဟုတ်တယ်နော် သူတို့နှစ်ယောက်စလုံး လူပျိုတွေဖြစ်နေတာ အံ့ဩစရာပဲ"

ချိုသက်ကြည်က ဒေါ်သင်းသင်းရဲ့ စကားကို ထောက်ခံလိုက်သည်။

"အကြိုက်မတွေ့သေးလို့ နေမှာပေါ့ကွယ်"

ချိုသက်ကြည်ရဲ့အမြင်မှာ ညီဟန်ထွန်းက ပိုပြီးစွဲမက်စရာကောင်းသည်လို့ ထင်သည်။ ညီဟန်ထွန်းကို မြင်မြင်ချင်း စိတ်ဝင်စားနေသည်။

❁

နောက်တစ်နေ့ နံနက်စောစောစားပြီး ချိုသက်ကြည်က စက်ဘီးနှင့် အပြင်ထွက်သည်။ တမင်ပင် ညီဟန်ထွန်းတို့အိမ်ကို ဝင်သည်။

"ဟာ ချိုသက် စောစောစီးစီး ရောက်လာပါလား"

မိုးဇင်သိန်းက ချိုသက်ကြည်ကို နှုတ်ဆက်လိုက်သည်။

"ဟုတ်တယ် သူငယ်ချင်းတစ်ယောက်ဆီကို လာရင်းနဲ့ ဝင်လာတာ"

"နံနက်စာ စားပြီးပြီလား"

"ဟုတ်ကဲ့ ပြီးပါပြီ"

"အစ်ကိုညီဟန်က ဒီမှာ ဘယ်လောက်ကြာကြာနေမှာလဲ ဟင်"

"မပြောတတ်သေးဘူး ကြာတော့ကြာလိမ့်မယ်"

"သြော်..."

"ဘာလို့မေးတာလဲ"

"ဒီလိုပဲ သိချင်လို့ပါ"

"အစ်ကိုမိုးဇင်ရော ကြာမှာပဲလား"

"လေးငါးရက်နေရင် ရန်ကုန် ခဏသွားမယ် ကားကြုံ လိုက်ဦးမလား"

"ဟင့်အင်း"

"ချိုသက်ကို တမင်စတာ၊ ဒီတစ်ခါ လေယာဉ်နဲ့သွား မှာ"

"လေယာဉ်နဲ့ဆိုတော့ မြန်တာပေါ့"

"ဟုတ်တယ်"

"ဟိုမှာ ဘယ်လောက်ကြာမှာလဲ ဟင်"

"လေးငါးရက်ပေါ့"

"မသွားခင် အိမ်လာဦးနော်"

"ဒေါ်လေးကို လာနှုတ်ဆက်မှာပါ"

သူတို့အလုပ်သွားခါနီးမှာ ချိုသက်ကြည်က ပြန်လာသည်။ အိမ်ပြန်ရောက်ပြီး ဒေါ်သင်းသင်းကို မိုးဇင်သိန်း ရန်ကုန်သွားမည့် အကြောင်းကို ပြောသည်။

"ဒါဆိုရှမ်းစာတွေ လက်ဆောင်ပေးလိုက်ဦးမယ်"

"အန်ကယ့် အတွက်လာ"

"အေးလေ"

ချိုသက်ကြည်က နောက်သင်တန်းနှစ်အတွက် ကျူရှင် တက်တော့မည်ဟု စိတ်ကူးသည်။ ထိုအကြောင်းကို ချိုလဲ့ရီ ပြန်လာတော့ ပြောသည်။

"မမချိုလဲ့ ချိုသက် ကျူရှင်စတက်တော့မယ်"

"တက်လေ"

"တတိယနှစ်က စာများတယ်ဆိုတော့ ကြိုပြီး ပြင်ဆင်

ရမှာ"

"အေးပါ၊ ကျူရှင်ခ ဘယ်လောက်လဲ မေးခဲ့၊ မမချိုလဲ့ ပေးမယ်"

"ဟုတ်ကဲ့"

❋

ညီဟန်ထွန်းနှင့် မိုးဇင်သိန်းတို့ ညနေဘက် ထမင်းစား သောက်ပြီး အေးအေးဆေးဆေး ထိုင်စကားပြောနေကြသည်။ ညီဟန်ထွန်းက ချိုသက်ကြည်ရဲ့အကြောင်းကို စကားစလာသည်။

"ချိုသက်က ပွင့်လင်း ကလေးဆန်ပြီး ချစ်စရာကောင်း တယ်"

"ဘာလဲ ချိုသက်ကို စိတ်ဝင်စားနေပြန်ပြီလား"

"အင်း..."

"မင်း မလွန်ဘူးလားကွာ၊ ချိုလဲ့ကို ရော ချိုသက်ကိုပါ စိတ်ဝင်စားနေတာ"

"ချိုလဲ့ကို ငါ စိတ်ဝင်စားတယ်လို့ မင်းကို ဘယ်သူပြော လဲ"

"မင်းပဲပြောတာ"

"ဒီမရောက်ခင်က ပြောတာပါ၊ ရောက်ပြီး မပြောပါဘူး၊

ငါနဲ့သူ မိတ်ဆွေတွေအဖြစ် ဆက်ဆံဖို့ သဘောတူပြီးပြီ"

"ဟုတ်လား၊ ဒါဆို မင်းနဲ့ချိုလှဲ့ ကင်းကင်းရှင်းရှင်း ဖြစ်သွားပြီပေါ့"

"ဟိုတုန်းတည်းက ဖြစ်ခဲ့ပြီးသားပါ"

ချိုလှဲ့ရီနှင့် ညီဟန်ထွန်းတို့ ပတ်သက်မှု မရှိတော့ပြီမို့ မိုးဇင်သိန်းက ဝမ်းသာနေသည်။ သူ့အတွက် မျှော်လင့်ချက်ရောင်ခြင်က ရှိလာပါပြီ။

"ချိုသက်ကို မင်း တကယ်မချစ်ဘဲနဲ့ ချိုလှဲ့ကို လုပ်သလိုမျိုး မလုပ်နဲ့ကွာ"

"ငါ့ရင်ထဲမှာ ရှယ်လီက နံပါတ်တစ်နေရာပဲ၊ သူ့နေရာဘယ်သူမှ မဝင်နိုင်ဘူး၊ ဒုတိယနေရာကိုတော့ ချိုသက်ကြည်ကို ပေးနိုင်ပါတယ်"

"ဒုတိယနေရာဆိုတာထက် လက်ထပ်ဖို့အထိ ရည်ရွယ်ဖို့က အရေးကြီးတာပါ"

"အေးလေ သူ့ကို ငါ တကယ်ချစ်မိသွားရင်တော့ လက်ထပ်တဲ့အထိ ရည်ရွယ်မှာပါ"

"ဟုတ်ပါတယ် ရှယ်လီကို တမ်းတနေမယ့်အစား မင်းတစ်ယောက်ယောက်ကို လက်ထပ်သင့်ပြီ"

"ငါ့ကိုပြောနေပြီး မင်းကျတော့ရော"

"အင်း မရှိသေးဘူးဆိုပါတော့"

ချိုလဲ့ရီကို အသည်းပေါက်မတတ် ချစ်နေသော်လည်း ညီဟန်ထွန်းကို မပြောချင်၍ ညာလိုက်သည်။

"ဒီအဆောက်အအုံပြီးရင် စက်ရုံစလည်တဲ့အခါ မင်းပဲ ကြီးကြပ်ရမှာဆိုတော့ ဒီမှာ မင်းအနေများမယ်၊ ဒီမြို့သူတစ်ယောက်ကို မင်းရှာပြီး လက်ထပ်လိုက်ပေါ့ကွာ"

"တကယ်လို့ ချိုသက်နဲ့မင်း လက်ထပ်ဖြစ်ရင်ကော"

"ချိုသက်ကို ငါ့နောက်လိုက်ခိုင်းရမှာပေါ့"

"မင်းအစီအစဉ်နဲ့မင်းကတော့ ဟုတ်လို့"

"ငါ့ကိုလက်ထပ်မယ့် မိန်းကလေးက အလုပ်လုပ်စရာ မလိုဘူးလေ၊ သျှောင်နောက် ဆံထုံးပါရမှာပေါ့"

"အင်းလေ အဲ့လိုမှပဲ အဆင်ပြေမှာပဲ"

မိုးဇင်သိန်းက ချိုလဲ့ရီကို ချက်ချင်း ချစ်ခွင့်ပန်၍ မကောင်းသေးသဖြင့် အချိန်အတိုင်းအတာတစ်ခုကို စောင့်စားနေရမည် ဖြစ်သည်။

❋

မိုးဇင်သိန်းက ရန်ကုန်မပြန်ခင်ညမှာ ဒေါ်သင်းသင်းတို့ အိမ်ကို ညီဟန်ထွန်းနှင့်အတူ ရောက်လာပြီး နှုတ်ဆက်သည်။

"ဦးကျော်သိန်းအတွက် ဒေါ်လေး စားစရာလက်ဆောင် ဝယ်ထားတယ်၊ ယူသွားပေးပါကွယ်"

"ဒေါ်လေးရယ် အလကား ဒုက္ခရှာတယ် ဗျာ"

"ဒုက္ခရှာတယ် မဟုတ်ပါဘူးကွယ်၊ စေတနာနဲ့ ပေးတာပါ"

"ကောင်းပါပြီ ဒေါ်လေး၊ ကျေးဇူးတင်ပါတယ်"

"မောင်ညီထွန်းက နေခဲ့မှာပေါ့နော်"

"ဟုတ်ပါတယ် ဒေါ်လေး"

မိုးဇင်သိန်းရဲ့ အကြည့်တွေ ချိုလှဲ့ရီထံသို့ မကြာခဏ ရောက်ရှိနေသည်ကို ချိုလှဲ့ရီက သိရှိခံစားလိုက်ရသည်။

"သူ့အကြည့်တွေက ငါ့ကို စိတ်ဝင်စားနေသလိုပဲ"

"ဒါဆို သူနဲ့ ချိုသက်က ရိုးရိုးသားသား ခင်ကြတာပဲ လား"

"ရိုးရိုးသားသား ခင်ကြတာပဲ ဖြစ်ပါစေ"

ချိုလှဲ့ရီက ကျိတ်ပြီး ဆုတောင်းလိုက်သည်။

"ရန်ကုန်ကို ဘာမှာကြဦးမလဲ"

"မမှာတော့ပါဘူး"

"တကယ်လား ချိုသက်၊ အားမနာနဲ့ မှာတာဝယ်လာပေးမှာ"

"မမှာတော့ပါဘူး အစ်ကိုမိုးဇင်"

"ချိုလှဲ့ရီကရော"

"မမှာတော့ပါဘူးရှင်"

သူတို့နှစ်ယောက် ဒေါ်သင်းသင်းနှင့် လေပေးဖြောင့်နေကြ၍ မိုးချုပ်မှ ပြန်ကြသည်။

❈

ချိုသက်ကြည်က ညီဟန်ထွန်းထံသို့ ခဏခဏရောက်သည်။ ရုပ်ချောသလို စကားပြောတာ ပွင့်လင်းချစ်စရာကောင်းသော ချိုသက်ကြည်ကို ညီဟန်ထွန်းက တစ်ချိန်ထက်တစ်ချိန် ပို၍ စိတ်ဝင်စားလာသည်။

မိုးဇင်သိန်းကို မတွေ့ရတာကြာလေ ချိုလှဲ့ရီက လွမ်းဆွတ်တမ်းတလာလေပါ။ သူနှင့် မတွေ့ရတော့မှ ရင်ထဲက ခံစားချက်ကို ပို၍ နားလည်လာသည်။

"ကိုမိုးဇင်သိန်းကို ငါ ရူးရူးနစ်နစ် ချစ်နေမိပြီပဲ"

"သူ့ကိုချစ်တဲ့ အချစ်က ကိုညီဟန်ထွန်းကို စိတ်ဝင်စားမိတဲ့ အချစ်နဲ့ လုံးဝမတူဘူး"

အချစ်စစ် အချစ်မှန်ဆိုတာကို အခုမှ ငါ ရှာတွေ့တာပဲ။

❀

# အခန်း (၂၀)

မိုးဇင်သိန်းနှင့် ချိုလှဲ့ရီတို့အတွက် လေးငါးရက်ဆိုသော အချိန်က လေးငါးကမ္ဘာကို ကြာမြင့်သွားပါသည်။

မိုးဇင်သိန်းက ရန်ကုန်မှပြန်လာပြီး ချိုလှဲ့ရီတို့အတွက် လက်ဆောင်တွေနှင့် ရောက်လာသည်။ ချိုလှဲ့ရီ ရှိနေသော အရပ်ဒေသကို ရောက်လာတာနှင့် သူ့ရင်မှာ အေးမြကြည်လင်သွားပါတော့သည်။

လန်းဆန်းတက်ကြွသောစိတ်နှင့် ချိုလှဲ့ရီတို့ရဲ့အိမ်ကို ညီဟန်ထွန်းနှင့်အတူ ရောက်လာသည်။ အိမ်ရှေ့ကားသံကြား၍ ဧည့်ခန်းထဲမှာ ရှိသော ချိုလှဲ့ရီက တံခါးဖွင့်ပေးသည်။

"ဪ... ကိုမိုးဇင်သိန်း ပြန်လာပြီလား"

မိုးဇင်သိန်းရဲ့ ရွှန်းလဲ့သော မျက်နှာကိုကြည့်ပြီး ရင်ခုန်စွာနှင့် ချိုလဲ့ရီက မေးလိုက်သည်။

"ဟုတ်တယ်၊ မနေ့ကရောက်တာပါ"

အတွင်းခန်းက ချိုသက်ကြည်က အသံကြားပြီး ပြေးထွက်လာသည်။

"ဟာ... အစ်ကိုမိုးဇင် ပြန်လာပြီကိုး"

"ဟုတ်တယ် ချိုသက်ရေ၊ ဒီမှာ ဖေဖေပေးလိုက်တဲ့ လက်ဆောင်ရယ်၊ အစ်ကိုဝယ်လာတဲ့ လက်ဆောင်တွေ ပါတယ်"

"မဝယ်ပါနဲ့ဆို အစ်ကိုက စိတ်ဆိုးအောင် လုပ်နေပြန်ပြီ"

ချိုသက်ကြည်က နောက်ပြောင်ပြီး ဆက်တီမှာ ဝင်ထိုင်လိုက်သည်။

"ဒေါ်လေးရော"

"အခန်းထဲမှာပါ၊ ကျွန်မသွားခေါ်လိုက်ပါမယ်"

ချိုလဲ့ရီက ဒေါ်သင်းသင်းအခန်းဆီသို့ သွားပြီး မိုးဇင်သိန်းတို့ ရောက်လာသည်ကိုပြောပြီး မီးဖိုဆောင်ကို ဝင်လိုက်သည်။

"မပုရေ ဧည့်သည်တွေအတွက် ကော်ဖီဖျော်မယ်"

ကော်ဖီကို ချိုလဲ့ရီက ကိုယ်တိုင်ဖျော်ရမှ စိတ်ကျေနပ်

သဖြင့် မပုက ရေနွေးနှင့် ကော်ဖီမှုန့်၊ သကြား၊ နို့ဆီတို့ကို အနားမှာ လာထားပေးသည်။

ကိုယ်တိုင်လှော်ပြီး ကြိတ်ထားသော ကော်ဖီမှုန့်ကို နှပ်ပြီးမှ ဖျော်လိုက်သည်။ မပုက ပုလင်းထဲမှာ မိန့်ပန်းကန်ကို ထည့်ပေးသည်။

"ကော်ဖီပန်းကန်လုံးတွေနဲ့ မုန့် ယူသွားနှင့်နော်၊ မမ ကော်ဖီခရား ယူခဲ့မယ်"

"ဟုတ်ကဲ့"

ညှော့ခန်းဆီသို့ ချိုလှဲ့ရီက ကော်ဖီခရားယူပြီး ထွက်ခဲ့သည်။

"ဟော မမချိုလှဲ့က ကော်ဖီကို ကိုယ်တိုင် ဖျော်လာပြီ"

ချိုသက်ကြည်က ပြောရင်း ခရားကို ချိုလှဲ့ရီလက်ထဲက ယူပြီး ပန်းကန်လုံးတွေထဲ ငှဲ့ထည့်လိုက်သည်။

"အိမ်မှာ မမချိုလှဲ့ပဲ ကော်ဖီဖျော်တယ်၊ သူ့လက်ရာကို ဘယ်သူမှ မမီဘူး"

"ဟုတ်တယ်နော် ဒီအိမ်က ကော်ဖီအရမ်းကောင်းတယ်၊ အခုမှ ချိုလှဲ့ရီဖျော်တာကို သိရတယ်"

မိုးဇင်သိန်းက ချိုလှဲ့ရီကို ထုတ်ဖော်ချီးကျူးလိုက်၍ ချိုလှဲ့ရီက ရှက်ပြုံးလေးနှင့်ပါ။

ညီဟန်ထွန်းနှင့် မိုးဇင်သိန်းတို့ ကော်ဖီသောက်၊ မုန့်စား ပြီးမှ အေးအေးဆေးဆေး စကားပြောပြီးမှ ပြန်သွားသည်။

"မမချိုလဲ့ရေ၊ ဒီမှာကြည့်ပါဦး အစ်ကိုမိုးဇင်က လက်ဆောင်တွေ ဝယ်လာတယ်၊ ဒီမှာ မမချိုလဲ့အတွက် ဝယ်လာတဲ့ ပိတ်စက ကောင်းလိုက်တာ"

"သူကလဲ ဘာလို့ဝယ်လာတာလဲမသိဘူး၊ အားနာစရာ ဖြစ်နေပြီ"

"တူမကြီးရယ် ခင်လို့ဝယ်လာတာ လက်ခံရမှာပေါ့"

"သူက ရန်ကုန် ခဏခဏသွားနေတာ ဒီလိုပဲ ဝယ်လာရင် အားနာစရာ ဖြစ်နေမှာပေါ့"

"နောင်ဆို ဝယ်မလာဖို့ ပြောရမှာပေါ့ကွယ်"

ချိုလဲ့ရီက မိုးဇင်သိန်းရဲ့ လက်ဆောင်ကို သူ့အခန်းသို့ ယူသွားပြီး အခန်းထဲရောက်မှ ရင်ခွင်ထဲမှာ ယုယစွာ ပိုက်ထွေး လိုက်သည်။

"ကိုမိုးဇင်သိန်းရယ် ရှင့်ကို ကျွန်မ တကယ်ချစ်မိနေပါ ပြီ"

နှုတ်က အသံထွက်ပြီး ဝန်ခံလိုက်မှ ရင်ထဲက တင်းကျပ်မှုက လျော့ပါးသွားသည်။ ထိုနေ့ညက မိုးဇင်သိန်းရဲ့အကြောင်း

ကို တွေးပြီး အိပ်ပျော်သွားသည်။

❋

ဒေါ်သောင်းသောင်းတို့ သားအမိ လာလည်မည်ဆို၍ ဒေါ်သင်းသင်းတို့ အိမ်မှာ ရှင်းလင်းနေ၍ မအားမလပ်ကြပါ။

"ကြီးကြီးကို တစ်ခန်း သပ်သပ်ပေးပြီး ဖြိုးကို ချိုသက် အခန်းမှာ ထားလိုက်မယ်နော် ဒေါ်လေး"

"အေး...သဘောပဲလေ၊ ကြီးကြီးနေမယ့်အခန်းကို သေသေ ချာချာ ရှင်းနော်"

"ဟုတ်ကဲ့"

ချိုလဲ့ရီက ခြံထဲဆင်းသွားသဖြင့် အိမ်မှာကျန်ရစ်ခဲ့သော ချိုသက်ကြည်က ဒေါ်သင်းသင်းခိုင်းသမျှကို လုပ်နေရသည်။

ဖြိုးဖြိုး လာလည်မည်ဆို၍ အလွန်ပျော်နေသည်။ ဒေါ်သောင်းသောင်းတို့က လေယာဉ်နှင့် လာမည်ဖြစ်သည်။

"ဒေါ်လေးရေ ကြီးကြီးအတွက် ခုတင်ကိုပါ ခင်းထား လိုက်မယ်နော်"

"အေး... လုပ်ပေးထားလိုက်"

ချိုလဲ့ရီ ခြံထဲက ပြန်လာတော့ အိမ်မှာ အတော်လေး

ပြင်ဆင်ပြီးနေပါပြီ။

"ဒီတစ်ခါ ချိုသက်က သိပ်တော်ပါလား၊ လုပ်တာအားလုံး သပ်ရပ်နေတာပဲ"

"ချိုသက်က လုပ်တတ်ပါတယ်၊ မလုပ်ချင်ရင်သာ မလုပ်တာပါ"

"အင်း ... မလုပ်ချင်တာကြီးက အမြဲလိုလို ဖြစ်နေတော့ ခက်တာပေါ့"

"ဟာ မမချိုလဲ့ကလဲ ချိုသက်ဆိုရင် ဘယ်တော့မှ အကောင်းမပြောဘူး"

"အကောင်းပြောစေချင်ရင် အကောင်းလုပ်လေ"

ချိုလဲ့ရီက နှုတ်ခမ်းဆူနေသော ချိုသက်ကြည်ကို ထပ်ပြီး နောက်ပြောင်လိုက်သည်။

"မမချိုလဲ့ရော၊ ဒေါ်လေးရော ချိုသက်ကို ဘယ်တော့မှ အကောင်းမမြင်ဘူး၊ ကြီးကြီးနဲ့ ရန်ကုန်မှာ သွားလိုက်နေမယ်"

"အပိုတွေ ပြောပြန်ပြီ၊ ဟိုမှာ အမြဲနေနိုင်လို့လား"

"နေနိုင်တာပေါ့"

"နေနိုင်ရင် နေပေါ့"

တကယ်တမ်းကျတော့ စည်းကမ်းကြီးလွန်းသော ဒေါ်

သောင်းသောင်းနှင့် ချိုသက်ကြည် မနေနိုင်တာသိ၍ ချိုလဲ့ရီက တမင်ပြောလိုက်ခြင်းပါ။ ချိုသက်ကြည်ကို စနောက်ပြီး ချိုလဲ့ရီက ထမင်းစားခန်းကို ကူးခဲ့သည်။

"ချိုလဲ့ပြန်လာပြီလား"

"ဟုတ်ကဲ့၊ ဒေါ်လေးတူမကို မခံချင်အောင် ချိုလဲ့စခဲ့တယ်"

"ဒီနေ့မနက် စိတ်ကောင်းဝင်ပြီး အလုပ်တွေ လုပ်နေတာကွယ့်"

"ဟုတ်တယ်၊ အဲ့ဒါကြောင့် နောက်ခဲ့တာ"

"နှုတ်ခမ်းတစ်တောင် ရှူနေရောပေါ့"

"ဟုတ်တယ်"

"ချိုလဲ့ စားတော့မလား"

"စားမယ်လေ၊ ဒေါ်လေးတို့ရော မစားသေးဘူးလား"

"စားကြမယ်လေ"

မပုက ခူးခပ်ပေးပြီး ချိုသက်ကြည်ကို သွားခေါ်သည်။

"ဒေါ်လေးရေ စားနှင့်တဲ့ သူ အလုပ်မပြီးသေးလို့တဲ့"

မပုက ချိုသက်ကြည်စကားကို ပြန်လာပြောသည်။

"ဒေါ်လေးတူမ သိပ်ကြိုးစားနေပါလား"

ချိုလဲ့ရီက ရယ်မောပြီး ပြောသည်။

"လွှတ်ထားလိုက်၊ သူလား ကြာကြာအဆာခံနိုင်မှာ"

ဒေါ်သင်းသင်းပြောသည့်အတိုင်းပါပဲ ချိုသက်ကြည်က သူတို့စားပြီး ထမင်းစားခန်းကို ရောက်လာပြီး တစ်ယောက်တည်း စားသည်။

❀

ဒေါ်သောင်းသောင်းတို့သားအမိ ရောက်လာကြပါသည်။ လေးငါးရက် နေသွားသည့် အတောအတွင်းမှာ မိုးဇင်သိန်းနှင့် ညီဟန်ထွန်းတို့နှင့်ပါ ဆုံဖြစ်ကြသည်။

ဒေါ်သောင်းသောင်း ရန်ကုန်အပြန်မှာ ချိုသက်ကြည်ကို ခေါ်၍ လိုက်ပါသွားသည်။ ညီဟန်ထွန်းက သူတို့သွားပြီး နှစ်ရက်အကြာမှာ ကားနှင့် ရန်ကုန်ကို သွားသည်။

ရန်ကုန်ရောက်ပြီး ဒေါ်လေးသောင်းသောင်းတို့အိမ် သွားမည်ဖြစ်သည်။ ရန်ကုန်မှာ ချိုသက်ကြည်နှင့် အတွေ့များပြီး ညီဟန်ထွန်းက ချိုသက်ကြည်ကို ချစ်ရေးဆိုသည်။ ချိုသက်ကြည်က လက်ခံလိုက်သည်။

ချိုသက်ကြည်ထံမှ မမျှော်လင့်သောစကားကို တယ်လီဖုန်းကနေ ချိုလဲ့ရီ ကြားလိုက်ရပါသည်။

"မမချိုလဲ့ရေ၊ ချိုသက်အပြန် အစ်ကိုညီဟန်နဲ့အတူ ပြန်လာမယ်"

"ဘာနဲ့ပြန်မှာလဲ"

"ကိုကိုရဲ့ ကားနဲ့ပေါ့"

"ဟဲ့ ကိုကိုဆိုတာ ဘယ်သူလဲ"

"ကိုကိုဆိုတာ ကိုကိုညီဟန်ထွန်းပေါ့၊ ဟိဟိ"

ချိုသက်ကြည်က ပြောရင်း ရယ်လိုက်သည်။ သည်ဘက်က ချိုလဲ့ရီ မျက်လုံးပြူးနေသည်။

"ချိုသက် နင် ဘာတွေလျှောက်ပြောနေတာလဲ၊ မရှက်ဘူးလား"

"မမချိုလဲ့ကလဲ ဘာလို့ရှက်ရမှာလဲ၊ ကိုကိုက ဒီနေ့ ကြီးကြီးကို ချိုသက်နဲ့ စေ့စပ်မယ်လို့ နားဖောက်မယ်၊ ပြီးရင် ချိုသက်တို့နှစ်ယောက် ကာနဲ့အတူ ပြန်လာပြီး ဒေါ်လေးဆီမှာ ကိုကိုခွင့်ပန်ပြီး စေ့စပ်မှာ"

"နင် တကယ်ပြောနေတာလား"

"မမချိုလဲ့ကလဲ ဒါ နောက်စရာကိစ္စမှ မဟုတ်"

"နင်တို့ဟာကလဲ မြန်လှချည်လား"

"ခုခေတ်က ခပ်မြန်မြန်ပဲလေ"

ချိုလဲ့ရီက မယုံနိုင်လောက်အောင် ဖြစ်နေသည်။ ချိုသက်ကြည် အမှန်တကယ် ပြောသည်ဆိုတာ သေချာ၍ ယုံလိုက်ရပါသည်။

"ချိုသက်ရယ် စေ့စပ်ဖို့က မစောလွန်းဘူးလား"

"မစောပါဘူး ပြန်လာတော့မှ ပြောပြမယ်"

ချိုသက်ကြည်နှင့် တယ်လီဖုန်းပြောပြီး ဒေါ်သင်းသင်းက အကျိုးအကြောင်း ပြောပြလိုက်သည်။

"ဟုတ်ရဲ့လား ချိုလဲ့ရယ်"

ဒေါ်သင်းသင်းကိုယ်တိုင်က မယုံကြည်နိုင်အောင် ဖြစ်နေသည်။

"ဟုတ်ပါတယ် ဒေါ်လေးရယ်၊ ပြန်လာတော့မှ အားလုံးပြောပြမယ်တဲ့"

"ဒီမိန်းကလေးနဲ့ခက်ပြီ၊ မောင်ညီဟန်ထွန်းက ငြင်းစရာမရှိတဲ့ လူပါ၊ ဒါပေမဲ့ မယုံတာ ချိုသက်ကိုပဲ၊ သူ့စိတ်က သိပ်

အပြောင်းအလဲ မြန်တယ်"

"ဟုတ်တယ် ချိုလဲ့လဲ အဲဒါကိုပဲ စိတ်ပူနေတာ"

"ခက်တာပဲ သူလာမှ သေသေချာချာ မေးမြန်းရမှာပဲ"

ချိုသက်ကြည်နှင့် ညီဟန်ထွန်းတို့သည်လောက် မြန်မြန်ဆန်ဆန်ကြီး ချစ်သူတွေ ဖြစ်သွားသည်ကို ဒေါ်သင်းသင်းကပါ မယုံရဲပါ။

❁

# အခန်း (၂၁)

နောက်တစ်နေ့မှာ ချိုသက်ကြည်ထံမှ သူတို့ ရန်ကုန်က ထွက်လာပြီဆိုတာကို တယ်လီဖုန်းဆက်သည်။ ညမှာ ချိုသက်ကြည်တို့ ရောက်လာမည်ဆို၍ ဒေါ်သင်းသင်းနှင့် ချိုလှဲ့ရီက လည်းတဆန့်ဆန့်နှင့် မျှော်နေသည်။

မိုးချုပ်သည်အထိ ထိုင်စောင့်နေသော်လည်း ရောက်မလာကြပါ။

"သူတို့ လမ်းမှာ နားကြတယ် ထင်တယ်"

"ဟုတ်ပါ့ကွယ်၊ ည ဆယ့်နှစ်နာရီ ထိုးနေတာတောင် မလာကြသေးဘူး"

"ညဥ့်နက်ပြီ ဒေါ်လေးအိပ်တော့လေ၊ လာရင်သိမှာပဲ"

"အင်း... ဒေါ်လေးအိပ်တော့မယ်၊ ချိုလှဲ့လဲ အိပ်တော့"

"ဟုတ်ကဲ့"

တူအရီးနှစ်ယောက်စလုံး အိပ်ရာထဲဝင်သော်လည်း ချက်ချင်း အိပ်မပျော်သေးဘဲ စောင့်နေသည်။

နောက်တစ်နေ့ နံနက်စောစော ဝေလီဝေလင်းမှာ မိုးဇင်သိန်းက ရောက်လာသည်။ အိပ်မရရှာ၍ ချိုလှဲ့ရီက စောစော ထပြီး ဘုရားဝတ်ပြုပြီး ခြံထဲကို ဆင်းလျှောက်နေစဉ် မိုးဇင်သိန်း ရောက်လာသည်။

မိုးဇင်သိန်း ထူးထူးခြားခြား ရောက်လာသည့်အတွက် ချိုလှဲ့ရီက ရင်ထဲမှာ ထင့်ခနဲ ဖြစ်သွားသည်။ ကားပေါ်က ဆင်းလာသော မိုးဇင်သိန်းရဲ့ မျက်နှာကလည်း အလွန်ညှိုးနွမ်းနေသည်။

"တော်ပါသေးရဲ့ ချိုလှဲ့ကိုတွေ့လို့၊ ဒေါ်လေးရော"

"အိပ်နေတယ်၊ ဘာဖြစ်လို့လဲ ဟင်"

"ချိုလှဲ့ စိတ်အရမ်းမပူနဲ့နော်"

"ဘာဖြစ်လို့လဲ၊ ချိုသက်တို့ ဘာဖြစ်လို့လဲဟင်"

"ညက သူတို့ ကားအက်စီးဒင့်ဖြစ်တယ်၊ အခု သူတို့ မန္တလေးဆေးရုံကြီးမှာ"

"ဟင်..."

အလွန် ထိတ်လန့်သွားပြီး ချိုလှဲ့ရီက မူးမိုက်လဲပြိုသွား မတတ်ဖြစ်သွား၍ မိုးဇင်သိန်းက လှမ်း၍ ထိန်းလိုက်သည်။

"စိတ်ထိန်းပါ ချိုလှဲ့ရီရယ်၊ သူတို့နှစ်ယောက်စလုံး အသက် အန္တရာယ် မရှိဘူးလို့ ပြောတယ်"

"ဟုတ်...ဟုတ်ရဲ့လား ဟင်"

"ကျွန်တော် မညာပါဘူး၊ ဆေးရုံက အဲ့လိုပြောတာပါ"

"ဒုက္ခပါပဲ ကိုမိုးဇင်သိန်းရယ်၊ ဒေါ်လေးကို ဘယ်လိုပြော ရမလဲ"

"ဖြည်းဖြည်းချင်း ပြောရမှာပဲ ချိုလှဲ့ရီရယ်၊ ဖုံးထားလို့မှ မဖြစ်တာ"

"ကျွန်မ မပြောရဲဘူး"

"ဒေါ်လေးနိုးပြီးအထိ ကျွန်တော်စောင့်ပြီး ပြောပါ့မယ်"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်၊ သူတို့ အသက်အန္တရာယ် မရှိဘူးဆိုတာ ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ် ချိုလှဲ့ရယ်"

"ဒေါ်လေးနိုးတဲ့အထိ မစောင့်နိုင်တော့ဘူး၊ ချိုလှဲ့ အခုပဲ လိုက်သွားချင်တယ်"

"ကျွန်တော်လဲ ချက်ချင်းလိုက်ချင်တာပဲ၊ ချိုလှဲ့ စိတ်အရမ်းပူနေမှာစိုးလို့ ကိုယ်တိုင်လာပြောတာ"

"ဒါဆို ခဏစောင့်၊ ကျွန်မ အဝတ်အစားလဲပြီး လိုက်ခဲ့မယ်"

ချိုလှဲ့ရီက အခန်းထဲဝင်ပြီး အမြန် အဝတ်အစားလဲပြီး အဝတ်သုံးလေးစုံကို ကပျာကယာ ထည့်ယူပြီး ထွက်လာသည်။

"မပုရေ ဒေါ်လေးနိုးရင် ငါ အပြင်သွားတယ်ပဲ ပြောထားလိုက်နော်"

"ဟုတ်ကဲ့"

"ကိုမိုးဇင်သိန်း သွားကြရအောင်"

ချိုလှဲ့ရီက ကားပေါ်ရောက်ပြီးမှ မိုးဇင်သိန်းကို ပြောသည်။

"ဒေါ်လေးကို ဆေးရုံရောက်ပြီး၊ အခြေအနေသိပြီးမှ ဆက်လိုက်တော့မယ်"

"အဲ့ဒါ ကောင်းပါတယ်"

မိုးဇင်သိန်းက စိတ်စောသဖြင့် ကားကိုမြန်ပေမယ့် ဂရုစိုက်မောင်းခဲ့သည်။ ဆေးရုံကိုရောက်စချိန်မှာ နှစ်ယောက်စလုံး သတိရနေကြသည်။

ချိုသက်ကြည်က ခေါင်းပေါက်၍ ချုပ်ရပြီး ခြေလက်တွေ

ဒဏ်ရာရ၍ ဆေးရုံတွင် သုံးလေးရက် နေရမည်။

"မမချိုလှဲ့ရယ် ကိုကို့ကို သွားကြည့်လိုက်ပါ၊ ကိုကို့အခြေအနေ ဘယ်လိုလဲ မသိဘူး၊ ချိုသက်အရမ်းစိတ်ပူတယ်"

"အေးပါကွယ် သွားကြည့်လိုက်ပါ့မယ်"

ချိုသက်ကြည် အခန်းကနေ ညီဟန်ထွန်းရဲ့အခန်းကို သွားကြည့်သည်။ ညီဟန်ထွန်းရဲ့ ခုတင်ဘေးမှာ မျက်နှာမသာ မယာနှင့် မိုးဇင်သိန်း ထိုင်နေသည်။ ညီဟန်ထွန်းရဲ့ မျက်နှာကလည်း အလွန် ညှိုးဖတ်နေသည်။

"ကိုညီဟန်ထွန်း နေသာရဲ့လား ဟင်"

"ခေါင်းက ကောင်းသွားပေမယ့် ခြေထောက်တွေ လုံးဝ လှုပ်မရဘူး"

"ဟင်... ဟုတ်လား"

"ချိုသက်ရော ဘယ်လိုနေလဲ

"သတိရပြီး သက်သာနေပါပြီ၊ လမ်းလျှောက်လို့ရတာနဲ့ ကိုညီဟန်ထွန်းကို လာကြည့်မှာပါ"

"သူ ပြင်းပြင်းထန်ထန် မထိခိုက်တာ တော်သေးတာပေါ့"

"ကိုမိုးဇင်သိန်း ကျွန်မ ဒေါ်လေးဆီကို ဖုန်းဆက်ချင်

တယ်"

"ကျွန်တော့် ဟန်းဖုန်းနဲ့ ဆက်လိုက်ပါ"

ချိုလဲ့ရီက ဟန်းဖုန်းကိုယူပြီး အခန်းပြင်ကို ထွက်သည်။ မိုးဇင်သိန်းက သူ့နောက်က ပါလာသည်။

"ကိုညီဟန်ထွန်းရဲ့ ခြေထောက်က ဘာဖြစ်လို့လဲ ဟင်"

"ခြေထောက်မှာ ထိခိုက်သွားပြီး အခြေအနေ သိပ်မကောင်းဘူး"

"ဟင် ဟုတ်လား၊ ဘယ်လိုမကောင်းတာလဲ ဟင်"

"ကြည့်ရတာ လမ်းပြန်လျှောက်နိုင်မယ့်ပုံ မပေါ်ဘူး"

"ဟုတ်ရဲ့လား ရှင်"

"ကျွန်တော် ဆရာဝန်နဲ့ တွေ့ပြီးပြီ၊ အသေအချာတော့ ပြောလို့မရသေးဘူး"

"လမ်းမလျှောက်နိုင်တော့ဘူးဆိုတာ မဟုတ်ပါစေနဲ့"

"ကျွန်တော်လဲ အဲ့လိုပဲ မျှော်လင့်ပါတယ်၊ သူ့အခြေအနေကို ချိုသက်ကို မပြောနဲ့ဦးနော်"

"ဟုတ်ကဲ့"

ဒေါ်သင်းသင်းထံသို့ ချိုလဲ့ရီက တယ်လီဖုန်းဆက်ပြီး အကျိုးအကြောင်း ပြောသည်။

"ဒေါ်လေး လိုက်လာခဲ့မယ်"

ဒေါ်သင်းသင်းက အလွန်စိတ်ပူနေ စိတ်အေးရန် ပြောရပြန်သည်။

"ချိုသက်က တစ်ရက်နှစ်ရက်နေရင် ဆေးရုံက ဆင်းရမှာ ဒေါ်လေးရယ်၊ ဒေါ်လေး လိုက်မလာပါနဲ့"

"မောင်ညီဟန်ထွန်းရော"

"သူလဲ ဆင်းရမယ် ထင်တယ်"

ဒေါ်သင်းသင်း စိတ်သက်သာရာရအောင် ချိုလဲ့ရီက ပြောလိုက်သည်။

"ချိုသက်နဲ့ အတူမှပဲ ပြန်လာတော့မယ်နော်"

"ဒေါ်လေးကို နေ့တိုင်း ဆက်ဦးနော်"

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ နေကောင်းအောင် နေဦးနော်"

"အေးပါကွယ်၊ ချိုလဲ့ ဘယ်မှာတည်းမှာလဲ"

"မပြောတတ်သေးဘူး ဒေါ်လေး"

"ဒေါ်လေးဆီ ဖုန်းပြန်ဆက်ဦးနော်"

"ဟုတ်ကဲ့ပါ"

ချိုလဲ့ရီက တယ်လီဖုန်းကို ပိတ်လိုက်ပြီး မိုးဇင်သိန်းကို ပြန်ပေးလိုက်သည်။

"ကျွန်တော်တို့ ဘယ်မှာတည်းကြမှာလဲ"

"ဆေးရုံနဲ့ နီးနီးနားနားပဲ ကောင်းမယ်နော်"

"ကောင်းပြီလေ ကျွန်တော်ကို တည်းဖို့ စီစဉ်လိုက်ကြရအောင်"

"ဟုတ်ကဲ့"

တည်းခိုခန်းသို့သွားပြီး သူတို့ရဲ့ အဝတ်အစားအိတ်ကို ပြန်ထားပြီး ဆေးရုံကို ထွက်လာကြပြန်သည်။ ချိုလှဲ့ရီရော မိုးဇင်သိန်းပါ ဆေးရုံမှာ တစ်နေ့လုံး အချိန်ကုန်ကြသည်။

ချိုသက်ကြည်က ဆေးရုံတွင် သုံးလေးရက်နေပြီး ဆင်းရသည်။ သူဆေးရုံက မဆင်းမီမှာ ညီဟန်ထွန်းရဲ့ အခြေအနေကိုသိပြီး အလွန်စိတ်ထိခိုက်နေရသည်။

"မမချိုလှဲ့ရယ် ချိုသက် အဖြစ်ဆိုးလိုက်တာနော်၊ ကိုကို့ခြေထောက်ရဲ့ အာရုံကြောတွေ ထိသွားလို့ လမ်းမလျှောက်နိုင်တော့ဘူးတဲ့၊ ချိုသက် ဘယ်လိုလုပ်ရမလဲ"

အသည်းခိုက်မတတ် ငိုနေသော ချိုသက်ကြည်ကို အားပေးနှစ်သိမ့်ပေမယ့် အကျိုးမထူးပါ။ ထပ်တလဲလဲ သည်အကြောင်းကိုပြောပြီး ငိုချည်းနေသည်။

ဆေးရုံကဆင်းပြီး ချိုသက်ကြည်ကို ပြင်ဦးလွင်သို့ ပြန်

ခေါ်ခဲ့သည်။ မိုးဇင်သိန်းက အလုပ်တစ်ဖက်နှင့်မို့ ညီဟန်ထွန်းကို အစောင့်ငှားပြီး ထားခဲ့ရသည်။

ချိုသက်ကြည်က အိမ်ပြန်ရောက်လာတော့လည်း ညီဟန်ထွန်းရဲ့ အကြောင်းကိုချည်း ပြောနေသည်။ ချိုလဲ့ရီက ညီဟန်ထွန်းကို ဝတ္တရားမပျက် သွားကြည့်သော်လည်း သူက မလိုက်ပါ။

"မမချိုလဲ့ရယ် သူ့ကို သွားမကြည့်ချင်ဘူး၊ သူ့ကိုမြင်ရင် ချိုသက် ခံစားရလွန်းလို့၊ ချိုလဲ့လေ သိပ်ချမ်းသာတဲ့ ကိုကိုနဲ့ ပျော်ပျော်ပါးပါးနေချင်လို့ သူ့ကို လက်ခံခဲ့တာ၊ ဒုက္ခတကြီးနဲ့ တော့ မနေချင်ဘူး"

"ဟဲ့ ချိုသက် ဘယ်လိုပြောလိုက်တာလဲ"

အကြင်နာတရားနှင့် စာနာစိတ်မရှိသော ချိုသက်ကြည်ကို ချိုလဲ့ရီက အလန့်တကြား ကြည့်လိုက်သည်။

"ဟုတ်တယ် မမချိုလဲ့၊ ချိုသက် ဟန်မဆောင်ချင်ဘူး၊ ကိုကိုနဲ့ စေ့စပ်ကြောင့်လမ်းမယ့် ကိစ္စကို ဖျက်ရမှာပဲ"

"ညီဟန်ထွန်း ဘယ်လိုခံစားရမယ်ဆိုတာ ချိုသက် ထည့်မတွက်ဘူးလား"

"ဟင့်အင်း... ချိုသက် စိတ်ညစ်မခံနိုင်ဘူး၊ ချိုသက်က

အသက်ငယ်ငယ်ပဲ ရှိသေးတာ၊ ပျော်ပျော်ပဲ နေချင်တယ်၊ ဒုက္ခတကို မပြုစုနိုင်ဘူး”

အလွန် တစ်ကိုယ်ကောင်းဆန်သော ညီမကို ကြည့်ပြီး ချိုလဲ့ရီ အတော်ထိတ်လန့်နေသည်။ တစ်ဖက်က ညီဟန်ထွန်းကို ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်း မသိပါ။

ဒေါ်သင်းသင်းနှင့် ချိုသက်ကြည်အကြောင်းကို ပြောပြီး စိတ်ညစ်နေကြသည်။

“ဒေါ်လေးရယ့် ချိုသက်လုပ်ပုံက ကိုညီဟန်ထွန်းကို သိပ်ပြီး အားနာစရာ ကောင်းနေပြီ”

“ဟုတ်ပါ့ကွယ်၊ သူ့ကို ဘယ်လိုမျက်နှာချင်းဆိုင်ရမှန်းတောင် မသိဘူး”

“ဆေးရုံကို သူမသွားပေမယ့် ချိုလဲ့ကတော့ သွားကြည့်ရမှာနော်”

“ဟုတ်တာပေါ့ ဒါကြောင့် သူ့စိတ်ကို ဒေါ်လေး မယုံရဲတာပေါ့ကွယ်”

“ချိုသက်က အလိုလိုက်ထားတော့ အတော်ဆိုးတာပဲ”

“ငယ်လဲ ငယ်သေးတာကိုး”

“ချိုလဲ့က ငယ်သေးတယ်ဆိုပြီး ခွင့်လွှတ်နိုင်ပေမယ့်

တခြားလူတွေက ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး"

"ဟုတ်တာပေါ့ကွယ်"

"အပြင်တော့ ထွက်လည်နိုင်တယ်၊ ကိုညီဟန်ထွန်းကိုတော့ သွားမကြည့်နိုင်ဘူး၊ လွန်တာပေါ့ ဒေါ်လေးရယ်"

ချိုလဲ့ရီနှင့် ဒေါ်သင်းသင်းက ဘယ်လောက်ပဲ နားချချ ချိုသက်ကြည်က လက်မခံပါ။ ညီဟန်ထွန်းကို တွေ့ဖို့စိတ် လုံးဝမရှိဘူးဟု ပြောသည်။

❀

# အခန်း (၂၂)

ညီဟန်ထွန်းကို မိုးဇင်သိန်း သွားကြည့်သည့်အခါ ချိုလဲ့ရီက လိုက်ပါလာသည်။ လမ်းမှာ ချိုလဲ့ရီက ချိုသက်ကြည် အကြောင်းကို မျက်နှာပူစွာနှင့် ပြောသည်။

"ကိုမိုးဇင်သိန်းရယ် ကိုညီဟန်ထွန်းကို သွားကြည့်တိုင်း ချိုသက်ကြောင့် ကျွန်မ မျက်နှာသိပ်ပူတယ်"

"ချိုသက်က ညီဟန့်ကို လုံးဝအဆက်အသွယ် ဖြတ်လိုက်ပြီဆိုတာ ညီဟန် သိနေပါပြီ"

"အဲ့ဒီအတွက် သိပ်အားနာတာပါ"

"ဘယ်တတ်နိုင်မလဲ ချိုလဲ့ရယ်၊ ညီဟန် ချိုလဲ့ပေါ်မှာ ပြုခဲ့တဲ့ အမှားအတွက် ပေးဆပ်ရသလိုပဲနော်"

"အဲ့ဒီအကြောင်းတွေ ကျွန်မရင်ထဲမှာ မရှိတော့ပါဘူး၊ ဒီလို ပြန်ပြီး ခံစားရပါစေလို့လဲ မမျှော်လင့်ခဲ့ပါဘူး"

"ဒါဆို ချိုလဲ့ သူ့ကို ခွင့်လွှတ်နိုင်ပြီပေါ့"

"သူ့ကို ကျွန်မ ခွင့်လွှတ်ခဲ့တာ ကြာပါပြီ"

"ဒါဆို သူနဲ့ပတ်သက်ပြီး ချိုလဲ့ရင်ထဲမှာ ဘာခံစားချက်မှ မရှိတော့ဘူးလား"

"ဟုတ်ပါတယ်"

"အခု သူ့ကို သွားကြည့်နေတာ ဘာကြောင့်လဲ"

"ဝတ္တရားတစ်ခုအနေနဲ့ပါ၊ ချိုသက်ပျက်ကွက်တာကို ဖြည့်ဆည်းပေးတဲ့ အနေနဲ့ပါ"

ချိုလဲ့ရီထံမှ ထိုသို့သော စကားကို ကြားလိုက်ရ၍ မိုးဇင်သိန်း အလွန်ပျော်သွားသည်။ ချိုလဲ့ရီက စိတ်ရောလူပါ လွတ်လပ်နေပြီမို့ သူ ချစ်ခွင့်ပန်ရန် အခွင့်သာနေပါပြီ။

စကားတပြောပြောနှင့် မောင်းလာရာ ဆေးရုံကိုရောက်ပါပြီ။ ညီဟန်ထွန်းရဲ့ ညှိုးလျသော ပုံစံကိုကြည့်ပြီး ချိုလဲ့ရီက စိတ်မကောင်းပါ။

"ကိုညီဟန်ထွန်း နေသာရဲ့လား"

"နေက ကောင်းပါပြီ လမ်းမလျှောက်နိုင်တာကို စိတ်ညစ်

နေတာ"

"ဆရာဝန်က တဖြည်းဖြည်း ကောင်းမယ်ပြောတာပဲကွာ စိတ်ရှည်ပါ"

"ကောင်းဖို့ရာခိုင်နှုန်းက သိပ်နည်းနေတာ ငါသိပါတယ်ကွာ"

"မင်း အဲ့လို စိတ်ဓာတ်ကျလို့ မဖြစ်ဘူးလေ၊ စိတ်ဓာတ်ကျရင် ပိုရှုံးနေမှာပေါ့"

"အေးပါကွာ၊ ငါ့စိတ်ကို အတတ်နိုင်ဆုံး ပြုပြင်မြှင့်တင်ပါ့မယ်"

"ဆရာဝန်ကြီးက ရန်ကုန်ပြောင်းပြီးကုဖို့ သဘောတူပြီလား"

"အင်း"

"မင်း ဘယ်တော့သွားမလဲ"

"အမြန်ဆုံးပဲ သွားချင်တယ်၊ မနက်ဖြန် ငါ သွားနိုင်အောင် စီစဉ်ပေးပါ"

"ငါလိုက်ပို့မှာပေါ့ကွာ"

"ပို့ရင်လဲပို့ကွာ မပို့ရင်လဲ တစ်ယောက်ယောက်ထည့်လိုက်"

"ငါပို့မှာပါ"

"ကိုညီဟန်ထွန်း ရန်ကုန်သွားရင် ချိုလှဲ့ လာကြည့်ဖို့ မလွယ်တော့ဘူး"

"ရပါတယ် ချိုလှဲ့ရယ်"

"ချိုသက်အတွက် တောင်းပန်ပါတယ်နော်၊ သူ့လုပ်ရပ်က လုံးဝခွင့်လွှတ်နိုင်စရာ အကြောင်းမရှိပါဘူး"

"ထားလိုက်ပါတော့ ချိုလှဲ့ရယ်၊ ကိုယ်ပြုခဲ့တဲ့ အမှုအတွက် ဝဋ်လည်ဟာနေမှာပေါ့"

ညီဟန်ထွန်းက ထိုသို့ပြောလိုက်သဖြင့် မိုးဇင်သိန်းက သူ့ကိုကြည့်နေ၍ ချိုလှဲ့ရဲ့ မျက်နှာလေး ရဲသွားသည်။

"ကိုညီဟန်ထွန်း ဒီလိုဖြစ်ရတာ ကျွန်မ တကယ်စိတ်မကောင်းပါဘူး"

"ကံတရားပေါ့ ချိုလှဲ့ရယ်၊ ချိုသက်ကို ကိုယ် ခွင့်လွှတ်နိုင်ပါတယ်၊ အဲ့ဒီအတွက် စိတ်မကောင်း မဖြစ်ပါနဲ့"

ဆေးရုံတွင် ခဏနေပြီး ချိုလှဲ့ရီတို့ ပြန်ခဲ့ကြသည်။

"ကိုမိုးဇင်သိန်း ပြင်ဦးလွင် တစ်ခေါက်ပြန်ပြီးမှ ပြန်လာရမှာပေါ့နော်"

"ဟုတ်တယ်၊ လုပ်ငန်းခွင်မှာ စီစဉ်စရာရှိတာတွေ စီစဉ်

ရှဦးမှာပါ"

"ရန်ကုန်မှာ ဘယ်လောက်ကြာမှာလဲဟင်"

လွတ်ခနဲ မေးလိုက်ပြီးမှ ချိုလဲ့ရီက ရှက်သွားသည်။

"ဟိုမှာ ညီဟန်ထွန်းဆေးရုံတက်ဖို့နဲ့ သူ မလုပ်နိုင်တဲ့ အလုပ်တွေကို လုပ်ရမှာဆိုတော့ လေးငါးရက်လောက် ကြာမယ်"

"ဩော်..."

"ချိုလဲ့ ဘာမှာချင်သေးလဲ"

"ကျေးဇူးပြုပြီး ချိုလဲ့တို့အတွက် လက်ဆောင်တွေ ဝယ်မလာပါနဲ့ရှင်"

"ဘာဖြစ်လို့လဲ ချိုလဲ့ရယ်"

"ဒီတစ်ခေါက်ဝယ်လာရင် ဒေါ်လေး စိတ်ဆိုးလိမ့်မယ်"

"ဘာဖြစ်လို့လဲ"

"သူတို့အတွက် ပိုက်ဆံကုန်တာကို ဒေါ်လေးက မလိုလားလို့ပါ"

ချိုလဲ့ရီက ဒေါ်သင်းသင်းကိုပဲ လွှဲချလိုက်သည်။

"စိတ်ဆိုးမှာဆိုရင် မဝယ်လာရဲတော့ပါဘူး"

"ဟုတ်တယ် မဝယ်လာပါနဲ့"

ချိုလဲ့ရီကို ပို့ရင်းနှင့် ဒေါ်သင်းသင်းကိုပါ ဝင်ပြီးနှုတ်ဆက်

လိုက်သည်။ ချိုသက်ကြည်က မိုးဇင်သိန်းကိုပါ ရှောင်နေသည်။

"မောင်ညီဟန်ထွန်းကို ပြောပေးပါကွယ်၊ ဒေါ်လေး သူ့အတွက် ဆုတောင်းမေတ္တာ ပို့ပါတယ်လို့၊ အမြန်ဆုံး လူကောင်းပကတိ ဖြစ်ပါစေလို့"

"ဟုတ်ကဲ့ပါ ဒေါ်လေး၊ ကျွန်တော့်ကို ခွင့်ပြုပါဦး"

"ကောင်းပါပြီကွယ်"

"ကျွန်တော် သွားလိုက်ပါဦးမယ် ချိုလဲ့"

"ဟုတ်ကဲ့"

ချိုလဲ့ရီကို ရွှန်းလဲ့သော အကြည့်နှင့်ကြည့်ပြီး ထွက်သွားသည်။ ထိုအကြည့်ကြောင့် ချိုလဲ့ရီ ရင်ခုန်သလို ခွဲခွာရမည့်အတွက် ဝမ်းနည်းနေသည်။

❀

ညီဟန်ထွန်းအား ရန်ကုန်ဆေးရုံတင်ပြီး ကုသသည်။ ထပ်မံစစ်ဆေးကြည့်သောအခါ ညီဟန်ထွန်း ပြန်လမ်းလျှောက်နိုင်မည့် အခွင့်အရေးပိုသွားသည်ဆိုတာ သိရပြီး သူငယ်ချင်းနှစ်ယောက်စလုံး ဝမ်းသာနေကြသည်။

"စိတ်ခါတ်မကျပါနဲ့ ညီဟန်၊ မင်း သေသေချာချာ

ကုသမှုကို ခံယူပြီး လေ့ကျင့်ခန်း မှန်မှန်လုပ်ရင် ပြန်ကောင်းမှာပါ"

"အေးပါကွာ လုပ်ပါ့မယ်"

"ချိုသက် တော်တော်ဆိုးတယ်၊ သူ့ကိုလိုအပ်တဲ့အချိန်မှာ ဒီလိုမလုပ်သင့်ဘူး"

"သူ့စိတ်က ကလေးစိတ်ကွ၊ သူ့ကို ငါ ခွင့်လွှတ်နိုင်ပါတယ်၊ ပြီးတော့ ငါတကယ်ချစ်တာ ရှယ်လီပါ၊ သူ့ကြောင့် ငါ သိပ်မခံစားရဘူးဆိုတာကို ယုံပါ"

"အေးလေ မင်းစိတ်ချမ်းသာရင် ပြီးတာပဲ"

"ရှယ်လီ့နေရာမှာ ဘယ်သူ့မှ အစားထိုးလို့ မရဘူးကွာ၊ အချိန်တွေ ဘယ်လောက်ကြာပေမယ့် သူ့ကို မမေ့ဘူး"

"ဟိုက အိမ်ထောင်ကျနေပြီဟာ၊ မင်းက စိတ်မကုန်သေးတော့ ငရဲကြီးလိမ့်မယ်"

"သူ့အပေါ် ငါ ချစ်ရုံသက်သက်ပဲ၊ ပစ်မှားတာမှ မဟုတ်ဘဲ"

"မေ့လိုက်ပါကွာ"

"မေ့ချင်တာပေါ့၊ မေ့လို့မှ မရတာ"

"ကုမ္ပဏီအလုပ်တွေ စိတ်မပူနဲ့ ငါလုပ်မယ်"

"တစ်ပတ်ပြီးရင် ဆေးရုံက ဆင်းရမှာပဲ၊ လမ်းမလျှောက်နိုင်ပေမယ့် ဝီး(လ်)ချဲနဲ့သွားလို့ ရတာပဲ၊ ငါ အလုပ်ပြန်လုပ်နိုင်မှာပါ"

"အင်းလေ မင်းသဘောပါ၊ ဒါပေမဲ့ နေ့တိုင်း လေ့ကျင့်ခန်းတော့ လုပ်ရမှာပေါ့နော်"

"အေးပါ လုပ်မှာပါ"

"ကဲ ဒါကို ငါသွားမယ်၊ စင်ကာပူရုံးကို မင်း အခြေအနေကို အီးမေးလ်ပို့ထားလိုက်"

"အေးပါကွာ"

"ဒါဆို ငါပြန်ပြီ၊ ဘာမှာဦးမလဲ"

"မမှာတော့ပါဘူး"

မိုးဇင်သိန်းက ညီဟန်ထွန်းကို လိုအပ်သမျှ လုပ်ကိုင်ပြီး ရုံးကိုပြန်သည်။ အမြဲတမ်း ရွှင်လန်းတက်ကြွနေသော ညီဟန်ထွန်း ယခုလို ဒုက္ခိတဖြစ်နေသည်ကို စိတ်မချမ်းသာပါ။

❈

ရှယ်လီ အိမ်ထောင်နှင့်ကွဲပြီး အတော်ကြာမှ စင်ကာပူကို ပြန်လာသည်။ ခြောက်လသာ တည်တံ့ခဲ့သော အိမ်ထောင်ရေး

အကြောင်းကို မိုးဇင်သိန်းနှင့် ညီဟန်ထွန်း မသိလိုက်ပါ။

ရှယ်လီက ညီဟန်ထွန်းကို အမှန်တကယ်ချစ်ခဲ့ပြီး မလွှဲရှောင်သာသည့် ကိစ္စတစ်ခုကြောင့် တခြားတစ်ယောက်ကို လက်ထပ်ခဲ့ရသည်။

အချစ်မပါသော အိမ်ထောင်ရေးက ကြာရှည်မခံပါ။ ခြောက်လ မပြည့်ခင်မှာပဲ လင်မယား ကွာရှင်းပြတ်စဲလိုက်ရပါသည်။

စင်ကာပူကိုရောက်ပြီး ညီဟန်ထွန်းရဲ့ သတင်းကိုကြားပြီး အလွန်စိတ်ထိခိုက်သွားသည်။

"ကိုညီက အခုထိ အိမ်ထောင်မပြုသေးဘူးကိုး"

"အခုလို လမ်းမလျှောက်နိုင်ဘဲ ဖြစ်သွားတော့ သူ့ကို အနီးကပ်ပြုစုမယ့်သူ မရှိပါလား"

ရှယ်လီရဲ့ရင်မှာ စိုးရိမ်ပူပန်စိတ်တွေ ကြီးမားပြီး စင်ကာပူကနေ မြန်မာပြည်ကို ထွက်လာသည်။ ရန်ကုန်ရောက်ပြီး မိုးဇင်သိန်းနှင့် လာတွေ့သည်။

"ဟင်... ရှယ်လီ ဘယ်လိုလုပ် ဒီရောက်လာတာလဲ"

မိုးဇင်သိန်းက ရှယ်လီ့ကိုတွေ့ပြီး အလွန် အံ့ဩသွားသည်။

"စင်ကာပူရုံးမှာ ကိုညီဟန်ထွန်းအကြောင်းကြားပြီး စိတ်

ပူလို့ လိုက်လာတာ”

“စိတ်ပူလို့ ဟုတ်လား”

“ရှယ်လီ အိမ်ထောင်ပျက်သွားတာ ကိုမိုးဇင်သိန်း မသိဘူးနော်”

“ဟင့်အင်း... ဘယ်တုန်းကလဲ”

“လက်ထပ်ပြီး ခြောက်လတောင် မကြာဘူး”

“ညီဟန့်အပေါ် ရှယ်လီ အတော်ရက်စက်ခဲ့တာပဲ”

“ကိုညီ့ကို ရှယ်လီ သိပ်ချစ်ပါတယ်၊ မလွဲမရှောင်သာတဲ့ အကြောင်းကြောင့် လက်ထပ်လိုက်ရတာ”

“ဩော်...”

“ကိုညီရော နောက်ထပ်မတွေ့ဘူးလား”

“ဟင့်အင်း၊ ရှယ်လီမှ ရှယ်လီပဲလေ”

ချိုသက်ကြည်ရဲ့အကြောင်းကို မပြောချင်၍ မိုးဇင်သိန်းက ဖုံးကွယ်လိုက်သည်။

“ရှယ်လီ ကိုညီ့ကို တွေ့ချင်တယ်”

“သူ ဆေးရုံမှာပါ”

“ရှယ်လီ့ကို လိုက်ပို့ပေးပါလား ဟင်”

“ရှယ်လီသွားချင်ရင် ပို့ပေးမယ်လေ”

မိုးဇင်သိန်းက ညီဟာန်ထွန်းနှင့် ရှယ်လီ့ကို ဆုံစေချင်သည်။ ညီဟာန်ထွန်းက ရှယ်လီ့ကို ခွင့်လွှတ်နိုင်လျှင် အရာအားလုံး အဆင်ပြေသွားမည် ဖြစ်သည်။

"ညီဟာန်ရေ ဒီ ဘယ်သူလဲ ကြည့်စမ်း"

ညီဟာန်ထွန် ထဲကို ဝင်လိုက်ရင်း သူ့နောက်က ကွယ်လာသော ရှယ ပြုံလိုက်သည်။

"ဟင်... ရှယ်လီ"

ညီဟာန်ထွန်းက ရှယ်လီ့ကိုမြင်ပြီး အံ့သြဝမ်းသာနေသည်မှာ အထင်းသား ပေါ်လွင်နေသည်။

"ကဲ... ရှယ်လီ အေးအေးဆေးဆေး စကားပြောကြနော်၊ ကိုယ် သွားမယ်"

မိုးဇင်သိန်းက နှုတ်ဆက်ပြီး ထွက်လာသည်။ ရှယ်လီနှင့် ညီဟာန်ထွန်းတို့ လွတ်လပ်စွာ စကားပြောခွင့်ရသည်။

❀

ညနေစောင်း မိုးဇင်သိန်းက ညီဟာန်ထွန်းထံသို့ တစ်ခေါက် သွားသည်။ ရွှင်မြူးနေသော ညီဟာန်ထွန်းကို တွေ့ရသည်။

"ဘယ်လိုလဲညီဟာန် မင်းကြည့်ရတာ ပျော်နေတဲ့ ပုံပဲ"

"ဟုတ်တယ် ငါ သိပ်ပျော်တယ်၊ ရှယ်လီက ငါ့ကို ချစ်ရက်နဲ့ မလွဲသာတဲ့ အကြောင်းကြောင့် စွန့်ခဲ့ရတာ"

"ဟုတ်လား"

"အဲ့ဒီအကြောင်းကို ငါ့ကို ပြောပြတယ်၊ ရှယ်လီ့ကို ငါ စိတ်မဆိုးရက်ဘူး"

"ခွင့်လွှတ်နိုင်ပြီပေါ့"

"ဟုတ်တယ်၊ သူ့ကို ငါ သိပ်ချစ်နေဆဲဆိုတော့ ခွင့်လွှတ်နိုင်တယ်၊ ပြီးတော့ သူလဲ ငါ့ကို ချစ်နေဆဲပဲ"

"သူက ပြောလို့လား"

"ပြောတယ်၊ အခုလို ငါဖြစ်ရတာကို သူ ပူပန်ရစေတဲ့၊ ငါလက်ခံမယ်ဆိုရင် ငါ့ကို လက်ထပ်မယ်တဲ့"

"မင်း ဒီလိုအခြေအနေဖြစ်တာကို သူက လက်ထပ်မယ် ဟုတ်လား"

"တစ်သက်လုံး ပြန်လမ်းမလျှောက်နိုင်လဲ အရေးမကြီး ဘူးတဲ့၊ ငါ့အနားမှာ နေရရင် သူ ကျေနပ်ပြီတဲ့"

"အဲ့ဒီတော့ မင်းရဲ့ သဘောကရော"

"သူ့ကို သိပ်ချစ်တဲ့ ငါကလဲ လက်ထပ်ချင်ပါတယ်",

"အေးလေ မင်းတိုနှစ်ဦးနှစ်ဖက် နားလည်မှုရှိရင် ကောင်း

ပါတာပေါ့”

“ဒီတစ်ခါ ငါနဲ့သူ လုံးဝ မကွဲစေရဘူးလို့ သူကပြော
တယ်”

“အေးကွာ အဲဒီလိုဆို မင်းအတွက် ငါ ဝမ်းသာပါတယ်”

❋

# အခန်း (၂၃)

ညီဟန်ထွန်းကို မိုးဇင်သိန်းက တစ်ခေါက်သွားကြည့်သည်။ ညီဟန်ထွန်းကို သွားကြည့်ရင်း ပြင်ဦးလွင်ကို ပြန်မည့်အကြောင်း ပြောသည်။

"မနက်ဖြန် ငါ ပြန်တော့မယ် ညီဟန်၊ မင်း နေလို့ဖြစ်တယ် မဟုတ်လား"

"ဖြစ်ပါတယ်၊ အခုဆို ရှယ်လီက ငါ့အနားမှာ သွားလေရာရာ အဖော်လုပ်ပေးနေတော့ အလုပ်တွေအတွက်လဲ အဆင်ပြေတယ်၊ လကုန်လောက် ငါ စင်ကာပူကိုပြန်မယ်၊ ဟိုမှာ ဆေးကုမယ်"

"ကောင်းပါတယ်၊ ဒီကကိစ္စ ငါ နိုင်နင်းအောင် လုပ်နိုင်ပါတယ်"

"ကျေးဇူးပဲ သူငယ်ချင်းရယ် မင်းက တကယ်အားကိုးရတဲ့ သူပါ"

ထိုနေ့က ညီဟန်ထွန်းအနားတွင် မိုးဇင်သိန်းက အချိန်ကြာကြာနေပေးလိုက်သည်။

နောက်ရက်မှာ လေယာဉ်ဖြင့် မိုးဇင်သိန်း ပြန်ခဲ့သည်။ ပြန်ရောက်ပြီး နောက်တစ်နေ့မှာ ချိုလဲ့ရီတို့အိမ်ကို သွားသည်။

ဧည့်ခန်းထဲမှာ ချိုသက်ကြည်က ရှိနေသည်။ မိုးဇင်သိန်း ရုတ်တရက် ရောက်လာသဖြင့် ရှောင်တိမ်းချိန် မရလိုက်ပါ။

"နေကောင်းလား ချိုသက်"

မိုးဇင်သိန်းက ချိုသက်ကြည်ကို နှုတ်ဆက်လိုက်သဖြင့် ချိုသက်ကြည်က မျက်လုံးချင်းမဆိုင်ဘဲ ဖြေလိုက်သည်။

"ဟုတ်ကဲ့"

ချိုလဲ့ရီက ချိုသက်ကြည်အနေခက်မှုကို ဝင်ကယ်ပေးလိုက်သည်။

"ကိုမိုးဇင်သိန်း ဘယ်တုံးက ပြန်ရောက်လဲ"

"မနေ့ကပါ"

"ကိုညီဟန်ထွန်း သက်သာရဲ့လား"

"သက်သာပါတယ်၊ စင်ကာပူမှာသွားပြီး ဆက်ကုမယ်၊ လမ်းပြန်လျှောက်နိုင်မယ့် အခြေအနေ ရှိပါတယ်"

"ဟုတ်လား... ပြန်လမ်းလျှောက်နိုင်မယ်ဆို ဝမ်းသာပါတယ်"

"အခု ရှယ်လီက သူ့အနား ပြန်ရောက်နေပြီ"

"ဟုတ်လား၊ ရှယ်လီက အိမ်ထောင်ကျနေတာ မဟုတ်လား"

"သူ အိမ်ထောင်နဲ့ကွဲသွားတာ ကြာပြီ၊ အခု သူတို့နှစ်ယောက် ပြန်ပေါင်းထုတ်ပြီး သိပ်ကို ပျော်ရွှင်နေကြတယ်"

"ဟုတ်လား... ဝမ်းသာလိုက်တာ၊ ဒီလို သူ့အနားမှာ ပြုစုသူတစ်ယောက်ရှိတာ ဝမ်းသာစရာပါ"

မိုးဇင်သိန်းက ခဏသာနေပြီး နှုတ်ဆက်ပြန်သွားသည်။ ချိုသက်ကြည်က ဘယ်အချိန်က ဧည့်ခန်းထဲက လစ်သွားသည် မသိပါ။ မိုးဇင်သိန်း ခြံဝရောက်တော့ သူက ခြံဝမှာ ရပ်စောင့်နေသည်။

"အစ်ကိုမိုးဇင် ခဏလောက် နေပါဦး"

လမ်းလျှောက်လာသော မိုးဇင်သိန်းကို လှမ်းတားလိုက်သည်။

"ဘာပြောချင်လို့လဲ ချိုသက်"

"အစ်ကိုညီဟန် တကယ်ပျော်ရဲ့လားဟင်"

"ပျော်ပါတယ်"

"မမရှယ်လီနဲ့ လက်ထပ်မှာပေါ့နော်"

"ဟုတ်တယ်၊ ဘာလဲ ချိုသက် ဝမ်းနည်းနေလို့လား"

မိုးဇင်သိန်းက တမင်သက်သက် ပြောလိုက်သည်။

"ချိုသက် အစ်ကိုညီဟန့်အပေါ် အရမ်းကို ရက်စက်ခဲ့တယ်၊ အဲ့ဒီအတွက် သူ စိတ်ဆိုးနေလား ဟင်"

"မင်းကို သူ ခွင့်လွှတ်နိုင်ပါတယ်"

"ဟုတ်လား၊ ချိုသက်ကို တကယ်ခွင့်လွှတ်ရဲ့လား ဟင်"

"ခွင့်လွှတ်တယ်တဲ့"

"ချိုသက်က သူ့ခွင့်လွှတ်ခြင်းနဲ့ မထိုက်တန်ဘူးနော်"

"ပြီးခဲ့တာတွေ မေ့လိုက်ပါကွယ်"

"အစ်ကိုမိုးဇင်ရော ချိုသက်ကို မုန်းနေလားဟင်"

"လူဆိုတာ တစ်ကြိမ်တစ်ခါ မှားတတ်တယ်ဆိုတာ ကိုယ် သဘောပေါက်ပါတယ်"

"ချိုသက်လေ နောင်ကို လူတစ်ယောက်ကို တကယ် မချစ်နိုင်ဘဲ လက်ထပ်ဖို့ မစဉ်းစားတော့ပါဘူး"

"အချစ်အကြောင်းကိုသိဖို့ ချိုသက် သိပ်ငယ်သေးတယ်"

မိုးဇင်သိန်းက ညာတာစွာပြောပြီး ထွက်ခွာသွားသည်။

"ချိုသက် ဘယ်အရာမဆို ပေါ့ပေါ့လေး မတွေးတော့ ပါဘူး"

နောင်တရခြင်းနှင့်အတူ ချိုသက်ကြည်က ဝန်ခံပြောလိုက် သည်။

❀

မိုးဇင်သိန်းက ပြန်ရောက်ပြီး အလုပ်တွေနှင့် ပိနေသဖြင့် ချိုလဲ့ရီကို သတိရသော်လည်း မသွားဖြစ်ခဲ့ပါ။ ချိုလဲ့ရီနှင့် နှစ် ယောက်တည်း တွေ့နိုင်မည့်အချိန်ကိုရွေးပြီး သွားတွေ့ရန် စိတ်ကူး သည်။

တစ်ရက်သော နံနက် ချိုလဲ့ရီ ပန်းခင်းထဲမှာ ရှိမည်ဆို

တာသိ၍ ထွက်လာခဲ့သည်။ ထင်သည့်အတိုင်း ချိုလှဲ့ရီက ပန်းမျိုးစေ့တွေကို ဦးရန်နှင့်အတူ ကျဲနေသည်။

တစ်ယောက်တစ်ခင်းဆီမှာမို့ ချိုလှဲ့ရီကို နှစ်ယောက်တည်း စကားပြောရန် အခွင့်သာနေသည်။ ချိုလှဲ့ရီ ပန်းကျဲနေသော အခင်းထဲကို မိုးဇင်သိန်းက ဝင်လာသည်။

"ဟော ကိုမိုးဇင်သိန်း စောစောစီးစီးပါလား၊ ဘာကိစ္စရှိလို့လဲ"

"ချိုလှဲ့နဲ့ အေးအေးဆေးဆေး စကားပြောချင်လို့"

"ဒါဆို လာလေ ဟိုတဲထဲ သွားပြောကြမယ်"

ညီဟန်ထွန်းနှင့် ပတ်သက်ပြီး ပြောစရာရှိသည်ထင်၍ ချိုလှဲ့ရီက တဲထဲအတွင်းသို့ ခေါ်သွားသည်။

"ထိုင်ပါဦး၊ ဒီမှာတော့ အကြမ်းရေပဲ ဧည့်ခံစရာရှိတယ်"

"ရပါတယ် ချိုလှဲ့"

"ကဲ ဘာပြောစရာရှိလဲ ပြောလေ"

မိုးဇင်သိန်းက သူ့မျက်နှာကို စူးနစ်စွာ ကြည့်နေသည့်အတွက် ချိုလှဲ့ရီက ရင်ခုန်သွားသည်။

"ချိုလှဲ့ကို ကိုယ် သိပ်ချစ်တယ်"

"ရှင်"

ရုတ်တရက် ပြောချလိုက်သဖြင့် ချို့လဲ့ရီက တအံ့တသြ ဖြစ်ပြီး မျက်နှာလေး ရဲသွားသည်။

"ဟုတ်တယ် ချို့လဲ့ မြင်မြင်ချင်းကတည်းက ချစ်ခဲ့တာ၊ ဟိုး လွန်ခဲ့တဲ့ ငါးနှစ်တုန်းကတည်းက ချစ်ခဲ့တဲ့အချစ်ကို ညီဟန်ကြောင့် မျိုသိပ်ခဲ့ရတယ်"

မိုးဇင်သိန်းရဲ့ စကားကို ချို့လဲ့ရီက ထပ်မံအံ့သြရပြန်သည်။

"ဟိုး လွန်ခဲ့တဲ့ ငါးနှစ်က ဟုတ်လား၊ ကိုမိုးဇင်သိန်းကို ကျွန်မ အဲ့ဒီတုန်းက မသိခဲ့ပါဘူး"

"ဟုတ်ပါတယ် ချို့လဲ့က ကိုယ့်ကို မသိပေမယ့် ကိုယ်က ချို့လဲ့ကို မြင်ဖူးပြီး မြင်မြင်ချင်း ချစ်မိတယ်...

"အဲ့ဒီအချစ်က ညီဟန်ကြောင့် မြိုသိပ်ခဲ့ပြီး ချို့လဲ့နဲ့ ဝေးကဲ့ရပြန်တယ်...

"အခု ညီဟန်ပြန်ရောက်လာတော့ ချို့လဲ့နဲ့ ပြန်ပြေလည်မလားဆိုပြီး စိတ်မောမောနဲ့ စောင့်စားခဲ့ရတယ်...

"အခု ချို့လဲ့ ညီဟန့်အပေါ်မှာ စိတ်ပြတ်ခဲ့တာသိရလို့ ထပ်အဝေးမခံနိုင်တော့ဘူး ချို့လဲ့ရယ်...

နှစ်ပေါင်းများစွာ မျိုသိပ်ထားရတဲ့ ကိုယ့်အချစ်ကို အခု ချိုလှဲ့ရှေ့မှာ ဖွင့်ချဝန်ခံလိုက်ပါပြီ”

ချိုလှဲ့ကို စူးစိုက်စွာ ကြည့်ပြောရင်း ချိုလှဲ့ရဲ့ လက်ကလေးကို ဖျတ်ခနဲ ဆုပ်ကိုင်လိုက်သည်။

ချိုလှဲ့ရင်ထဲမှာ ဖျတ်ဖျတ်ခါအောင် လှုပ်ယမ်းသွားပါတော့သည်။

“ချိုလှဲ့ရယ် ကိုယ့်အချစ်ကို လက်ခံပါနော်”

“ဟို ချိုလှဲ့ စဉ်းစားပါရစေဦး”

“ဘယ်လောက်ကြာကြာ စဉ်းစားမှာလဲ ဟင်”

“မကြာပါဘူး ကိုမိုးဇင်သိန်းရယ်၊ ညနေ ငါးနာရီ ဒီနေရာကို ပြန်လာခဲ့နော်၊ ချိုလှဲ့ အဖြေပေးမယ်”

“ကောင်းပါပြီ ချိုလှဲ့”

“အခု ပြန်တော့နော်”

“ညနေ ဆက်ဆက်လာခဲ့မယ်”

မိုးဇင်သိန်းက ရွှန်းလဲ့သော အကြည့်နှင့်ကြည့်ပြီး နှုတ်ဆက်ထွက်ခွာသွားသည်။

မိုးဇင်သိန်းကို ဖြေစရာ အဖြေက ရင်ထဲမှာ အသင့် ရှိပြီး

သားမို့ ညနေကျလျှင် အဖြေပေးလိုက်ပါတော့မည်။ ပန်းမျိုးစေ့တွေ ကျဲနေရာမှာ စိတ်မပါနိုင်လောက်အောင် ချိုလဲ့ရီ စိတ်လှုပ်ရှားနေသည်။

နံနက်စောစော ထမင်းစားပြီး အိမ်မှာပဲ နားနေလိုက်သည်။ ညနေ ရေမိုးချိုးပြီး မိခင်ပေးခဲ့သော ရတနာ သေတ္တာလေးကို ယူပြီး မိုးဇင်သိန်းနှင့် ချိန်းထားသော နေရာဆီသို့ ထွက်ခဲ့သည်။

သူရောက်ပြီး မကြာခင်မှာ မိုးဇင်သိန်းက ရောက်လာသည်။ နှစ်ဦးစလုံး ချိန်းထားသောအချိန်ထက် စောနေသည်။

တဲလေးအတွင်းမှာ ဆုံမိကြသည်။ ဦးရန်က စိုက်ခင်းထဲမှာမို့ အေးအေးဆေးဆေး စကားပြောခွင့်ရသည်။

"ချိုလဲ့ ကိုယ့်ကို အဖြေပေတော့လေ"

"ဒါလေးကို ဖွင့်ကြည့်လိုက်ပါဦး"

မိုးဇင်သိန်းအား ရတနာ သေတ္တာလေးကို ပေးလိုက်သည်။ မိုးဇင်သိန်းက ဖွင့်ကြည့်လိုက်သည်။

"ဟင်... အထဲမှာ ဒီဒဂ်ါးပြားလေးပဲ ရှိပါလား"

"ဟုတ်တယ် အဲ့ဒါ အဖြေလေ"

"ဘာအဓိပ္ပာယ်လဲဟင်၊ ကိုယ်နားမလည်ဘူး"

"အဲ့ဒါ ကိုမိုးဇင်သိန်း ချိုလှဲ့နဲ့ ပထမဦးဆုံး တွေ့တဲ့နေ့က ပေးတာလေ၊ ချိုလှဲ့လက်ထဲကို ဒီ ဒင်္ဂါးပြားထည့်လိုက်ပြီး မိုတယ်ကို ဝယ်တာလေ"

"အဲ့ဒါ ချိုလှဲ့ကို တမင် ကျီစားတာပါ"

"ဟုတ်ပါတယ်၊ အဲဒီ ဒင်္ဂါးလေး ချိုလှဲ့လက်ထဲကို ရောက်လာချိန်မှာပဲ ကိုမိုးဇင်ကလဲ ချိုလှဲ့ရဲ့ နှလုံးသားထဲကို ရောက်သွားတာပါ"

"ဟင်... ဟုတ်လား"

မိုးဇင်သိန်းက အလွန်ဝမ်းသာသွားပြီး ချိုလှဲ့ရီကို လှမ်းဖက်လိုက်သည်။

"ကျေးဇူးတင်လိုက်တာ ချိုလှဲ့ရယ်၊ ချိုလှဲ့ကို သိပ်ချစ်တယ်၊ ဒီတစ်ခါတော့ မဝေးရတော့ဘူးပေါ့နော်"

"ဘယ်တော့မှ မဝေးရတော့ပါဘူး ကိုကိုရယ်"

"ချိုလှဲ့ရယ်၊ ကိုကို့အချစ်ဆုံး ချိုလှဲ့လေးရယ်"

❋

ထာဝရ လေးစာချစ်ခင်လျက်

မိုဇာလျှန်းဝေ